

ဘုန်းကြွယ်
ဆန်းပြားထွေလာ
သိုင်းမြေမဟာ
ဒုတိယပိုင်း
ဇာတ်သိမ်း

ဘုန်းကြွယ်

# ဆန်းပြားထွေလာသိုင်းမြေမဟာ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

ရိုးတက်ငွေး

## ရှာပုံတော်ခရီး

ထိုင်စန်းတောင်...

ထိုင်စန်းတောင်သည် အလွန်ကြီးမားသော တောင်ကြီးတစ်လုံး ဖြစ်သည်။

တောင်ထိပ်ပေါင်း နှစ်ဆယ်ကျော် ရှိလေသည်။

ယခု...

ကျောက်ဖေးသည် ထိုင်စန်းတောင်ပေါ်သို့ ရောက်ရှိလာသည်။

သူသည် ဖန်ကျင်း၏ဆရာ မာယွင်အား လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

သို့သော် ကျောက်ဖေးသည် တောင်ထိပ်နှစ်ဆယ်ကျော်၌ မည်သည့်တောင်ထိပ်တွင် မာယွင်ရှိကြောင်း မသိပေ။

ကျောက်ဖေးမှာ စိတ်ပျက်အားလျော့ခြင်း မရှိခဲ့ပါချေ။

တောင်ထိပ်အားလုံးပေါ် တက်ရောက် ရှာဖွေရန် ဆုံးဖြတ်ထားသည်။

မည်မျှ ခက်ခဲကြမ်းတမ်းသော ခရီးဖြစ်စေကာမူ မာယွင်ကို တွေ့ရှိအောင် ရှာဖွေမည်ဟု ကျောက်ဖေး သန္နိဋ္ဌာန် ချထား၏။

ယင်းသို့ဖြင့် ကျောက်ဖေးသည် ဒုတိယမြောက် တောင်ထိပ်သို့ ဦးတည်တက်လာခဲ့သည်။

ပထမ တောင်ထိပ်နှစ်ခုကို တက်ရောက် ရှာဖွေစဉ်က လူရိပ်လူရောင်ကိုပင် မမြင်တွေ့ရချေ။

ထို့ကြောင့် တတိယ တောင်ထိပ်သို့ တက်လာခဲ့ခြင်း ဖြစ်၏။

တောင်ထိပ်တိုင်းသည် သစ်ပင်ချုံနွယ်ဖြင့် ဖိတ်ဖုံးလျက်ရှိသည်။

လမ်းဟူ၍ မည်မည်ရရ မရှိချေ။

စိတ်မှန်းဖြင့်သာ ခရီးဆက်ရသည်။

ကျောက်ဖေးသည် စိတ်ပျက်လက်လျော့ခြင်း မရှိဘဲ တတိယ တောင်ထိပ်ပေါ် တက်လာခဲ့၏။

အတော်အတန် တက်မိသည့်အခါ ကျောက်စွယ်ကျောက်သားတို့ဖြင့် ပြွမ်းတီးသည့် နေရာတစ်ခုသို့ ရောက်ရှိလာလေသည်။



ကျောက်စွယ်ကျောက်သားများကြားမှ သစ်ပင်ချုံနွယ်များက ထပ်မံအုံ့ဆိုင်းထားပြန်ရာ ကျောက်ဖေးမှာ ခက်ခက်ခဲခဲပင် တောင်ပေါ် တက်နေရသည်။

အတန်ကြာသော် ခပ်ဝေးဝေးမှ ပလွေမှုတ်သံသဲ့သဲ့ကို ကြားရသည်။

ပလွေသံ တေးသွားကို နားစွင့်လိုက်ရာ ချည့်ကြိုးတေးတစ်ပုဒ်ကို မှုတ်သီနေကြောင်း သိရ၏။

ကျောက်ဖေးမှာ အနည်းငယ် အားတက်သွားသည်။

ပလွေသံ ထွက်ပေါ်လာရာဆီသို့ မှန်းဆ၍ လျှောက်သွားလေသည်။

ပလွေသံနှင့် တစ်စထက်တစ်စ နီးလာ၏။

ယင်းအခိုက်မှာပင် ပလွေသံသည် ရုတ်တရက် တိတ်ဆိတ်ပျောက်ကွယ်သွားသည်။

ကျောက်ဖေးသည်လည်း လှမ်းနေသော ခြေအစုံကို တန့်နေ ရပ်လိုက်မိသည်။

ထို့နောက် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့၍ အကဲခတ်လိုက်၏။

ခဏအကြာတွင် အသက်နှစ်ဆယ့်ရှစ်နှစ်ခန့် ရှိသော လူရွယ်တစ်ဦးသည် ကျောက်တုံးအကွယ် ချုံကြားတစ်ခုမှ ထိုးထွက်လာသည်။

အဆိုပါ လူရွယ်သည် ကျောက်ဖေးအနီး လျှောက်လာပြီး လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်လေသည်။

"ကျွန်တော့်နာမည် ဝမ်းစုပါ၊ ဆရာကြီးမာယွင်ရဲ့ ပထမ တပည့်ကြီးပါ"

ယင်းအခိုက်တွင် သိမ်းငှက်ကြီးတစ်ကောင်သည် ဝမ်းစု အနီးသို့ ရောက်ရှိလာသည်။

ဝမ်းစုက လက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ သိမ်းငှက်ကြီးသည် အသံတစ်ချက်ပေးကာ ပြန် လည်ထွက်ခွာသွားလေသည်။

"ဒီသိမ်းငှက်ကြီးက ကျွန်တော်မွေးထားတာလေ၊ သေသေ ချာချာလဲ လေ့ကျင့်ပေးထားပါတယ်၊ ဦးရောက်လာတဲ့ အကြောင်းကို သူပဲ လာအကြောင်းကြားလို့ သိရတာပါ၊ ဒါကြောင့် ဦးအနေနဲ့ လမ်း မမှားအောင် ကျွန်တော် ပလွေသံပေးခဲ့တာပါ"

ဝမ်းစုက ကျောက်ဖေးကို ရှင်းလင်းပြောကြားလိုက်သည်။

ကျောက်ဖေးက ခေါင်းညိတ်လိုက်၏။

ထို့နောက် လာရင်းကိစ္စကို ပြောရန် စကားစလိုက်သည်။

"ဒါနဲ့ မင်းတို့ဆရာ.."

ကျောက်ဖေးက စကားစရုံသာ ရှိသေးသည်။

ဝမ်းစုက လက်ကာပြလိုက်သည်။

ကျောက်ဖေးမှာ စကားတန်းလန်းနှင့် ရပ်သွားသည်။



ကြောင်အမ်းအမ်းဖြင့် ဝမ်းစုကို ငေးကြည့်မိသည်။

ဝမ်းစုက စာတစ်စောင် ထုတ်ပေးသည်။

ကျောက်ဖေးသည် စာကို လှမ်းယူ၍ ဖတ်ကြည့်လိုက်၏။

"ဖန်ကျင်းကို တောင်ပေါ်က ဆင်းခိုင်းလိုက်ကတည်းက ခုလို အန္တရာယ်နဲ့ တွေ့မယ်ဆိုတာ ကြိုတင်သိပြီးသားပါ၊ ခုလော လောဆယ်မှာ ဖန်ကျင်းဟာ ကမ်းစပ်တစ်လျှောက်မှာပဲ ရှိနေလိမ့် မယ်၊ နောင်သုံးနှစ်ကြာတဲ့အခါ တောင်ဝါတောင်မှာ ပြန်ပြီး ဆုံကြ တာပေါ့"

စာတွင် ရေးသားထားသည်မှာ ဤမျှသာ ဖြစ်၏။

ကျောက်ဖေးမှာ အတော်ပင် အံ့အားသင့်သွားရသည်။

မာယွင်သည် မိမိရောက်လာသည့် အကြောင်းနှင့် ဖန် ကျင်း၏အကြောင်းကို ကြိုတင်သိရှိနေခြင်းကြောင့် ဖြစ်၏။

မာယွင်တွင် သွက်လက်လျင်မြန်သော အထောက်တော် ရှိနေကြောင်း ကျောက်ဖေး နားလည်လိုက်လေသည်။

ဝမ်းစုက...

"ကျွန်တော်တို့ ဆရာကတော့ ဂူအောင်းပြီး အတွင်းအား လေ့ကျင့်နေတာမို့ ထွက်မတွေ့နိုင်တာကို ခွင့်လွှတ်ပါ"

ဟုပြောပြီးနောက် လှစ်ခနဲ ပြန်လည်ထွက်ခွာသွားလေ သည်။

ကျောက်ဖေးလည်း ထိုင်စန်းတောင်မှ ပြန်လည်ထွက်ခွာခဲ့

သည်။ ဖန်ကျင်းကို ရှာဖွေရန် မြစ်ကမ်းစပ်ဘက်သို့ ဦးတည်ထွက်ခွာခဲ့လေတော့၏။

♠ ♠ ♠

ဟန်ကျိုးမြို့….။

ဟန်ကျိုးမြို့ အဝင်ဝတံခါးလေးတစ်ခု အနီးတွင် အရက်ဆိုင်ဘစ်ဆိုင် ရှိသည်။

အရက်ဆိုင်၏ ပြတင်းပေါက်နားရှိ စားပွဲတွင် လူငယ်နှစ်ယောက် ထိုင်လျက် ရှိသည်။

တစ်ယောက်မှာ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိပြီး ကျန်တစ်ယောက်မှာ ဆယ့်ခုနစ်နှစ်ခန့် ရှိလေသည်။

သူတို့နှစ်ယောက်သည် အရက်တစ်အိုး မှာယင်း စကားပြောဆိုလျက်ရှိသည်။

အသက်ဆယ့်ရှစ်နှစ်ခန့် ရှိသော လူငယ်သည် ရုပ်ရည်ချောမောပြီး စာပေသမားအသွင်ရှိ၏။

သူ၏မျက်နှာသည် တစ်စုံတစ်ခုအတွက် စိတ်ညစ်ညူးနေဟန် ရှိသည်။

စာပေသမားသည် ဆိုင်တစ်ဘက်ရှိ ကန်ရေပြင်ကို ငေးကြည့်နေ၏။



မြစ်ရေပြင်ပေါ်တွင် မြူနှင်းများ ဝေဆိုင်းနေလေသည်။

ထိုစဉ်…

မြစ်ရေပြင်ကို ထိုးခွဲ၍ လှေငယ်တစ်စင်း ရိပ်ခနဲရိပ်ခနဲ လှော်ခတ်လာ၏။

လှေငယ်ပေါ်တွင် အဝါရောင်ဝတ်စုံဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦးနှင့် မိန်းကလေးတစ်ယောက် လိုက်ပါလာသည်။

မိန်းကလေးက ရှေ့မှ လှော်တက်တစ်ချောင်းကိုင်၍ လှော်သည်။

လှေ၏ပဲ့ပိုင်း၌ အဘိုးအိုက လှေကို ထိန်း၍ လှော်ခတ်လာသည်။

လှေငယ်သည် မြားတစ်စင်းပမာ ရေပြင်ပေါ်၌ ပြေးလျက်ရှိသည်။ လှေငယ်သည် အရက်ဆိုင်ဆီသို့ ဦးတည်လာသည်။

အရက်ဆိုင်ရှိရာ ကမ်းစပ်ပေါ်၌ ထိုးဆိုက်လိုက်၏။

ထို့နောက် အဘိုးအိုနှင့် မိန်းကလေးသည် အရက်ဆိုင်ထဲသို့ လှမ်းဝင်လာကြလေသည်။

သူတို့နှစ်ယောက်သည် စာပေသမားလူငယ် ရှိရာ စားပွဲနှင့် တစ်ခုံခြားတွင် ဝင်ရောက်ထိုင်လိုက်ကြသည်။

ပြီးနောက် အရက်နှင့် စားစရာများ မှာယူလိုက်ကြ၏။

သူတို့မှာသည့်အရက်ကလည်း တော်ရုံတန်ရုံ မဟုတ်ပါချေ။

အိုးကြီးလေးလုံး ဖြစ်သည်။

သူတို့ စားပွဲပေါ်၌ အရက်လေးအိုး လာချသည်ကို မြင်လိုက်ရသောအခါ စာပေသမားမှာ အတော်ပင် အံ့သြသွားရသည်။

စာပေသမားက မိန်းကလေးကို လှမ်း၍ အကဲခတ်လိုက်မိသည်။

မိန်းကလေး၏မျက်လုံးများက စူးရှတောက်ပလှသည်။

ဤမျက်လုံးများက သာမန်မိန်းကလေးတစ်ဦး မဟုတ်ကြောင်း သိသာထင်ရှားစေသည်။

သူတို့ အသွင်အပြင်ကား သိမ်မွေ့၏။

အဖြူရောင်သိုင်းသမားများ ဖြစ်မည်ဟု စာပေသမားက အကဲခတ်လိုက်မိသည်။

စာပေသမားလူငယ်သည် ဆိုင်အပြင်ဘက် လမ်းမဘက်သို့ မျှော်ငေးကြည့်လိုက်၏။

ပြီးနောက် သူ့ရှေ့ရှိ လူငယ်ကို လှမ်းပြောလိုက်သည်။

"အင်း ချိန်းထားတဲ့ရက်က နက်ဖြန်ဆိုပြည့်ပြီ၊ အစ်ကိုကြီးလဲ အကူအညီပေးမယ့်လူ သွားရှာတာ ခုထိပေါ်မလာသေးဘူး"

စာပေသမားရှေ့သို့ လူငယ်က သည်းမခံနိုင်သော အမူအရာဖြင့် စာပေသမားကို စိုက်ကြည့်လိုက်သည်။

"ကျွန်တော်သာ အစ်ကိုလေး နေရာမှာဆိုယင် ယိရောင်ဆိုတဲ့ မိန်းကလေးကို ဖြစ်တဲ့နည်းနဲ့ သွားပြန်လုမယ်၊ ခုဆိုယင်



ကျွန်တော့်မှာ ဆရာအသစ်တစ်ယောက် ရထားပြီ၊ သူက သိုင်းပညာသင်ပေးရုံတင်မကဘူး အကူအညီလဲ ပေးတယ်"

စာပေသမားက လူငယ်ကို အံ့သြဟန်ဖြင့် လှမ်းကြည့်သည်။ သူ၏သွေးသောက်ညီလေးက ဆရာသစ်တစ်ယောက် ထပ်မံတွေ့ထားသည်ဆိုသဖြင့် အံ့အားသင့်သွားခြင်း ဖြစ်သည်။

လူငယ်လေးက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချဟန်ဖြင့် စကားဆက်လိုက်သည်။

"ချိုကောက်တို့ဘက်ကလူ ဘယ်လောက်များများ အစ်ကိုလေးက ချိုကောက်တစ်ယောက်တည်းကိုသာ ရင်ဆိုင်ဖို့ လိုတယ်၊ ကျန်တဲ့ကိစ္စ ကျွန်တော်ကြည့်ရှင်းသွားမယ်၊ ဒါကြောင့် အစ်ကိုကြီးကို သိပ်မျှော်မနေပါနဲ့၊ ကျွန်တော်တို့နှစ်ယောက်ထဲနဲ့လဲ ဖြစ်နိုင်ပါတယ်"

စာပေသမားက သူ၏သွေးသောက် အစ်ကိုကြီး ရောက်မလာသေးသောကြောင့် စိတ်ပူပန်နေသည်ကို လူငယ်လေးက အားပေးစကား ပြောကြားလိုက်ခြင်း ဖြစ်ပေသည်။

စာပေသမားသည် လူငယ်လေး၏စကားကို အနည်းငယ် စိတ်ဝင်စားသွား၏။

"ဒါနဲ့ မင်းကို သိုင်းပညာသင်ပေးနေတဲ့ ဆရာက ဘယ်သူလဲကွ"

လူငယ်လေးက စာပေသမားကို အသာအယာ ပြုံးပြလိုက်သည်။

"ဆရာက သူ့နာမည်ကို ပြောမပြဘူးတဲ့"

စာပေသမား မျက်မှောင်ကြုတ်လိုက်သည်။

"နေပါဦး၊ မင်း ဘယ်တုန်းက သူ့ကို ဆရာတင်လိုက်တာလဲ"

"မနေ့ညကပဲ သူလဲ ဟိုဘက်စားပွဲက အဘိုးကြီးလို အရက်သိပ်သောက်တဲ့ အဘိုးကြီးဗျ"

စာပေသမားသည် သူတို့နှင့် တစ်ခုံခြား စားပွဲမှ အဘိုးအိုကို လှမ်းကြည့်လိုက်၏။

အဘိုးအိုရှေ့မှ မိန်းကလေးက အဘိုးအိုအတွက် အရက်ငှဲ့ပေးနေသည်ကို တွေ့ရသည်။

သူတို့နှစ်ယောက်ကို ကြည့်ယင်း စာပေသမားသည် သူတို့နှင့် မိတ်ဆွေ ဖြစ်လိုသော ဆန္ဒများ ပေါ်လာ၏။

ထို့ကြောင့် ရုတ်ခြည်းပင် ထ၍ အဘိုးအိုထံ လျှောက်သွားလေသည်။

"ကျွန်တော့်နာမည် တုယင်းပါ၊ ဟိုမှာ ထိုင်နေတာ ကျွန်တော့်ရဲ့ သွေးသောက်ညီလေးပါ၊ ဒီက မိန်းကလေးကော နာမည်ဘယ်လိုခေါ်ပါသလဲ၊ အဘရဲ့နာမည်လဲ တဆိတ်လောက် သိပါရစေ"

တုယင်းအမည်ရှိ စာပေသမားသည် အဘိုးအိုအား လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်ယင်း မိတ်ဆက်သည်။

အဘိုးအိုက မျက်လုံးတစ်ချက် လှန်၍ တုယင်းကို ကြည့်



လိုက်သည်။

"မင်း သူများနာမည် မေးမနေနဲ့၊ မင်းစိတ်ဆန္ဒရှိယင် ဒီဘက် စားပွဲကူးလာခဲ့"

အဘိုးအိုကား စကားနည်း၍ ဘွင်းဘွင်းသမားကြီးတစ်ယောက် ဖြစ်ကြောင်း တုယင်း နားလည်လိုက်သည်။

သူ၏သွေးသောက် ညီငယ်နှင့်အတူ အဘိုးအိုတို့ ရှိရာ စားပွဲသို့ ကူးလာခဲ့သည်။

ထိုစဉ် ဆိုင်ပေါက်ဝမှ ခြေသံပြင်းပြင်း ကြားသဖြင့် သူတို့ လှည့်ကြည့်လိုက်မိကြသည်။

အဘိုးအိုနှစ်ဦး ဆိုင်ထဲ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

အဘိုးအိုတစ်ဦးသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ညာဘက်လက်တွင် သံပုတီးတစ်ကုံးကို ရစ်ပတ်ထားလေသည်။

ကျန်အဘိုးအိုတစ်ဦးမှာ သစ်ခေါက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ထိုအဘိုးအို၏မျက်လုံးများသည် ကြွက်မျက်လုံးနှင့် တူ၏။

သူတို့နှစ်ဦးကို မြင်သည်နှင့် လူကောင်းများ မဟုတ်နိုင်ကြောင်း သိရှိနိုင်ပေသည်။

ထိုလူနှစ်ဦးသည် မည်သူ့ကိုမျှ အရေးမလုပ်ဟန်ဖြင့် စားပွဲတစ်လုံး၌ ဆောင့်ကြွားကြွား ဝင်ထိုင်လိုက်၏။

ဆိုင်လုလင်တစ်ဦးက သူတို့အနီး ပျာပျာသလဲ ရောက်ရှိလာသည်။

"ဘာများ သုံးဆောင်လိုကြပါသလဲ ခင်ဗျာ"

အဘိုးအိုနှစ်ဦးက ဆိုင်လုလင်ကို ခက်ထန်စွာ ကြည့်လိုက်လေသည်။

"ဟေ့ ဘာမှ မေးမနေနဲ့၊ မင်းတို့ဆိုင်မှာ ရှိတဲ့ အကောင်းဆုံး အစားအစာယူခဲ့"

ဆိုင်လုလင်သည် ခပ်ကုပ်ကုပ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် အကောင်းဆုံး အရက်တစ်အိုးနှင့် စားသောက်ဖွယ်အချို့ကို ယူလာသည်။

မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုက သံပုတီးဖြင့် စားပွဲကို ထုခေါက်လိုက်သည်။

တချွမ်းချွမ်း တဂွမ်းဂွမ်း အသံများ ညံစီသွားလေသည်။

"ဟေ့ကောင် သွားစမ်း၊ အရက်ဆယ်အိုး ယူလာခဲ့၊ ရှိသမျှ မြည်းစရာလဲ အကုန်ယူလာ"

ဆိုင်လုလင်မှာ တုန်တုန်ယင်ယင်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။



သူတို့အား အကဲခတ်နေသည့် တုယင်းက သူ၏သွေးသောက်ညီ ဖြစ်သည့် တုယိကို အသာအယာ လတ်ကုတ်ပြောလိုက်သည်။

"ဒီလူတွေ ကြည့်ရတာ တို့ရန်သူ ချိုကောက်ကို အကူအညီပေးဖို့ ရောက်လာတဲ့လူတွေ ထင်တယ်၊ ဒီလူတွေနဲ့ ပြဿနာ မဖြစ်စေနဲ့ ကြားလား"

ထိုစကားကို ကြားလိုက်ရသည့်အခါ တုယိမှာ ခံပြင်းသွားရသည်။

"အစ်ကိုလေးကလဲ သတ္တိနည်းလှချည်လား"

အားမလိုအားမရ လေသံဖြင့် တုယင်းအား ပြောလိုက်လေသည်။

သူတို့ စားပွဲဝိုင်းမှ အဝါရောင်ဝတ်စုံနှင့်အဘိုးအိုက တုယိကို သဘောကျသွားဟန်ဖြင့် ပြုံးပြလိုက်သည်။

ဤတွင်...

တုယိက တုယင်း၏စကားကို ဂရုမစိုက်နိုင်တော့ဘဲ အသံကျယ်ကျယ်ဖြင့် ပြက်ရယ်ပြု စကားဆိုလိုက်သည်။

"ဘယ်က တောသားကြီးနှစ်ယောက်လဲ မသိဘူး၊ စကားအပြောအဆိုက တယ်ရိုင်းသကိုး"

အဘိုးအိုနှစ်ယောက်၏မောက်မာမှုကို ကြည့်မရသော တုယိက တမင်သက်သက်ပင် စောင်းချိတ်ရန်စလိုက်သည်။

သူ၏စကားကို ကြားလိုက်ရသောအခါ မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုသည် ဝုန်းကနဲ ဒေါသထွက်သွားသည်။

ထိုင်ရာမှ ဆတ်ကနဲထကာ...

"ဟေ့ ဘယ်သူလဲကွ၊ ငါတို့ကို ပြောတာ"

သူ၏စကား အဆုံးမှာပင် ဝက်နံရိုးတစ်ချောင်းသည် သူတို့၏ စားပွဲပေါ် ဒေါက်ခနဲ ကျလာလေသည်။

မီးခိုးရောင်ဝတ်စုံနှင့်အဘိုးအိုမှာ ဒေါသတကြီး ဖြစ်သွားရသည်။

ကိုယ်ဖော့ပညာ ကောင်းမွန်လှချေသည်တကား။

တုယင်းတို့နှစ်ယောက်မှာ တအံ့တသြဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြတော့သည်။

♠ ♠ ♠



သိုင်းလောကတွင် အဖြူရောင်သွေးသောက်ညီနောင်သုံးဦးသည် အသင့်အတင့် နာမည်ရှိသူများ ဖြစ်ကြသည်။

အဆိုပါ သုံးဦးမှာ တုစု၊ တုယင်းနှင့် တုယိတို့ပင် ဖြစ်ကြသည်။

သူတို့သည် ချမ်းသာကြွယ်ဝသူများ ဖြစ်ပြီး ဒုက္ခရောက်သူမှန်သမျှကို ကူညီလေ့ရှိသူများ ဖြစ်သည်။

ရက်စက်ခက်ထန်သူ၊ ကောက်ကျစ်စဉ်းလဲသူ၊ သူတစ်ပါးအား နိုင်ထက်စီးနင်း ပြုကျင့်သူ မည်သူ့ကိုမဆို မိမိတို့တတ်နိုင်သည့်နည်းလမ်းဖြင့် နှောင့်ယှက်ဟန့်တားလေ့ ရှိသူများလည်း ဖြစ်ပေ၏။

ယင်းသွေးသောက်သုံးဖော်အနက် အလတ်ဖြစ်သူ တုယင်းက ယိရှောင်အမည်ရှိ မိန်းကလေးတစ်ဦးကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်မိသည်။

ထို့ကြောင့် သွေးသောက်ညီနောင်များကို တိုင်ပင်လေသည်။

သွေးသောက်ညီနောင်များက ကန့်ကွက်ခြင်း မပြုသဖြင့် တုယင်းသည် ယိရှောင်ထံ ထွက်လာခဲ့သည်။

ယိရှောင်ထံ ရောက်သည့်အခါ ချိုကောက်ဆိုသူက သူမကို သွေးကြောပိတ်၍ အတင်းအဓမ္မ ခေါ်ဆောင်သွားကြောင်း သိရှိလိုက်ရသည်။

တုယင်းသည် ချိုကောက်အား ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။

သို့သော် ချိုကောက်ကို တုယင်း အနိုင်မရခဲ့ချေ။

ထို့ကြောင့် နောက်ခုနစ်ရက် အကြာ၌ မြို့ပြင်ရှိ ဇရပ်အနီးတွင် ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းခေါ်လိုက်သည်။

ဤယှဉ်ပြိုင်ပွဲ၌ တရားမျှတမှုရှိစေရန် တုစုက သမာသမတ်ရှိသော သိုင်းလောကမှ အဖြူရောင်သိုင်းသမားများထံ အကူအညီတောင်းခံရန် ထွက်ခွာသွားသည်။

အကယ်၍ ချိုကောက်တို့ဘက်မှ ကလိန်ကျပါက အဖြူရောင်သိုင်းသမားကြီးများက မိမိတို့ဘက်မှ ဝင်ရောက်ကူညီရန် ဖြစ်သည်။

တုစုသည် အကူအညီ တောင်းခံရန် ထွက်ခွာသွားရာ ခြောက်ရက်တိတိသာ ကြာသွား၏။

လုံးဝပြန်လည် ရောက်ရှိလာခြင်း မရှိသေးပေ။

ထို့ကြောင့် တုယင်းနှင့် တုယိတို့သည် စိတ်ပျက်လက်ပျက်ဖြင့် အရက်ဆိုင်၌ ထိုင်နေမိကြခြင်း ဖြစ်သည်။

ဤတွင် တုယိသည် ဆိုင်ထဲ ဝင်ရောက်လာသည့် အဘိုးအိုနှစ်ယောက်၏ မောက်မာမှုကို ကြည့်မရသဖြင့် ရန်စနောက်ပြောင်မိခဲ့သည်။

အဘိုးအိုနှစ်ဦးက သူတို့အား ဒေါသတကြီး တိုက်ခိုက်ရန် ဟန်ပြင်စဉ် အဝါရောင်ဝတ်အဘိုးအိုနှင့် မိန်းကလေးတို့က သူတို့ကို



ကူညီလိုက်သည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် အဘိုးအိုးနှစ်ယောက်ကို ရင်ဆိုင်တိုက်ခိုက်လိုက်ရခြင်း မရှိဘဲ မောက်မာသူအဘိုးအိုနှစ်ဦးကို ဆိုင်ထဲမှ ရုပ်ပျက်ဆင်းပျက် ထွက်ခွာသွားစေနိုင်ခဲ့ခြင်း ဖြစ်လေသည်။

တုယိ၏စကားကြောင့် အဘိုးအိုနှစ်ဦး ဒေါသတကြီးဖြင့် ထရပ်လိုက်စဉ် မိန်းကလေးက စားပွဲဒေါက်ကို လက်နက်ပုန်းဖြင့် လှမ်းပစ်လိုက်သည်။

တစ်ပြိုင်တည်း လက်နက်ပုန်းလေးခု ပစ်လွှင့်လိုက်ခြင်း ဖြစ်သည်။

လက်နက်ပုန်းလေးခုသည် စားပွဲဒေါက်လေးခုစလုံးကို တည့်မတ်စွာ ထိမှန်သွားသည်။

သို့ဖြစ်၍ အဘိုးအိုနှစ်ယောက် မတ်တတ်ရပ်လိုက်စဉ် သူတို့ရှေ့မှ စားပွဲသည် ဝုန်းခနဲ ပြုတ်ကျသွားရခြင်း ဖြစ်ပေသည်။

ဤအဖြစ်ကို မသိသော အဘိုးအိုနှစ်ယောက်သည် တုယိက သူတို့၏စားပွဲကို မထိမကိုင် မကန်မကျောက်ဘဲ အဝေးမှ အတွင်းအားဖြင့် လှမ်းချိုးသည်ဟု ထင်မှတ်ပြီး အခြောက်တိုက် ထိတ်လန့်သွားကြခြင်း ဖြစ်ပေသည်။

ထိုအကြောင်းကို ပြန်တွေးမိသောအခါ တုယိပင် ရယ်ချင်သလို ဖြစ်လာမိလေသည်။

"ကဲ အစ်ကိုလေး၊ ကျွန်တော်တို့ ချိုကောက်ကို ယှဉ်နိုင်ဖို့ ဆရာ့ဆီ သွားပြီး သိုင်းပညာသင်ယူဦးမယ်၊ အစ်ကိုလေး အယင်ပြန် နှင့်တော့"

ထိုသို့ ပြောဆိုပြီးနောက် တုယင်သည် ဆိုင်ထဲမှ ထွက်ခွာ သွားသည်။

ဆိုင်ဝသို့ ရောက်သော် တစ်စုံတစ်ရာ သတိရဟန်ဖြင့် နောက်ပြန်လှည့်လိုက်သည်။

"အစ်ကိုလေး သိပ်စိတ်ပူမနေနဲ့၊ မနက်ဖြန်မှာ ဒီအဘိုးကြီး နဲ့ မိန်းကလေး လာပြီး ကူညီချင် ကူညီလိမ့်မယ်၊ သူတို့ လာကူယင် တော့ အစ်ကိုလေးကိစ္စ သေချာပေါက် အောင်မြင်မှာပါ"

စကားသံဆုံးသည်နှင့် တုယီသည် ဆိုင်ထဲမှ လှစ်ကနဲ ထွက် ခွာသွားလေသည်။

တုယီမှာ ဘာမျှ ပြန်မပြောနိုင်ဘဲ ငေးကြောင်ရပ်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



နောက်တစ်နေ့နံနက် မိုးစင်စင်လင်းမှ တုယီ ပြန်လည် ရောက်ရှိလာ၏။

တုယင်းက အခြေအနေ မေးမြန်းရန် ဟန်ပြင်သည်။

သို့သော်...

တုယီက မောပန်းနွမ်းနယ်ဟန်ဖြင့် အိပ်ရာထဲ ထိုးဝင်အိပ် လိုက်သောကြောင့် မမေးသာဘဲ ဖြစ်သွားသည်။

မကြာမီမှာပင် အကူအညီတောင်းခံရန် ထွက်ခွာသွားသော တုစုလည်း ပြန်လည်ရောက်ရှိလာ၏။

တုစုက မိတ်ဆွေများ ခရီးလွန်နေသောကြောင့် ရှာမတွေ့ ကြောင်း ပြောပြသည်။

မိမိတို့ သွေးသောက်ညီနောင်သုံးယောက်တည်းဖြင့်သာ ချို ကောက်တို့အား ရင်ဆိုင်ရတော့မည် ဖြစ်ကြောင်း ပြောပြလေသည်။

ဤတွင် တုယင်းက ထူးဆန်းသော အဘိုးအိုနှင့် မိန်း ကလေးတို့ အကြောင်းကို ပြောသည်။

တုယီကလည်း ဆရာတစ်ယောက်နှင့် တွေ့၍ သိုင်းပညာ များ သင်ယူနေကြောင်း ပြောပြလိုက်သည်။

ထိုစဉ် တုယီ အိပ်ရာမှ နိုးလာသည်။

တုယီသည် ဝါးလုံးစိမ်းတုတ်တံတစ်ချောင်းကို ကိုင်၍ သူ၏ သွေးသောက်အစ်ကိုနှစ်ယောက်ထံ ထွက်လာသည်။

တုစုက တုယီ၏လက်ထဲမှ ဝါးလုံးစိမ်းတုတ်တံကို မျက်

မှောင်ကြုတ်၍ ကြည့်လိုက်မိသည်။

"မင်းရဲ့ ဝါးလုံးစိမ်းက ဘာလုပ်ဖို့လဲ"

တုယိက အသာအယာ ပြုံးပြလိုက်သည်။

"ချိုကောက်တို့နဲ့ ရင်ဆိုင်ဖို့လေ"

"ဘာ ဒီဝါးလုံးစိမ်းနဲ့ ရင်ဆိုင်မယ် ဟုတ်လား၊ မင်းရူးနေသလား"

တုစုက စိတ်ပျက်လက်ပျက် လေသံဖြင့် ပြောလိုက်၏။

တုယိက ထီမထင်သော အပြုံးဖြင့် ပြန်ပြောလေသည်။

"နောက်တော့ အစ်ကိုကြီးတို့ သိမှာပါ"

♠ ♠ ♠

ချိန်းဆိုထားသည့် အချိန် နီးကပ်လာသည့်အခါ တုစုတို့သွေးသောက်ညီနောင်သုံးယောက်သည် မြို့ပြင်ဇရပ်သို့ ထွက်ခွာလာခဲ့ကြသည်။

မြို့ပြင်ရှိ ဇရပ်သို့ ရောက်သည့်အခါ ချိုကောက်တို့က သူတို့အား အသင့်စောင့်ကြိုလျက် ရှိသည်ကို တွေ့ရသည်။

ချိုကောက်က သူတို့ကို သရော်ပြုံး ပြုံးပြလိုက်သည်။

"အတော်ပဲ မင်းတို့ကို ငါ့မိတ်ဆွေတွေက သေရွာပို့ဖို့ စောင့်နေတယ်"



သူ၏စကားအဆုံးတွင် အဘိုးအိုနှစ်ဦး ထွက်လာ၏။

ယမန်နေ့က အရက်ဆိုင်၌ တုယင်းတို့ မြင်တွေ့ခဲ့ကြရသည့် အဘိုးအိုနှစ်ဦး ဖြစ်သည်။

မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသည့် အဘိုးအိုနှင့် သစ်ခေါက်ရေ ဆိုးထားသော ဝတ်စုံကို ဝတ်ဆင်ထားသည့် ကြွက်မျက်လုံးရှင် အဘိုးအိုတို့ ဖြစ်ကြသည်။

မီးခိုးရောင်ဝတ်စုံနှင့်အဘိုးအိုသည် သံပုတီးကို ဝှေ့ယမ်းယင်း တုစုတို့ ရှေ့သို့ တိုးထွက်လာသည်။

သွေးသောက်ညီနောင်သုံးဖော်အနက် အငယ်ဆုံးဖြစ်သူ တုယိက ဝါးလုံးစိမ်းကို ကိုင်၍ သံပုတီးကို ရင်ဆိုင်လိုက်သည်။

သံပုတီးများသည် တစ်လုံးပြီးတစ်လုံး တဝှစ်ဝှစ်ဖြင့် တုယိထံ ဝင်ရောက်လာသည်။

တုယိက ဝါးလုံးစိမ်းကို လှည့်ပတ်ဝှေ့ယမ်းလိုက်သည်။

"ဒေါက်"

"ဒေါက်"

သံပုတီးလုံးများသည် ဝါးလုံးစိမ်းနှင့်ထိကာ ဘေးသို့ လွင့်စဉ်ထွက်ကုန်၏။

တုယိသည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ဝါးလုံးစိမ်းဖြင့် အဘိုးအိုကို ရိုက်ချလိုက်သည်။

အဘိုးအိုက ရှောင်တိမ်းလိုက်၏။

သို့သော် ဝါးလုံးစိမ်းက အဘိုးအို ရှောင်တိမ်းသည့်ဘက်သို့ လျှပ်တပြက် ဝင်ရောက်သွားသည်။

"ဝုစ်"

"အား"

ဝါးလုံးစိမ်းသည် ကန့်လန့်ဖြတ် အနေအထားဖြင့် မီးခိုးရောင်ဝတ် အဘိုးအို၏ရင်ဝကို ထိမှန်သွားသည်။

အဘိုးအိုမှာ တစ်ချက်မျှသာ အသံထွက်နိုင်ပြီး မြေပေါ် လဲကျသွားသည်။

လုံးဝလှုပ်ရှားနိုင်ခြင်း မရှိတော့ ငြိမ်သက်သွားသည်။

ချိုကောက်တို့သာမက တုစုနှင့် တုယင်းတို့ပင် မယုံကြည်နိုင်အောင် အံ့အားသင့်သွားကြရသည်။

တုယိ အနေဖြင့် မီးခိုးရောင်အဘိုးအိုကို သိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်ရရှိလိမ့်မည်ဟု မည်သူမျှ ထင်မှတ်ထားခြင်း မရှိသောကြောင့် ဖြစ်၏။

ယုတ်စွအဆုံး လက်ရည်တူပင် ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ထင်မှတ်မထားကြပေ။

ယခုမူ တုယိက သိုင်းကွက်တစ်ကွက်တည်းဖြင့် မီးခိုးရောင် အဘိုးအိုကို အနိုင်တိုက်ခိုက်လိုက်ပြီ ဖြစ်လေသည်။

ထိုစဉ်...

မီးခိုးရောင်ဝတ်အဘိုးအိုသည် လူးလွန့်ယင်း ဝုန်းခနဲ ခုန်ထ



လိုက်လေသည်။

တုယိက မီးခိုးရောင်ဝတ်အဘိုးအိုကို လှမ်းကြည့်လိုက်လေသည်။

"ခင်ဗျား မကျေနပ်သေးယင် ထပ်ပြီး ယှဉ်ပြိုင်နိုင်ပါတယ်"

မီးခိုးရောင်ဝတ်စုံနှင့်အဘိုးအိုသည် ခံပြင်းဒေါသစိတ်ကြောင့် မျက်နှာတစ်ခုလုံး နီရဲလာ၏။

ဘာမဟုတ်သည့် လူငယ်လေးတစ်ယောက်ကို ရှုံးနိမ့်သွားသည့်အတွက် မခံချိ မခံသာဖြင့် ရှက်ဒေါသဖြစ်လျက် ရှိသည်။

"အေး မင်းကို လူငယ်ဆိုပြီး ငါက လျှော့ပေါ့တိုက်ခိုက်ခဲ့လို့ ခံလိုက်ရတာ၊ ဒီတစ်ခါတော့ မင်းသေဖို့သာ ပြင်ထားကွ"

အဘိုးအိုက ဒေါသတကြီးဖြင့် တုယိကို ပြင်းထန်စွာ စတင်တိုက်ခိုက်လိုက်သည်။

တုယိက ဝါးလုံးစိမ်းတုတ်တံဖြင့် ခုခံလိုက်၏။

အဘိုးအိုသည် ဝါးလုံးစိမ်းနှင့် ထိပ်တိုက်မတိုးရဲသဖြင့် လက်ဝါးကို ပြန်ရုပ်သည်။

တုယိက ဝါးလုံးစိမ်းဖြင့် အဘိုးအို၏ချိုင်းအောက်ကို လှမ်းထောက်သည်။

အဘိုးအို လန့်ဖျပ်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။

တုယိက ရှေ့တစ်လှမ်းတိုး၍ တိုက်ခိုက်လိုက်သည်။

ဝါးလုံးစိမ်းတုတ်တံက အဘိုးအို၏အရေးကြီးသည့် သွေးကြောနေရာများသို့သာ ဦးတည်နေသည်။

ထို့ကြောင့် မီးခိုးရောင်ဝတ်အဘိုးအိုမှာ ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိဘဲ တရှောင်တည်း ရှောင်နေရတော့သည်။

ဤအတိုင်းသာဆိုလျှင် နောက်ထပ် သိုင်းကွက်သုံးလေးကွက်အတွင်း၌ မီးခိုးရောင်ဝတ်အဘိုးအိုမှာ မုချရှုံးနိမ့်ရတော့မည်ဖြစ်သည်။

မီးခိုးရောင်ဝတ်အဘိုးအိုအတွက် အခြေအနေ သိပ်မကောင်းတော့ပေ။

ဤတွင်...

သစ်ခေါက်ရည်ဆိုးဝတ်စုံနှင့် ကြွက်မျက်စိရှင် အဘိုးအိုသည် တုယိအား လက်နက်ပုန်းဖြင့် ပစ်ခတ်ရန် ရွယ်လိုက်လေသည်။

သို့သော် ပစ်တော့မည့်ဆဲဆဲ၌ လူတစ်ယောက် ရုတ်တရက် ခုန်ဝင်လာကာ လက်တစ်ဘက်ဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

ကြွက်မျက်စိအဘိုးအိုမှာ အဝေးသို့ လွင့်စဉ်သွားပြီး ဝုန်းခနဲ လဲကျသွားသည်။

သူ့အား တစ်ဘက်တည်းသော လက်ဖြင့် ဝင်ရောက်ဟန့်တား တိုက်ခိုက်လိုက်သူကား မျက်နှာတွင် ဆီညှိများ ပေကျံနေသော ဆံပင်စုတ်ဖွားနှင့်အဘိုးအိုတစ်ဦး ဖြစ်၏။

လေလွင့်သိုင်းသမားကြီး ကျောက်ဖေးပင် ဖြစ်ပေသည်။



ကြွက်မျက်စိရှင်အဘိုးအိုမှာ ကျောက်ဖေး၏လက်ချက်ဖြင့် အသက်ထွက်သွားလေသည်။

ဒုစရိုက်သမားတစ်ဦး မိုက်ဇာတ်သိမ်းသွားရခြင်းပင် ဖြစ်ပေတော့သည်။

ကြွက်မျက်စိရှင်အဘိုးအို သေဆုံးသွားသောကြောင့် မီးခိုးရောင်ဝတ်အဘိုးအိုမှာ ထိတ်လန့်တုန်လှုပ်သွားရလေသည်။

တုယိသည် မီးခိုးရောင်အဘိုးအိုကို ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပေ။

ကျောက်ဖေးထံ သွား၍ ဦးညွှတ်အရိုအသေ ပြုလိုက်လေသည်။

ကျောက်ဖေးက အသိအမှတ် ပြုသည့်အနေဖြင့် ခေါင်းဆတ်ပြလိုက်သည်။

ထို့နောက် မီးခိုးရောင်ဝတ်အဘိုးအိုကို စူးစိုက်ကြည့်လိုက်ပြီး

"ခင်ဗျားကိုတော့ ကျုပ်ချမ်းသာပေးလိုက်မယ်၊ နောင်ကို မတရားမှု မလုပ်ဖို့ကိုတော့ ကျုပ်ကျပ်ကျပ် သတိပေးလိုက်ပါတယ်၊ ဆက်ပြီး မိုက်နေဦးမယ်ဆိုယင်တော့ ခင်ဗျားအဖော်လို မိုက်ဇာတ်သိမ်းသွားရလိမ့်မယ်"

ဟုပြောလိုက်သည်။

ပြီးလျှင် ချိုကောက်ဘက်သို့ လှည့်လိုက်ပြန်၏။

"ကဲ ငါတို့ဘက်က လူအင်အားနဲ့ မင်းကို အနိုင်မယူဘူးကွ၊

တရားမျှတမှုရှိအောင် တုယင်းနဲ့ မင်း ယှဉ်ပြိုင်ပေတော့"

ကျောက်ဖေး၏စကားအဆုံးတွင် တုယင်းသည် ယှဉ်ပြိုင်တိုက်ခိုက်ရန် ရှေ့သို့ ထွက်လိုက်လေသည်။

ချိုကောက်လည်း မနေသာတော့ဘဲ ယှဉ်ပြိုင်တိုက်ခိုက်ရန် တုယင်းနှင့် မျက်နှာချင်းဆိုင် နေရာယူလိုက်သည်။

တစ်ယောက်ကိုတစ်ယောက်က အကဲခတ်၍ အမှားမခံနိုင်ပါချေ။

တစ်ယောက်အလစ်ကို တစ်ယောက် ချောင်းသည်။

"ယား"

အခွင့်သင့်သည်နှင့် ချိုကောက်က ဗြာသံပေး အော်ဟစ်ယင်း တိုက်ခိုက်လိုက်၏။

တုယင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် တိုက်ခိုက်လာခဲ့ရာ သိုင်းကွက်ပေါင်း ငါးဆယ်ကျော်မျှ တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။

စင်စစ်မူ သူတို့နှစ်ယောက်သည် သိုင်းပညာအနေဖြင့် မတိမ်းမယိမ်း ရှိသူများ ဖြစ်သည်။

တကယ်တမ်း ယှဉ်ပြိုင်ကြလျှင် ချိုကောက်သည်ပင် နာ တစ်ဖျားခန့် သာချင်သာနိုင်၏။

သို့သော် ယခု အခြေအနေတွင် တုယင်းဘက်၌ အဆင့်မြင့်သိုင်းသမားများ ရှိနေသည် ဖြစ်ရာ ချိုကောက် အနေဖြင့် စိတ်ဓာတ်



ယိမ်းယိုင်နေ၏။

ကျောက်ဖေး၏ အရှိန်အဝါကို ခပ်ရွံ့ရွံ့ ဖြစ်နေမိသည်။

ထို့ကြောင့် ချိုကောက်၏တိုက်ခိုက်မှုသည် အနည်းငယ် လျော့ရိလျော့ရဲနိုင်လှသည်။

စိတ်ဂနာမငြိမ် ဖြစ်နေခြင်းသည် ပင်ကိုရရှိထားသော ပညာကိုပင် ဆွံ့အသွားစေသည်။

တစ်ကြိမ်တွင် ချိုကောက်သည် လှံတိုဖြင့် တုယင်း ရင်ဝသို့ ဝါးလုံးထိုး စိုက်သွင်းလိုက်သည်။

တုယင်းက ခြေတစ်ဘက်ကို ညွှတ်၍ ကိုယ်ကိုဘေးသို့ တိမ်းရှောင်ပေးလိုက်သည်။

ထိုအခါ ချိုကောက်သည် အရှိန်လွန်သွားပြီး ကိုယ်ခန္ဓာ အနည်းငယ် ယိမ်းယိုင်သွားသည်။

အခွင့်အရေးကို တုယင်း မလွတ်တမ်း ရယူလိုက်၏။

တုယင်းသည် သံမဏိစုတ်တံချွန်ဖြင့် ချိုကောက်၏ ပခုံးစွန်းကို လှမ်းထိုးလိုက်လေသည်။

ချိုကောက်၏ပခုံးစွန်းတွင် သွေးများ ရဲခနဲ ဖြာထွက်သွားသည်။

သူ၏ကိုယ်ခန္ဓာလည်း ဝုန်းခနဲ မြေပေါ် လဲကျသွားလေ၏။

တုယင်းသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ သူ၏ သံမဏိစုတ်တံကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဤသည်မှာ လမ်းမှန် သိုင်းသမားများ၏ အပြုအမူပင် ဖြစ်သည်။

ဒဏ်ရာရသွားသူကို တစ်ဘက်သက် အနိုင်ယူ တိုက်ခိုက်ခြင်းမရှိပေ။

တစ်ဘက်သားအပေါ် သက်ညှာခြင်းပင် ဖြစ်၏။

"အစ်ကိုလေး ချိုကောက်ကို မညှာနဲ့၊ တော်ကြာ သူက အစ်ကိုလေးကို မကြေနိုင်မချမ်းနိုင် ဖြစ်ပြီး မမယိရောင်ကို ဒုက္ခပေးလိမ့်မယ်"

တုယိက စိုးရိမ်တကြီးဖြင့် သတိပေးစကား လှမ်းပြောလိုက်သည်။

ဤတွင် လေလွင့်သိုင်းသမားကြီး ကျောက်ဖေးက ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား၊ ဒီအတွက် ပူမနေကြပါနဲ့ကွာ၊ မင်းတို့အကြောင်း ငါကြားပြီးတဲ့နောက် ယိရောင်ကို ကယ်ပြီး အိမ်ကို ပြန်ပို့ပေးလိုက်ပါပြီ"

ကျောက်ဖေး၏စကားကို ကြားလိုက်ရသောအခါ သွေးသောက်ညီနောင်သုံးဖော်မှာ အံ့သြသွားကြသည်။

ကျောက်ဖေးကို တအံ့တသြပင် ကြည့်မိလိုက်ကြလေတော့သည်။

♠ ♠ ♠



ကျောက်ဖေးက ပြုံးလိုက်၏။

"ကဲ..ကဲ မင်းတို့ကို ငါမိတ်ဆက်ပေးရဦးမယ်"

ကျောက်ဖေးက ယင်းသို့ စကားစလိုက်သည်နှင့် ချုံကွယ်တစ်နေရာမှာ အဘိုးအိုတစ်ဦးနှင့် မိန်းကလေးတစ်ယောက် ထွက်လာသည်။

ယမန်နေ့ညက တုယင်းတို့ အရက်ဆိုင်၌ တွေ့မြင်ခဲ့ကြရသော သူများ ဖြစ်သည်။

"အဲဒီ အဝါရောင်ဝတ်စုံနဲ့အဘိုးကြီးက တစ်ခြားသူ မဟုတ်ဘူး၊ သိုင်းလောကက ထိပ်သီးဆယ်ယောက်အနက်က တစ်ယောက်ဖြစ်တဲ့ အရက်အိုးထင်းလွှေဆိုတာပဲ၊ သူနဲ့ ပါလာတဲ့ မိန်းကလေးကတော့ မိုးရွှေတောင်ကြားက ယုဝါးရဲ့ဒုတိယတပည့် ယွဲ့ဗွားပဲ"

ကျောက်ဖေး၏စကားကို ကြားရသည့်အခါမှ မိမိတို့ ကြုံတွေ့နေရသူများမှာ သိုင်းလောကမှ ထိတ်ထိတ်ကြဲသူများ ဖြစ်ကြောင်း သွေးသောက်ညီနောင်သုံးဖော်တို့ နားလည်သိရှိသွားကြသည်။

"ဆရာမကြီးယုဝါးက ယွဲ့ဗွားကို အရက်အိုးထင်းလွှေနဲ့ ထည့်ပေးလိုက်တယ်၊ ကိစ္စကတော့ ယွဲ့ဗွားရဲ့အမေကို လုပ်ကြံသွားတဲ့ တရားခံကို စုံစမ်းဖော်ထုတ်ဖို့ပဲ"

ကျောက်ဖေးက တုယင်းကို လှမ်းကြည့်လိုက်သည်။

ပြီးမှ စကားဆက်လိုက်၏။

"ငါကတော့ တုယိနဲ့ တွေ့ပြီး မင်းတို့ အကြောင်း ကြားသိခဲ့ရတာပဲ၊ ဒါကြောင့် သူ့ကို ဝါးလုံးစိမ်းတုတ်သိုင်း သင်ပေးပြီး သံပုတီးသမားကို ယှဉ်နိုင်းလိုက်တာ၊ သူ့ကို ငါ့ရဲ့တပည့်အဖြစ် ငါအသိအမှတ်ပြုလိုက်ပြီ"

တုစုနှင့် တုယင်းတို့သည် မိမိတို့ သွေးသောက်ညီ၏ဆရာဆိုသည်မှာ ကျောက်ဖေး ဖြစ်ကြောင်း ယခုမှ သိရှိလိုက်ကြသည်။

သူတို့နှစ်ယောက်စလုံး ကျောက်ဖေးကို ဦးညွှတ်အရိုအသေပေးလိုက်ကြလေတော့သည်။

♠ ♠ ♠

## မျက်နှာဖုံးရှင်

ကျောက်ဖေးသည် တုယိကို တပည့်အဖြစ်လက်ခံ ခေါ်ဆောင်၍ တောင်ဘက်ဒေသသို့ ထွက်ခွာသွားသည်။

ထင်းလှေနှင့် ယွဲ့ဂှားတို့ကလည်း ကျောက်ဖေးတို့နှင့်အတူလိုက်ပါခဲ့ကြ၏။

တုယင်းနှင့် တုစုတို့က အရှေ့အနောက်သို့ ခွဲထွက်သွားကြသည်။

ကျောက်ဖေးတို့လူစုသည် တောင်ဘက်ဒေသသို့ ထွက်ခွာလာခဲ့ကြရာ လမ်းခရီးရှိ မြို့ငယ်တစ်မြို့သို့ ရောက်ရှိလာ၏။

စင်စစ်မူ သူတို့သည် တောလမ်းခရီးမှ သွားနေကြခြင်း ဖြစ်သည်။

ယင်းသို့ သွားနေရာမှ သမားတော်ရှုယင်၏လမ်းညွှန် အမှတ်အသားကို တွေ့ရှိမိ၏။

ထို့ကြောင့် တောလမ်းမှခွာ၍ ရှုယင်၏အမှတ်အသား အတိုင်း လိုက်လာခဲ့ကြသည်။

နောက်ဆုံးတွင် မြို့ငယ်လေးတစ်မြို့၏ စားသောက်ဆိုင် တစ်ဆိုင်တွင် အမှတ်အသား ဆုံးသွား၏။

ထို့ကြောင့် ကျောက်ဖေးတို့လူစု ဆိုင်ထဲဝင်လျှင်ဝင်ချင်းပင် ဆိုင်တာဝန်ခံသည် ကပျာကယာ ထွက်လာသည်။

ကျောက်ဖေးကို သေချာစွာ အကဲခတ် ကြည့်လိုက်သည်။

ကျောက်ဖေးမှာ လက်တစ်ဘက်တည်းသာ ရှိသည်။

"လေလွင့်သိုင်းသမားကြီး ကျောက်ဖေးဆိုတာ ခင်ဗျား လား"

ဆိုင်တာဝန်ခံက မေးလိုက်သည်။

ကျောက်ဖေးက ဆတ်ခနဲပင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်ကျောက်ဖေးပါ"

"ဒါဆို အတော်ပဲ ခင်ဗျားလာယင် ပေးဖို့ သမားတော်ကြီးက မှာသွားပါတယ်"

ဆိုင်တာဝန်ခံက စာတစ်စောင် ထုတ်ပေးလိုက်သည်။

ကျောက်ဖေးသည် ခပ်လောလောပင် စာကို ဖွင့်ဖောက်၍ ဖတ်ကြည့်လိုက်သည်။



"မိတ်ဆွေကြီးခင်ဗျာ...

"ကျုပ် ခင်ဗျားနဲ့ လမ်းခွဲပြီးတဲ့နောက် မြစ်ကမ်းတစ် လျှောက် ဖန်ကျင်းကို လိုက်ရှာခဲ့ပါတယ်၊ ဘယ်လိုမှ ရှာမတွေ့ခဲ့ပါဘူး၊ ဒီလို ရှာဖွေနေခဲ့တုန်းက ဖန်ကျင်းနဲ့ အလုံးအထယ် အရပ်အမောင်း အစစအရာရာတူတဲ့ လူငယ်တစ်ယောက်ကို တွေ့ခဲ့တယ်၊ သူ့ရဲ့မျက် နှာကို မျက်နှာဖုံးစွပ်ထားတာမို့ ဖန်ကျင်း ဟုတ်မဟုတ်ဆိုတာ သေ ချာမသိခဲ့ရဘူး၊ ဒါကြောင့် အကျိုးအကြောင်း သိရအောင် ဒီလူငယ် နောက်ကို ခြေရာခံလိုက်ခဲ့မိတယ်၊ လူငယ်ဟာ သွေးဘွားဘွားနဲ့ ရင် ဆိုင်ဖို့ ထွက်သွားတယ်လို့ သိရတယ်၊ ဒါကြောင့် ကျုပ်တို့လဲ ဒီစာကို ခပ်လောလော ရေးထားခဲ့ပြီး လူငယ်နောက်ကို လိုက်သွားကြပါပြီ"

စာကို ဖတ်ပြီးနောက် ကျောက်ဖေး မျက်မှောင်ကြုတ်လိုက် သည်။

သမားတော်ကြီး ပြောသော လူငယ်သည် အကယ်၍ ဖန် ကျင်း ဖြစ်နေခဲ့လျှင် အဘယ်ကြောင့် မျက်နှာဖုံးစွပ်ရမည်နည်း။

ထိုစဉ် ယဲ့ဟုားက ပိုင်နိုင်သော လေသံဖြင့် ဝင်ပြောလိုက် လေသည်။

"စာထဲက အတိုင်းဆိုယင် အဲဒီလူက အစ်ကိုဖန်ကျင်းပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက် မြင့်တဲ့ ချောက်ကမ်းပါး က ကျထားတဲ့လူအဖို့ တစ်ခုခုတော့ ထိခိုက်မိမှာပဲ၊ သူ့မျက်နှာကို ထိခိုက်မိပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတဲ့အခါ သမားတော်ကြီးရဲ့

သမီးနဲ့ မတွေ့ချင်တော့လို့ မျက်နှာဖုံးစွပ်ထားတာ ဖြစ်ရမယ်၊ သွေးဘွားဘွားဆီ လိုက်သွားတာကတော့ သူ့ဆရာရဲ့ ညွှန်ကြားချက်အရ သုတ်သင်ဖို့ သွားတာ ဖြစ်မယ်”

ယွဲ့ဗွားဓါ်ထင်မြင်ချက်က ရေပက်မဝင်လောက်အောင် ဖြစ်နေသည်။

ကျောက်ဖေး ကျေနပ်သဘောကျသွား၏။

“မိန်းကလေးက သဘာဝကျကျ တွေးတတ်သားပဲကွယ်”

ယင်းသို့ ပြောဆိုပြီးနောက် သူတို့သည် ဆိုင်အတွင်း အနားမယူနိုင်တော့ဘဲ အနည်းငယ်မျှသာ စားသောက်ပြီးနောက် သမားတော်ကြီးတို့နောက်သို့ ဆက်လက်လိုက်သွားကြလေတော့သည်။

♠ ♠ ♠



သမားတော်ကြီးရှုယင်တို့သားအဖသည် ဖန်ကျင်းဟု ယူဆရသော မျက်နှာဖုံးစွပ်နှင့် လူငယ်နောက်သို့ ခြေရာခံ လိုက်ခဲ့ကြသည်။

မျက်နှာဖုံးစွပ်နှင့်လူကား သွေးဘွားဘွား ရှိရာသို့ ဦးတည်လျက် ရှိနေပေသည်။

အတော်အတန်သွားမိသော် မျက်နှာဖုံးစွပ်နှင့်လူငယ်သည် လိုဏ်ဂူတစ်ခုအတွင်း ဝင်ရောက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ရှုယင်တို့သားအဖသည် လိုဏ်ဂူအနီး ချဉ်းကပ်လိုက်ကြလေသည်။

“မင်း ငါ့ရဲ့ စိတ်ညို့ပညာနဲ့ ဝိညာဉ်နှုတ် အသံလှိုင်းပညာကို ခံနိုင်ရည်ရှိရဲ့လား”

သွေးဘွားဘွား၏စကားသံ ဖြစ်၏။

မျက်နှာဖုံးစွပ်လူငယ်ထံမှ စကားသံကိုမူ မကြားရချေ။

ရှုယင်တို့သားအဖသည် လိုဏ်ဂူအတွင်းသို့ ချောင်းကြည့်လိုက်ကြသည်။

ထိုစဉ်မှာပင် သွေးဘွားဘွားသည် ကြောက်မက်ဖွယ်ရာကောင်းသော တိုက်ကွက်ဖြင့် မျက်နှာဖုံးစွပ်လူငယ်အား တိုက်ခိုက်လိုက်လေသည်။

မျက်နှာဖုံးစွပ်လူငယ်ကလည်း ခေသူမဟုတ်ပါချေ။

သွေးဘွားဘွားကို တန်ပြန်တိုက်ခိုက်လေသည်။

ယင်းသို့ တန်ပြန်တိုက်ခိုက်သည့် တိုက်ကွက်များကား ကျောက်ဖေး၏တိုက်ကွက်များ ဖြစ်နေသည်ကို ရှုယင်တို့သားအဖနှစ်ယောက် သတိပြုမိလိုက်ကြသည်။

ကျောက်ဖေး၏တိုက်ကွက်များကို လောက်ဖန်း အဆောက်အအုံ၌ အပြိုးမိန္တာတို့လူစုကို တိုက်ခိုက်စဉ်က ရှုယင်တို့သားအဖ မြင်တွေ့ခဲ့ကြပြီး ဖြစ်လေသည်။

ထို့ကြောင့် လူငယ်၏တိုက်ကွက်ကို မြင်သည်နှင့် ယင်းတိုက်ကွက်သည် ကျောက်ဖေးထံမှ ဖန်ကျင်း သင်ယူတတ်မြောက်ထားသည့် သိုင်းကွက်များ ဖြစ်ကြောင်း ရုတ်ခြည်းမှတ်မိလိုက်ခြင်း ဖြစ်၏။

"အစ်ကိုဖန်ကျင်း"

လုအော်က ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

သမားတော်ကြီးက သမီးဖြစ်သူကို ကပျာကယာ လှမ်း၍ ဟန့်တားလိုက်ရသည်။

"ဟဲ့ သမီး ခုချိန်မှာ အရမ်းမခေါ်နဲ့လေ၊ ဟိုမှာ တိုက်ခိုက်နေရတဲ့လူအဖို့ အနှောင့်အယှက် ဖြစ်သွားလိမ့်မယ်ကွယ့်"

သူတို့၏အသံကို ကြားလိုက်ရသောအခါ မျက်နှာဖုံးစွပ်လူငယ်သည် သွေးဘွားဘွားကို ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ လှစ်ခနဲ ပြေးလွှားထွက်ခွာသွားလေသည်။

ဤတွင် သွေးဘွားဘွားသည် သမားတော်ကြီးတို့သားအဖကိုပြောလိုက်၏။



"ကြွပါ၊ ရှင်တို့ ကျွန်မကိုနိုင်ယင် ကျွန်မက ရှင်တို့ရဲ့အမိန့်ကို နာခံမယ်"

သွေးဘွားဘွားက စိန်ခေါ်လိုက်သည်။

သွေးဘွားဘွားသည် ကြေးစားသိုင်းသမားတစ်ဦး ဖြစ်သလို သူမကိုယ်တိုင်ကလည်း ဥပဒေမဲ့ လုပ်ရပ်များကို ပြုမူခဲ့သူ ဖြစ်၏။

ထို့ကြောင့် သွေးဘွားဘွားအား မြို့စားကြီး၏လူဆိုးထိန်းအဖွဲ့မှ အလိုရှိနေခြင်း ဖြစ်သည်။

ရှုယင်မှာ ဥပဒေကို လေးစားသူ ဖြစ်၏။

တရားဥပဒေ စိုးမိုးရေးအတွက် တတ်စွမ်းသမျှ ပါဝင်လှုပ်ရှားလိုသူလည်း ဖြစ်သည်။

သို့ဖြစ်၍ သွေးဘွားဘွား၏စိန်ခေါ်မှုကို မဆိုင်းမတွပင် လက်ခံလိုက်လေသည်။

သူသည် သမီးဖြစ်သူကို ခေါ်၍ လိုဏ်ဂူထဲ ဝင်လိုက်လေသည်။

ထို့နောက် သွေးဘွားဘွားနှင့် မျက်နှာချင်းဆိုင်၍ တင်ပျဉ်ခွေထိုင်လိုက်၏။

ဤတွင် လုအော်၏အကြားအာရုံတွင် ဖန်ကျင်း၏ခေါ်သံလိုလို အသံကို ကြားရသည်။

လုအော်က ကြိုးစား၍ ဖြေသိမ့်သည်။

"ဒါ ငါ့စိတ်က သက်သက်မဲ့ ထင်နေတာပဲ ဖြစ်မှာပါ"

ရုတ်ခြည်းပင် မျက်နှာဖုံးစွပ်လူငယ်သည် ဂူရှေ့သို့ ရောက်လာပြီး...

"မြန်မြန်ပြေးကြ၊ ဂူကြီး ပြိုကျတော့မယ်"

အော်ဟစ်သတိပေးပြီးနောက် မျက်နှာဖုံးစွပ်နှင့်လူငယ်သည် ပြေးလွှားထွက်ခွာသွား၏။

ယင်းအခိုက်အတန့်မှာပင် ကျောက်ဖေး ရောက်ရှိလာ၏။

လုအော်မှာ မျက်နှာဖုံးစွပ်လူငယ်နောက်သို့ ဇွတ်အတင်း ပြေးလိုက်သွားပြီ ဖြစ်၏။

သို့သော် လူငယ်၏အပြေးနှုန်းက မြန်ဆန်လှသည်။

လုအော်မှာ လိုက်မမီချေ။

ဤတွင် သူမ၏ပါးစပ်ထဲမှ သွေးတစ်ချက်အန်ကာ မြေပြင်ပေါ် မှူးမေ့လဲကျသွားတော့သည်။

ဤအခြင်းအရာကို မြင်တွေ့လိုက်သော သမားတော်ကြီးသည် သမီးဖြစ်သူထံ ကပျာကယာ ပြေးသွားပြီး ပွေ့ထူဖေးမလိုက်၏။

"ဝုန်း"

လိုဏ်ဂူကြီး ရုတ်တရက် ပေါက်ကွဲသွား၏။

မီးခိုးလုံးများ အူထွက်လာသည်။

လိုဏ်ဂူမှ လွင့်စဉ်ထွက်လာသော ကျောက်တုံးအပိုင်းအစများ ပြန့်ကျဲသွားသည်။



လိုဏ်ဂူကြီး ပေါက်ကွဲမှုကြောင့် ကျောက်ဖေး၊ ယွဲ့ဝှား၊ ထင်းလွေနှင့် တုယိတို့ မြေပေါ် ဝပ်ချလိုက်ကြသည်။

မကြာမီ သွေးဘွားဘွားနှင့် သူမ၏တပည့်ခြောက်ယောက်တို့သည် မီးခိုးများအကြားမှ တိုးဝှေ့ထွက်လာသည်ကို မြင်တွေ့ကြရသည်။

သွေးဘွားဘွားသည် ကျောက်ဖေးထံ လျှောက်လာပြီး အကျိုးအကြောင်း ပြောပြသည်။

"လွန်ခဲ့တဲ့ သုံးလလောက်က မြွေနက်မလင်ရှီဟာ မြောင်နယ်ခြားကို သွားပြီး တိန့်ချောင်းဆိုတဲ့လူနဲ့ ပူးပေါင်းပါတယ်၊ နောက်ပြီး ကျွန်မဆီ ရောက်လာတယ်၊ တောင်ဝါတောင်မှာ သိုင်းပြိုင်ပွဲလုပ်တဲ့အခါ ရောက်လာတဲ့ သိုင်းသမားအားလုံး ဖြုံဖြုံမည်းမည်း မခွဲဘဲ အဆိပ်ငွေ့နဲ့ လုပ်ကြံဖို့ လာပြောပါတယ်၊ အဲဒီ ကိစ္စ ပြီးတဲ့အခါ သိုင်းလောကကြီး တစ်ခုလုံးကို ကျွန်မတို့သုံးယောက် ခွဲဝေ အုပ်ချုပ်ဖို့ လာပြီး ပူးပေါင်းကြံစည်တာပါ၊ ဒါပေမယ့် ဒီလောက် ရက်စက်တဲ့ ကိစ္စမျိုးကိုတော့ ကျွန်မလဲ သဘောမတူနိုင်တာနဲ့ ငြင်းလွှတ်လိုက်တယ်၊ လင်ရှီလည်း စိတ်ဆိုးပြီး ထွက်သွားတယ်"

သွေးဘွားဘွား၏စကားကို အားလုံးက စိတ်ဝင်တစား နားထောင်နေကြ၏။

သွေးဘွားဘွားသည် မကောင်းမှု ဒုစရိုက်နယ်ပယ်၏ ယုတ်မာရိုင်းပျမှုကို နားလည်သိရှိလာပုံရ၏။

သူမ၏အဖြစ်အပျက်ကို မည်သူမျှ မမေးမစမ်းရသေးဘဲ ဖွင့်ဟဝန်ခံပြောဆိုလျက် ရှိနေလေသည်။

"အဲဒီအချိန်မှာ မျက်နှာဖုံးစွပ်လူငယ်လေး ရောက်လာပြီး ကျွန်မကို စိန်ခေါ်တော့တာပါပဲ၊ လင်ရှိက ပြန်လှည့်လာပြီး ဂူပတ်ဝန်းကျင်မှာ ပေါက်ကွဲစေတတ်တဲ့ ယမ်းငွေ့ကို မြှုပ်ထောင်တယ်လေ၊ အဲဒါကို ရိပ်မိလို့ မပေါက်ကွဲသေးတဲ့ ယမ်းနှစ်ထုပ်ကို ကျွန်မ ဖျက်ဆီးပစ်လိုက်တယ်၊ ဒါကြောင့် နို့မို့ယင် ဒီကို ရောက်လာတဲ့ လူအားလုံး သေကုန်တာကြာပြီ"

သူ့စကားကို ကြားရသည့်အခါမှ ကျောက်ဖေးတို့လူစု အနည်းငယ် ထိတ်လန့်သွားမိကြသည်။

သွေးဘွားဘွားကမူ လဲနေသည့် လုအော်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သမားတော်ကြီးက လှမ်းပြောလိုက်သည်။

"ကျုပ်သမီးဟာ ပေါက်ကွဲမှုကြောင့် သတိလစ်သွားတာ မဟုတ်ဘူး၊ သူ့ခေါင်းမှာ ပြင်းထန်တဲ့ ဒဏ်ရာတစ်ခု ရထားပါတယ်၊ အဲဒါက စိတ်နဲ့ ပတ်သက်နေပါတယ်၊ အခြေအနေကတော့ သိပ်မကောင်းလှဘူး၊ သုံးရက်လောက်ပဲ ခံမယ် ထင်တယ်"

သွေးဘွားဘွားသည် စိတ်မကောင်းဟန်ဖြင့် စုပ်သပ်လိုက်မိသည်။

ထို့နောက်...



"ကျွန်မရဲ့ ဂူထဲမှာတော့ ဆေးမြစ်တစ်မြစ် ရှိပါတယ်၊ အတော်စွမ်းတဲ့ ဆေးမြစ်တစ်မြစ်ပါ၊ ရောဂါပေါင်းစုံကို ကုလို့ရတယ်၊ ဒါပေမယ့် မြွေနက်မလင်ရှိကြောင့် ဂူပြိုသွားတာမို့ ရှာလို့ လွယ်မှာ မဟုတ်တော့ဘူး၊ ကျွန်မတို့လဲ ဒီကထွက်သွားကြတော့မှာပါ၊ ပြန်ကောင်းပါ စေလို့ပဲ ဆုတောင်းလိုက်ပါတယ်ရှင်"

ထို့နောက် သွေးဘွားဘွားသည် သူမ၏တပည့်ခြောက်ယောက်ကို ခေါ်ဆောင်ကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

ကျောက်ဖေးတို့လူစုလည်း တည်းခိုခန်းသို့ ပြန်ခဲ့ကြလေတော့၏။

♠ ♠ ♠

လုအော်၏ဝေဒနာကား သက်သာသည်ဟူ၍ မရှိပေ။

မိစ္ဆာမယ်ရှမ်းရှမ်း၏လက်ချက်ဖြင့် ငယ်ထိပ်တွင် ဒဏ်ရာရထားသည့်အပြင် ဖန်ကျင်းနှင့် ပတ်သက်၍ အကြီးအကျယ် စိတ်ထိခိုက်ခဲ့ရသည့်အတွက် နာတာရှည်ရောဂါ သဘောမျိုး ဖြစ်လာခဲ့သည်။

သူမအား ဂရုတစိုက်ဖြင့် နေ့စဉ်နှင့်အမျှ ဆေးဝါးကုသခဲ့ရသောကြောင့် ရှုယင်မှာလည်း ပင်ပန်းနွမ်းနယ်လျက် ရှိနေပြီ ဖြစ်သည်။

ယခုလည်း ရှုယင်က လိုအပ်သော ဆေးဝါးများကို စာဖြင့်

ရေး၍ ဆိုင်လုလင်တစ်ဦးအား သွားရောက်ဝယ်ခိုင်းသည်။

ဆိုင်လုလင် အလာကို စောင့်ဆိုင်းယင်း သွေးဘွားဘွား ပြောခဲ့သည့် ဆေးမြစ်ကို သတိရလာသည်။

"အင်း အဲဒီ ဆေးမြစ်သာ ရရင် ငါ့သမီးရဲ့ အခြေအနေဟာ ယူပစ်သလို ပြန်ကောင်းမှာ သေချာတယ်"

သို့သော် ဂူကြီးမှာ ပြိုကျသွားပြီး ဖြစ်သဖြင့် ဆေးမြစ်ကို ရှာဖွေတွေ့ရှိနိုင်ရန် မဖြစ်နိုင်သောကြောင့် ရှုယင် လက်လျှော့လိုက်သည်။

ဆိုင်လုလင် ပြန်ရောက်လာသည့်အခါ ဝယ်ယူလာသော ဆေးဝါးနှင့် သူ့ထံတွင် ရှိသော ဆေးဝါးများကို ပေါင်းစပ်လိုက်သည်။

သို့သော် သူလိုချင်သော ဆေးဝါး အနေအထားသို့ ရောက်ရှိမလာပေ။

အသက်ကယ်ဆေး ရရှိရန် ၄က်သိုက်တစ်မျိုး လိုနေသေးသည်။

ယခု အခြေအနေ၌ ၄က်သိုက်ရရန် လုံးဝမလွယ်ကူကြောင်း ရှုယင် တွေးမိသည်။

မိမိတို့ နေရာသို့ ပြန်ပါက ဆေးဝါးဖော်စပ်ရန် အဆင်ပြေနိုင်သည်။

သို့သော် အချိန်ကား မရှိတော့ပေ။

ဦးနှောက်သွေးကြောပြတ်၍ သေဆုံးသွားနိုင်ပေ၏။



အမှန်စင်စစ်မှု သမီးဖြစ်သူ၏ ငယ်ထိပ်ဝေဒနာကို လက်ထဲတွင် ရှိသော ဆေးဝါးများဖြင့် ပျောက်ကင်းအောင် ကုသနိုင်သည်။

သို့သော် ခက်သည်က သမီးဖြစ်သူ၏ စိတ်အာရုံ လွင့်ပျံ့မှုပင် ဖြစ်သည်။

သမီးဖြစ်သူသည် ဖန်ကျင်းနှင့် ပတ်သက်၍ ဆိုးဆိုးရွားရွား ခံစားနေရသည့် စိတ်ဝေဒနာကို ဖယ်ရှားထိန်းချုပ်နိုင်ပါက အခြေအနေ ဆိုးရွားစရာအကြောင်း မရှိလှပေ။

ယခုမူ စိတ်ထောင်း၍ ကိုယ်ကြေဆိုသလို ဖြစ်နေရသည်။

စိတ်နှင့် ပတ်သက်သည့် ဝေဒနာကိုမူ ရှုယင်မှာ ကုသနိုင်စွမ်း မရှိအောင် ဖြစ်နေရှာပေသည်။

ထိုစဉ်...

ကျောက်ဖေးသည် ရှုယင်၏အိပ်ကြောကို ရုတ်တရက် ထိုးပိတ်လိုက်၏။

ယင်းသို့ ထိုးပိတ်လိုက်ရခြင်းမှာကား ရှုယင်သည် သမီးဖြစ်သူ၏ ရောဂါဝေဒနာအတွက် နေ့မအား ညမအား ပြုစုကုသနေရသဖြင့် ကြာလျှင် သူကိုယ်တိုင် ဘုံးဘုံးလဲကျသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။

ထို့နောက်...

ကျောက်ဖေးသည် မျက်နှာဖုံးစွပ်လူငယ်အား ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

လုအော်၏ ဝေဒနာမှာ စိတ်ကြောင့် ဖြစ်သည်ဟု ကျောက်ဖေး သိရှိထားသည်။

အကယ်၍ ဖန်ကျင်းကိုသာ ရှာဖွေတွေ့ရှိခဲ့လျှင် လုအော်၏ ရောဂါဝေဒနာမှာ တစ်ဝက်ခန့် ပျောက်ကင်းနိုင်သည်ဟု ကျောက်ဖေး နားလည်ထား၏။

ရှုယင်တို့သားအဖအား စောင့်ရှောက်ရန် တုယိကို ထားခဲ့ပြီး ထင်းလွေနှင့် ယဲ့ဗုားကို ခေါ်ဆောင်ကာ ကျောက်ဖေး ထွက်ခွာခဲ့သည်။

မျက်နှာဖုံးစွပ်နှင့်လူငယ်အား ရှာဖွေဖမ်းဆီးပြီး ဖန်ကျင်းဟုတ်မဟုတ် စုံစမ်းရန် ဖြစ်သည်။

သူတို့သုံးယောက်သည် တစ်ယောက် တစ်နေရာ လမ်းခွဲကာ မျက်နှာဖုံးစွပ်နှင့်လူငယ်အား အပြင်းအထန် လိုက်လံရှာဖွေကြလေတော့သည်။

♠ ♠ ♠



နောက်တစ်နေ့နံနက် မိုးစင်စင်လင်းသည့်အခါ ရှုယင် အိပ်ရာမှ နိုးလာ၏။

အိပ်ရာမှ နိုးနိုးချင်း သမီးဖြစ်သူကို စိုးရိမ်တကြီးဖြင့် ကပျာကယာ လှမ်းကြည့်၏။

"ဟာ"

လုံးဝမထင်မှတ်သော မြင်ကွင်းကြောင့် ရှုယင် အံ့အားသင့်သွားသည်။

သမီးဖြစ်သူ၏ ဖြူရော်နေသော မျက်နှာသည် သွေးရောင်လွှမ်းကာ စိုပြည်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

သမီးဖြစ်သူ ခံစားနေရသည့် ဝေဒနာမှာလည်း ယူပစ်သလို ပျောက်ကင်းနေပြီကို မယုံကြည်နိုင်ဖွယ် တွေ့မြင်လိုက်ရလေသည်။

အဘယ်ကြောင့် ဤသို့ ဖြစ်သွားရသည်ကို ရှုယင် နားမလည်နိုင်အောင် ဖြစ်မိသည်။

ရှုယင်သည် သမီးဖြစ်သူ လုအော်ကို ငေးစိုက်ကြည့်နေမိ၏။

ထိုအခါ ကုတင်ဘေးအစပ်နားတွင် လူတစ်ယောက် ထိုင်ခဲ့သည့် အနေအထားကို တွေ့မြင်လိုက်ရသည်။

မိမိ အိပ်ပျော်နေစဉ် အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာကြောင်း ရှုယင် နားလည်လိုက်၏။

ထိုစဉ် မျက်နှာဖုံးစွပ်လူငယ်ကို သွားရောက်ရှာဖွေကြသော ကျောက်ဖေးတို့လူစု ပြန်လည်ရောက်ရှိလာကြသည်။

ရှုယင်က သမီးဖြစ်သူ၏ ရောဂါအခြေအနေ ထူးခြားစွာ သက်သာကြောင်း ပြောပြသည်။

ကျောက်ဖေးက ပြုံးလိုက်သည်။

"ခင်ဗျားက သမားတော်တစ်ယောက်ပဲ၊ ခင်ဗျားဆေးကြောင့် သူ့ရဲ့ရောဂါ သက်သာသွားတာနေမှာပေါ့"

ရှုယင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်သမီး ရောဂါကို ကျုပ်သိတာပေါ့ဗျာ၊ ကျုပ် ဆေးနဲ့ ဘယ်နည်းနဲ့မှ ခုလို မြန်မြန်ဆန်ဆန်ကြီး သက်သာမလာနိုင်ဘူး"

"ဒါဖြင့် ဘယ်လိုကြောင့် သက်သာသွားရတာလဲ"

ကျောက်ဖေးက မျက်မှောင်ကြုတ်ယင်း မေးသည်။

ရှုယင်က...

"အဲဒါကို ကျုပ်လဲ စဉ်းစားနေတာဗျ၊ ညက ကျုပ်အိပ်ပျော်သွားတုန်း တစ်ယောက်ယောက်က ကျုပ်သမီး ရောဂါကို ဆေးလာကုပေးသွားတယ် ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အခန်းထဲကို တစ်ယောက်ယောက် ဝင်လာတဲ့ ခြေရာလက်ရာကို ကျုပ်တွေ့ရလို့ပဲ"

ကျောက်ဖေးသည် စဉ်းစားရခက်သွားဟန် မျက်မှောင်ကြုတ်လိုက်ပြန်သည်။



"ဒါနဲ့ လုအော်ကကော ဘာမှမသိဘူးလား"

လုအော်ကို လှမ်းမေးသည်။

လုအော် ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ကျွန်မလဲ အိပ်ပျော်နေတာမို့ ဘာမှမသိဘူး၊ အိပ်ရာက နိုးတော့ ခေါင်းတစ်ခုလုံး ပေါ့ပါးလန်းဆန်းနေတယ်လို့ ခံစားရတယ်"

ကျောက်ဖေးတို့လူစုက စဉ်းစားရခက်သွားကြ၏။

အတန်ကြာ စဉ်းစားတွေးတောပြီးနောက် ကျောက်ဖေးက အကြံပြုလိုက်သည်။

"ကဲ ဒီလိုလုပ် လုအော်၊ မင်းက ရောဂါမပျောက်သေးတဲ့ ပုံစံနဲ့ ခုတင်ပေါ် ဆက်အိပ်နေ၊ ညက မင်းကို ဆေးလာကုပေးတဲ့လူကို တို့စောင့်ဖမ်းမယ်၊ ဒါဆို သူ ဘယ်သူလဲဆိုတာ သိရမှာပဲ"

ကျောက်ဖေး၏အစီအစဉ်ကို အားလုံးက လက်ခံသဘောတူလိုက်ကြသည်။

♠ ♠ ♠

"ဒေါင်..ဒေါင်"

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

ညဉ့်နှစ်ချက်တီး ရှိပြီ ဖြစ်သည်။

လမ်းမပေါ်၌ လူများ ကင်းရှင်းနေသည်။

ထိုစဉ် လူရိပ်တစ်ရိပ်သည် သမားတော်ကြီးတို့ တည်းခိုရာ အဆောင်သို့ တိတ်တဆိတ် ချဉ်းကပ်လာသည်။

ကျောက်ဖေးတို့လူစုက လှို့ဝှက်စွာ ချောင်းမြောင်းကြည့်ရှုလျက် ရှိသည်။

ထိုလူရိပ်သည် သူတို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသူတစ်ဦး ဖြစ်ကြောင်း သူတို့ အကဲခတ်မိကြသည်။

ထိုလူရိပ်သည် လုအော် ရှိရာ အခန်းထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်ရောက်သွားလေသည်။

ထို့နောက် လုအော်ကို အကဲခတ် ကြည့်ရှုလိုက်သည်။

စိတ်ပျက်ဟန်ဖြင့် အသာအယာ ဦးခေါင်းခါယမ်းလိုက်သည်။

"ဟူး သွေးဘွားဘွားပြောတော့ ဒီဆေးမြစ်ဟာ ရောဂါအားလုံး ပျောက်တယ်တဲ့၊ ခုတော့ လုအော် သတိတောင် မရသေးဘူး၊ ဘာပဲဖြစ်ဖြစ်လေ ဒီဆေးမြစ်ကို တိုက်ကျွေးတာ နည်းလို့လားမှ မသိတာ၊ ထပ်ပြီး တိုက်ကျွေးလိုက်ဦးမယ်"



တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်သည်။

ပြီးနောက် အိတ်ထဲမှ ဆေးမြစ်ကို ထုတ်၍ အနည်းငယ် ချိုးဖဲ့လိုက်သည်။

ပြီးလျှင် ဆေးမြစ်ကို စားပွဲပေါ်တင်၍ သစ်သားတုံးဖြင့် ဖိလိမ့်လိုက်သည်။

ဆေးမြစ်များ ကြေမွသွားသည်။

ထိုအခါ ပန်းကန်လုံးထဲ ထည့်၍ ရေဖြင့် စပ်ကာ ဖျော်လိုက်သည်။

လုအော်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

အိပ်ပျော်နေသည်ကို တွေ့ရသည်။

ဤအတိုင်း တိုက်လျှင် လုအော် နိုးသွားမည် စိုးရသည်။

ထို့ကြောင့် အိပ်ကြောကွက်ကို ဖိနှိပ်ရန် ဟန်ပြင်လိုက်၏။

ဤတွင် လုအော်က မျက်လုံးကို ဖွင့်လိုက်ပြီး...

"အစ်ကိုဖန်ကျင်း"

လုအော်က ရုတ်တရက် အသံပြုလိုက်သဖြင့် လူရိပ်မှာ တဒင်္ဂမျှ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် ချက်ချင်းပင် သတိဝင်လာကာ အခန်းထဲမှ ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

ထိုအခါ အခန်းတစ်ခုလုံး မီးများ ထိန်လင်းသွားတော့သည်။

"ဟား..ဟား..ဟား"

ရယ်မောသံနှင့်အတူ သမားတော်ကြီး အခန်းထဲသို့ ဝင်ရောက်လာသည်။

သူ့နောက်မှ ယဲ့ဗွားနှင့် တုယိတို့ လိုက်ပါလာသည်။

တဆက်တည်းမှာပင် ထင်းလွေနှင့် ကျောက်ဖေးတို့က ပြတင်းပေါက်မှ ခုန်ဝင်လာ၏။

အခန်းထဲ ဝင်လာသော လူရိပ်သည် မည်သို့မျှ ပြေး၍ မရနိုင်တော့ကြောင်း သိရှိလိုက်သည်။

စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်တော့သည်။

"အစ်ကို့မျက်နှာက ဘယ်လိုများ ဖြစ်နေလို့ လူတွေ့မခံဝံ့လောက်အောင် ဖြစ်နေရတာလဲ"

ပြောပြောဆိုဆိုဖြင့် လုအော်သည် အခန်းထဲ တိတ်တဆိတ်ဝင်လာသူ၏မျက်နှာဖုံးကို လျှပ်တပြက် ဆွဲချွတ်လိုက်၏။

ထိုအခါ အဆိုပါ လူ၏မျက်နှာ အောက်ပိုင်းတစ်ခုလုံး အမာရွတ်များ ပြည့်နေသည်ကို မြင်လိုက်ရ၏။

ထို့ပြင် ပါးနှစ်ဘက်မှာလည်း မည်းနက်နေသည်ကို တွေ့မြင်ရလေသည်။

မည်မျှပင် ရုပ်ပျက်ဆင်းပျက် ဖြစ်စေကာမူ ထိုသူကား ဖန်ကျင်းသာ ဖြစ်ကြောင်း ထင်ရှားနေပေသည်။

လုအော်သည် ဖန်ကျင်းကို ငေးစိုက်ကြည့်ယင်း စိတ်ထိခိုက်



စွာ လှမ်းပြောလိုက်၏။

"ရှင့်ရဲ့မျက်နှာ ဘယ်လောက်ပဲ ပျက်စီးသွားသွား ကျွန်မအစ်ကို့ကို အရေးစိုက်မှာ မဟုတ်ဘူးလို့ ထင်နေသလား"

ဖန်ကျင်းသည် မသိမသာ သက်ပြင်းတစ်ချက်ချယင်း ပြောလိုက်၏။

"ကျုပ် တမင်သက်သက် ရုပ်ဖျက်ပြီး ရှောင်နေတာ မဟုတ်ပါဘူး၊ ကျုပ် ဘယ်သူလဲဆိုတာ သိချင်တာရယ်၊ နောက်ပြီး ဆရာမကြီးယုဝါးနဲ့ ကျုပ်ဆရာမာယွင်ကို တစ်ယောက်နဲ့တစ်ယောက် အထင်အမြင် လွဲမှားအောင် ခလောက်ဆန်ခဲ့တဲ့လူကို စုံစမ်းဖော်ထုတ်ချင်တာရယ်ကြောင့် ခုလို လူသိမခံဘဲ နေလိုက်ရတာပါ"

ဖန်ကျင်းသည် ပြောပြီး ထင်းလွေနှင့် တုယိတို့ကို လှမ်းကြည့်လိုက်သည်။

"သူတို့က ဘယ်သူတွေလဲ"

သမားတော်ကြီးက ထိုသူနှစ်ဦးကို ဖန်ကျင်းနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် ဖန်ကျင်းသည် သူချောက်ကမ်းပါးထဲ ကျရောက်သွားပုံမှစကာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အစအဆုံးတိုင် စီကာပတ်ကုံး ပြောပြလိုက်လေသည်။

♠ ♠ ♠

## အတိတ်ရန်သူ

ဖန်ကျင်းသည် မိစ္ဆာမယ်ရှမ်းရှမ်း၏ လက်ရိုက်ချက်ကြောင့် ချောက်ကမ်းပါးထဲသို့ ထိုးကျသွား၏။

သူသည် ရွှေပိုးမျှင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ရှမ်းရှမ်း၏ လက်ဝါးရိုက်ချက်ကို ကောင်းစွာ ခံနိုင်ရည် ရှိခဲ့သည်။

ချောက်ထဲ ထိုးကျစဉ် သမားတော်ကြီး၏ ထိုက်ယိအသက်ကယ် ဒဏ်ကြေဆေးကို သောက်လိုက်သည်။

ဆေးသောက်ပြီးနောက် သူ၏ကိုယ်ခန္ဓာသည် ရေပြင်ပေါ် အရှိန်ပြင်းစွာဖြင့် ကျသွား၏။

မျက်လုံးများ ပြာသွားသည်။



ဦးခေါင်းတစ်ခုလုံးလည်း ချာချာလည်မတတ် မူးနောက်သွား၏။

ရေထဲ မြုပ်ဝင်သွားရာမှ ဦးခေါင်းကို ရေပေါ် ပြန်ဖော်လိုက်သည်။

ထိုစဉ် ကြီးမားလှသော ငါးကြီးတစ်ကောင်ကို ဘွားခနဲ မြင်တွေ့လိုက်ရသည်။

ငါးကြီးက ပါးစပ်ဖြဲ၍ တစ်ဟုန်ထိုး ဝင်ရောက်လာလေ၏။

ဖန်ကျင်းသည် လန့်ဖျပ်သွားကာ ကိုယ်နှင့်မကွာ ပါလာသော သံတုတ်ကောက်ဖြင့် ငါးကြီးကို ပြန်လည်တိုက်ခိုက်လိုက်သည်။

လူနှင့်ငါး လုံးထွေးကာ ရေထဲ၌ အတန်ကြာ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။

နောက်ဆုံး သံတုတ်ကောက်ဖြင့် ငါးကြီး၏ဝမ်းဗိုက်ကို ထိုးစိုက်နိုင်လိုက်၏။

ငါးကြီးက တစ်ချက်လူးလွန့်ကာ အမြီးဖြင့် ဝှေ့ယမ်း တိုက်ခိုက်လိုက်သည်။

"ဝုန်း"

ဖန်ကျင်း၏ခန္ဓာကိုယ်သည် ရေပြင်ပေါ် ရုပ်တိုက်လွင့်စင်သွား၏။

ထို့နောက် သူသတိလစ်သွားသည်။

နောက်ပိုင်း ဘာဆက်ဖြစ်မှန်း သူမသိတော့ချေ။

သူ၏တွေ့ထိသိမှု အားလုံးမှာ မှောင်အတိကျသွားတော့သည်။

♠ ♠ ♠

ဖန်ကျင်း သတိပြန်ရလာသောအခါ ကျွန်းကလေးတစ်ကျွန်းပေါ် ရောက်နေသည်ကို တွေ့ရသည်။

သူသည် ငါးကြီး၏ရိုက်ခတ်မှုကြောင့် သတိလစ်ကာ ရေစီးဖြင့် မျောလျက် သဲသောင်ခုံပေါ် ရောက်ရှိသွားခြင်း ဖြစ်သည်။

ဖန်ကျင်းသည် ခေါင်းထောင်ကြည့်လိုက်ရာ မျက်စိတဆုံး သဲသောင်ပြင်နှင့် ရေပြင်ကိုသာ တွေ့ရသည်။

သဲသောင်ပြင်၏နောက်ဘက်တွင် သစ်ပင်အုပ်အုပ်ကလေး ကျိုးတိုးကျဲတဲ ရှိသည်ကိုသာ တွေ့ရသည်။

ဝမ်းထဲက ဟာလာ၏။

ကျွန်းကလေးကို အကဲခတ်ကြည့်လိုက်ပြန်တော့ ဤကျွန်းကလေး၌ အသက်ရှင်နေနိုင်ရန် ခက်ခဲလှကြောင်း တွေ့ရသည်။

ဤကျွန်းကို စွန့်ခွာရန်မှာလည်း ကျွန်းပတ်လည်တွင် ရေများချည်းသာ ပတ်လည်ဝိုင်းနေ၏။

မည်သို့ဆိုစေ အသက်ရှင်နေသမျှ ကာလပတ်လုံး မျှော်လင့်ချက် ရှိနေသည်သာ ဖြစ်၏။



ထိုင်နေ၍တော့ မဖြစ်နိုင် ကြံဆကြိုးစားရမည်သာ ဖြစ်သည်။

ဖန်ကျင်းသည် သဲသောင်ပြင်ပေါ်၌ လဲလျောင်းနေရာမှ ထလိုက်၏။

ထို့နောက် ကျွန်းကလေး၏အမြင့်ပိုင်း ရှိရာဘက်သို့ ခဲရာခဲဆစ် တက်သွားသည်။

ပင်လယ်ပြင်ပေါ် မျှော်ကြည့်လိုက်သည်။

ခပ်ဝေးဝေးဆီ၌ မည်းမည်းအရာတစ်ခု ရွေ့လျားလာသည်ကို မြင်ရသည်။

ဖန်ကျင်း စိတ်ဝင်စားသွားပြီး မျက်တောင်မခတ် စိုက်ကြည့်သည်။

မည်းမည်းအရာသည် တစ်စထက်တစ်စ နီးကပ်လာသည့်အခါ လှေငယ်တစ်စင်း ဖြစ်ကြောင်း သိလိုက်ရသည်။

လှေငယ်လေးသည် ကျွန်းကလေးဆီသို့ ဦးတည်လာနေပေသည်။

ဤတွင် ဖန်ကျင်း၏စိတ်ထဲ၌ အကြံတစ်ခု ပေါ်လာသည်။

ဤလှေငယ်ကို ခိုးယူထွက်ပြေးရန် တွေးတောမိခြင်း ဖြစ်လေသည်။

သို့သော် ဤသို့ ပြုမူခြင်းမှာ တစ်ကိုယ်ကောင်းဆန်ရာ ရောက်သည်ဟု တွေးမိပြန်၏။

ယင်းသို့ တွေးတောနေခိုက်မှာပင် လှေကလေးသည် သဲသောင်ပြင်အစပ်သို့ ထိုးကပ်လာလေသည်။

လှေငယ်ပေါ်မှ လူတစ်ယောက် ဆင်းလာ၏။

အသားမည်းမည်းနှင့် အသက်ငါးဆယ်ခန့် ရှိသော အဘွားအိုတစ်ဦး ဖြစ်ကြောင်း တွေ့မြင်ရသည်။

အဘွားအို၏အသွင်အပြင်ကို အကဲခတ်လိုက်ရာ သူ့ဆရာ ပြောပြဖူးသည့် မြွေနက်မလင်ရှီနှင့် တစ်ပုံစံတည်း ဖြစ်သည်ကို တွေ့ရသည်။

သူတွေးထင်သည့်အတိုင်းပင် ထိုအဘွားအိုသည် လင်ရှီ ဖြစ်လေသည်။

လင်ရှီသည် ဖန်ကျင်း ရှိသည့် နေရာသို့ ဦးတည်လျှောက်လာ၏။

ဖန်ကျင်း ထိတ်လန့်သွားပြီး အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ကပျာကယာ ပြေးတက်လိုက်သည်။

အရွက်ထူသည့် အကိုင်းအခက်ကြား၌ ကိုယ်ကို ကျုံ့၍ ပုန်းကွယ်လိုက်သည်။

လင်ရှီသည် သူ့ကို မြင်တွေ့သွားပုံ မရချေ။

အေးအေးမှန်မှန်ဖြင့် လျှောက်လာ၏။

အဘယ်ကြောင့် ဤကျွန်းကလေးပေါ် ရောက်လာရပါသနည်း။



အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်။

ဖန်ကျင်း စိတ်ဝင်စားလာသည်။

ထို့ကြောင့် လင်ရှီအား နောက်ယောင်ခံ၍ လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

♠ ♠ ♠

မျက်နှာတစ်ခုလုံး အမွေးများ ရှည်လျားစွာ ဖုံးအုပ်နေသည့် အဘိုးအိုတစ်ဦးသည် မျက်စိစုံမှိတ်လျက် ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်နေ၏။

အဘိုးအိုရှေ့တွင် လင်ရှီ ရပ်နေ၏။

"ရှန်းဝေ၊ ဒီနေ့ ဘာနေ့လဲဆိုတာ ရှင်သိရဲ့လား"

"ငါမေ့တတ်တဲ့ကောင် မဟုတ်ဘူး"

အဘိုးအိုက ခပ်ပြတ်ပြတ် လေသံဖြင့် ပြန်ပြောသည်။

လင်ရှီက ပြုံးလိုက်သည်။

"ရှင့်ကို ကျွန်မ ဒဏ်ခတ်ထားတာ ဒီနေ့ ဆယ့်ရှစ်နှစ်တင်းတင်း ပြည့်တဲ့နေ့ပဲ"

အဘိုးအိုက လင်ရှီကို စိုက်ကြည့်လိုက်သည်။

"မင်း ဘာကိစ္စနဲ့ ငါ့ဆီ လာတာလဲ"

လင်ရှီက...

"ရှင့်ကို လာခေါ်တာလေ၊ မြောင်နယ်ခြားက တိန့်ချောင်းဟာ တောင်ဝါတောင်မှာ ကျင်းပမယ့် သိုင်းပြိုင်ပွဲကို သွားပြီး သိုင်းသမားအားလုံးကို အဆိပ်ငွေ့လွှတ်ပြီး လုပ်ကြံဖို့ စီစဉ်ထားတယ်၊ အဲဒါ ရှင်နဲ့ ကျွန်မ ပူးပေါင်းကူညီရလိမ့်မယ်"

ဟုပြောလိုက်သည်။

အဘိုးအိုက စက်ဆုပ်ရွံ့ရှာသည့် အကြည့်ဖြင့် လင်ရှီကို စိုက်ကြည့်သည်။

"ဒီမှာ လင်ရှီ၊ မာယွင်နဲ့ ယုဝါးတို့ကိစ္စ ဖြစ်ပြီးတဲ့နောက်ပိုင်း ငါ သိုင်းလောကထဲ ဝင်ချင်တော့တာ မဟုတ်ဘူး၊ မင်းက ခုထိ နောင်တမရသေးဘဲ ဒုစရိုက်ထဲမှာ ဆက်ပြီး နစ်ချင်သေးတယ်ပေါ့ ဟုတ်လား"

ထိုစကားကြောင့် တိတ်တဆိတ် ချောင်းမြောင်းနားထောင်နေသော ဖန်ကျင်းမှာ စိတ်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။

သူ့ဆရာမာယွင်နှင့် ယုဝါးတို့ တစ်ဦးနှင့်တစ်ဦး အထင်အမြင် လွဲခဲ့ကြသည်မှာ ထိုသူနှစ်ယောက်ကြောင့် ဖြစ်ကြောင်း နားလည်သိရှိလိုက်သည်။

သူတို့နှစ်ယောက် မည်သို့မည်ပုံ ခလောက်ဆန်ခဲ့သည်မှု မသိရသေးပေ။

ဖန်ကျင်း သူတို့နှစ်ယောက် ဘာဆက်ပြောမည်ကို စိတ်ဝင်စားလာပြီး အစွမ်းကုန် နားစွင့်ထားလိုက်လေသည်။



ထိုစဉ် အဘိုးအိုထံမှ ခံပြင်းသော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"မင်းဟာ ကိုယ့်ရဲ့လင်ယောကျ်ားကိုတောင် လုပ်ကြံခဲ့တဲ့ မိန်းမပဲ၊ နောက်ပြီး သူများအပေါ် အပြစ်ပုံချ စွပ်စွဲခဲ့တယ်၊ မင်းရဲ့ လုပ်ရပ်ကြောင့် မာယွင်နဲ့ ယုဝါးဟာ ခုချိန်ထိ အထင်လွဲမှားနေခဲ့ကြရတယ်၊ မင်းရဲ့စိတ်ဟာ တကယ့်ကို ကောက်ကျစ်စဉ်းလဲတာပဲ"

လင်ရှီက အဘိုးအို၏စကားကို အရေးမစိုက်ချေ။

စိတ်မရှည်ဟန်ဖြင့်...

"ကဲပါ စကားရှည်မနေစမ်းပါနဲ့၊ ရှင် ကျွန်မနောက် လိုက်ခဲ့ပါ"

ရှန်းဝေအဘိုးအိုက ခေါင်းမာ၏။

နေရာမှ တစ်ဖဝါး မရွေ့ချေ။

"ငါ ဥပဒေနဲ့ မလွတ်ကင်းတဲ့ ဒုစရိုက်အလုပ်တွေကို လုံးဝ မလုပ်တော့ဘူး"

လင်ရှီ ထောင်းခနဲ ဒေါသထွက်သွားသည်။

ခါးတွင် ရစ်ပတ်ထားသည့် ကျာပွတ်ကို ဆွဲဖြုတ်လိုက်လေသည်။

ထို့နောက် ကျာပွတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး...

"ကဲ ရှင့်ကို နောက်ဆုံးမေးမယ်၊ ရှင်လိုက်မလား မလိုက်ဘူးလား"

"မလိုက်ဘူး"

"ရှမ်း"

ကျာပွတ်အဖျားက ရှန်းဝေ၏ကိုယ်ပေါ်သို့ ကျရောက်သွားသည်။

ရှန်းဝေက ရောင်တိမ်းခြင်း မပြုသလို ခုခံခြင်းလည်း မရှိပေ။

လင်ရှီက ထပ်၍ ရိုက်သည်။

ချောင်းကြည့်နေသော ဖန်ကျင်းမှာ စိတ်ထဲ၌ မရိုးမရွ ဖြစ်လာ၏။

သူသည် မည်သို့မျှ ကြည့်မရတော့သည့်အဆုံး ရှန်းဝေကို ကူညီရန် ဟန်ပြင်လိုက်သည်။

ရှန်းဝေက သူ့ဘက်ကို မျက်နှာမူနေသောကြောင့် သူ့ကို မြင်သည်။

လင်ရှီမှာ ကျောခိုင်းထားသဖြင့် မမြင်ရချေ။

ရှန်းဝေက သူ့ကို မသိမသာ အမူအရာဖြင့် သတိပေး၏။

ဝင်မလာနှင့်ဟူသော သဘောပင် ဖြစ်သည်။

ဖန်ကျင်းမှာ အသာပင် ကိုယ်ရှိန်သတ်လိုက်ရလေသည်။

"မင်း ငါ့ကို သတ်လို့ ရပေမယ့် ငါ့ရဲ့စိတ်ကိုတော့ ပြောင်းအောင် လုပ်လို့ မရပါဘူးကွာ"

ရှန်းဝေက တည်ငြိမ်အေးဆေးသောလေသံဖြင့် ပြော



သည်။ လင်ရှီသည် ဆေးလုံးနှစ်လုံး ထုတ်၍ အဘိုးအိုကို ပစ်ပေးလိုက်သည်။

"ရှေ့ သောက်လိုက် ရှင်သေလို့ မဖြစ်သေးဘူး၊ ရှင့်ကို အသုံးချရဦးမယ်"

ရှန်းဝေအဘိုးအိုက ထီမထင်သော အပြုံးဖြင့် ပြုံးပြလိုက်သည်။

"မင်းရဲ့ ကျာပွတ်ဒဏ်လောက်တော့ ငါခံနိုင်ရည် ရှိပါသေးတယ်၊ ဒါပေမယ့် မင်းရဲ့လက်ချက်နဲ့ ဒုက္ခရောက်လာတဲ့လူကို ကယ်ဖို့အတွက် ဒီဆေးလုံးနှစ်လုံးကိုတော့ ယူထားရလိမ့်မယ်"

"အောင်မယ်၊ သေခါနီးလူက ကြီးကြီးကျယ်ကျယ် ပြောလို့ ရှင့်ရဲ့ လက်နှစ်ဘက်ကို ဖြတ်ထားပစ်ရမယ်"

လင်ရှီ၏ကြိမ်းမောင်းပြောဆိုသံကို ကြားလိုက်ရသောအခါ ဖန်ကျင်းသည် မည်သို့မျှ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ သစ်ကိုင်းတစ်ကိုင်းကို ချိုးကာ လင်ရှီထံ ပစ်လွှင့်လိုက်လေတော့၏။

"ဝှစ်"

တဆက်တည်းမှာပင် ဖန်ကျင်းသည် ကိုယ်ဖော့၍ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ပစ်လွှင့်လာသော သစ်ကိုင်းကို လင်ရှီက ကျာပွတ်ဖြင့် နောက်ပြန်လှည့်ရိုက်ချလိုက်သည်။

ထို့နောက် ဖန်ကျင်းကို ရင်ဆိုင်လိုက်ပြီး...

"မင်းဟာ ဖန်းမျိုးနွယ်ထဲက မဟုတ်လား"

ရုတ်တရက် လှမ်းမေးလိုက်သော လင်ရှီ၏စကားကြောင့် ဖန်ကျင်း အံ့ဩထိတ်လန့်သွားသည်။

မိမိအား တစ်ခါမျှ မမြင်တွေ့ဖူးပါဘဲလျက် ဖန်းအမျိုးအနွယ်ထဲကမှန်း ဒက်ကနဲ သိနေသောကြောင့် ဖြစ်သည်။

"မင်း မာယွင်ရဲ့တပည့်ပဲ ဖြစ်ရမယ်"

လင်ရှီက ဖန်ကျင်းကို စိုက်ကြည့်ယင်း ဒက်ထိပြောလိုက်သည်။

ဤမျှအထိ သိနေသော လင်ရှီကို ငေးကြည့်ယင်း ဖန်ကျင်းပို၍ ထိတ်လန့်တုန်လှုပ်လာ၏။

နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ထို့အတူ လင်ရှီလည်း အနည်းငယ် ထိတ်လန့်သွားလေ၏။

မာယွင်က သူ့တပည့်ကို မိမိအား ခြေရာခံခိုင်းသည်ဟု ထင်မှတ်မိသောကြောင့် ဖြစ်သည်။

ဤတွင် လင်ရှီသည် ဖန်ကျင်းအား နှုတ်ပိတ်မှ ဖြစ်တော့မည်ဟု တွေးတောမိလိုက်သည်။

ကျာပွတ်ကို လက်တွင်ဆယင်း ရှေ့တိုးလာ၏။

"ခင်ဗျားက အပြစ်တွေ ပိုများအောင် ထပ်လုပ်ဦးမလို့လား"

ဖန်ကျင်းက လှမ်းမေးလိုက်သည်။



လင်ရှီက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

ထို့နောက် ကျာပွတ်ကို ခွေလိုက်သည်။

ဖန်ကျင်းက မျက်တောင်မခတ်ကြည့်သည်။

ဤတွင် လင်ရှီသည် လျှပ်တပြက် လှုပ်ရှားလိုက်သည်။

ကျာပွတ်လက်ကိုင်မှ အငွေ့များ ပန်းထွက်လာသည်။

ဖန်ကျင်းမှာ ဘာမှန်းမသိဘဲ ကြောင်၍ ကြည့်နေခိုက် ဦးခေါင်းတစ်ခုလုံး မူးရစ်ရီဝေကာ မြေပေါ် ပျော့ခွေလဲကျသွားတော့သည်။

"ဟား...ဟား...ဟား"

လင်ရှီက ကျေနပ်သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

လင်ရှီ၏ကျာပွတ်လက်ကိုင်သည် သာမန်လက်ကိုင် မဟုတ်ပါချေ။

လျှို့ဝှက်အံဝှက်ပါ၏။

ထိုအံဝှက်ထဲတွင် မြွေပေါင်းတစ်ရာ အဆိပ်များ ထည့်ထားသည်။

ထိုလျှို့ဝှက်အံကို ဖွင့်လိုက်သွားသည်နှင့် အဆိပ်များ ပန်းထွက်ကာ ဖန်ကျင်းကို ထိမှန်သွားခြင်း ဖြစ်သည်။

ထိုစဉ်...

"ဂိး"

ဟူသော သိမ်းငှက်တစ်ကောင်၏အော်သံကို ကြားလိုက်ရသည်။

မော့ကြည့်လိုက်ရာ သိမ်းငှက်တစ်ကောင် ပျံဝဲနေသည်ကို တွေ့ရ၏။

လင်ရှီ၏မျက်နှာ ချက်ချင်းပျက်သွားသည်။

ကမန်းကတန်းပင် လှေငယ်လေးဆီသို့ ပြေးလွှားကာ ကျွန်းကလေးပေါ်မှ ကတိုက်ကရိုက် ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

ဖန်ကျင်း သတိရလာသောအခါ ရှန်းဝေအဘိုးအိုက သူ့အား ပြုံးစုလျှက် ရှိသည်ကို တွေ့ရ၏။

ရှန်းဝေက သူ့အား ပြုံးစုယင်း နှုတ်မှ ရေရွတ်လိုက်သည်။

"ဒီကောင်လေးက အတော်သက်ဆိုးရှည်တဲ့ကောင်ပါလား"

ရှန်းဝေက ယင်းသို့ ရေရွတ်စဉ် ဖန်ကျင်းသည် လူးလဲထ၍ ထိုင်လိုက်သည်။

"ကျွန်...ကျွန်တော် ဘာဖြစ်သွားတာလဲ"

ဖန်ကျင်းက လှမ်းမေးလိုက်သည်။

ဖန်ကျင်း သတိရလာသည်ကို မြင်လိုက်ရသောအခါ ရှန်းဝေမှာ ဝမ်းသာအားရ ဖြစ်သွား၏။



ဖန်ကျင်းကို ပြုံးပြလိုက်ပြီး....

"မင်းဟာ လင်ရှီရဲ့အဆိပ်ကြောင့် သတိလစ်သွားတာပဲ၊ အဲဒီအချိန်မှာ ထုံဟိုင်နတ်မိမယ်ရဲ့ ရှေ့တော်ပြေးသိမ်းငှက်တစ်ကောင်ဟာ ကောင်းကင်ပေါ် ပျံဝဲလာတယ်၊ လင်ရှီဟာ ထုံဟိုင်နတ်မိမယ်ကို ရင်မဆိုင်ရဲလို့ သုတ်ခြေတင် ထွက်ပြေးတာပဲ၊ နို့မို့ယင် မင်း ခုလောက်ဆို အသက်ရှိမှာ မဟုတ်ဘူး၊ ထုံဟိုင်နတ်မိမယ်ဟာ လှေကြီးတစ်စင်းနဲ့ ဒီကို ရောက်လာတယ်၊ မင်းအဆိပ်မိနေတာ သိလို့ ဖြေဆေးတိုက်ပြီး ပြန်ထွက်သွားတယ်"

ဖန်ကျင်းသည် ထုံဟိုင်နတ်မိမယ်အား မြင်တွေ့လိုက်ရခြင်း မရှိသော်လည်း စိတ်ထဲမှ ကြိတ်၍ ကျေးဇူးတင်လိုက်မိလေသည်။

ထိုစဉ်...

ရှန်းဝေသည် အက်ကွဲနေသော ကြေးမုံပြင် အကွဲစတစ်ခုကို ယူ၍ ဖန်ကျင်းကို ပေးလိုက်၏။

"မင်းမျက်နှာ ပြန်ကြည့်စမ်းပါဦး၊ နောက်ပြီး ဘယ်လို ဖြစ်လာတယ်ဆိုတာကိုလဲ ငါ့ကို ပြောပြပါဦး"

ဖန်ကျင်းက ကြေးမုံချပ်ကို ယူကြည့်လိုက်သည်။

ကြေးမုံချပ်၌ ထင်နေသည့် မျက်နှာကို မြင်လိုက်ရသည့်အခါ...

"ဟင်"

ဖန်ကျင်းသည် ထိတ်လန့်အံ့သြကာ ကြေးမုံချပ်ကို လွှတ်ချ

လိုက်မိသည်။

သူ၏မျက်နှာ အောက်ပိုင်းတစ်ခုလုံးမှာ ဒဏ်ရာဒဏ်ချက်ဖြင့် လွန်စွာ အကြည့်ရဆိုးစွာ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ချောမောခန့်ညားသော သူ၏မျက်နှာသည် ယခုအခါ၌ မြင်ရသူကိုပင် ထိတ်လန့်သွားစေလောက်အောင် အရုပ်ဆိုးအကျည်းတန်နေချေပြီတကား။

ရှန်းဝေ သက်ပြင်းချလိုက်သည်။

"သိပ်လဲ စိတ်ထိခိုက်မနေပါနဲ့ကွာ၊ ဆေးကောင်းတွေ့ယင် ပျောက်သွားမှာပါ၊ ဒါနဲ့ မင်းက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ"

ဖျောင်းဖျှနှစ်သိမ့်ယင်း ဖန်ကျင်း၏အကြောင်းကို မေးမြန်းလိုက်သည်။

ဖန်ကျင်းက မိုးစွေတောင်ကြားမှ ထွက်ခွာလာခဲ့ရပုံမှစကာ ဤကျွန်းကလေးပေါ် ရောက်လာသည်အထိ စီကာပတ်ကုံး ပြန်လည်ပြောပြလိုက်လေသည်။

ရှန်းဝေအဘိုးအိုက ခေါင်းတညိတ်ညိတ် နားထောင်ရာမှ ဖန်ကျင်း၏စကား ဆုံးသွားသောအခါ သက်ပြင်းတစ်ချက်ချလိုက်မိ၏။

"အင်း မာယွင်နဲ့ယုဝါးဟာ အင်မတန် လိုက်ဖက်ညီတဲ့ အတွဲ



တွေပါ၊ ယုဝါးရဲ့အစ်ကို စင်းကျန်းကတော့ လူရမ်းကားတစ်ယောက်ပဲ၊ ဒါပေမယ့် မာယွင်တို့က ဖျောင်းဖျဆုံးမလိုက်တဲ့အတွက် အသက်လေးဆယ့်ငါးနှစ်မှာ မကောင်းမှုအားလုံးကို စွန့်လွှတ်လိုက်တယ်၊ အိမ်ထောင်လဲကျသွားတယ်၊ ဒါပေမယ့် ကလေးမရလို့ နောက်ထပ်အိမ်ထောင်ပြုတယ်၊ သူ့ရဲ့နောက်အိမ်ထောင်ကတော့ မင်း စောစောက တွေ့ခဲ့ရတဲ့ မြွေနက်မလင်ရှီပါပဲ"

ယင်းသို့ ပြောဆိုပြီးနောက် ရှန်းဝေသည် ဖန်ကျင်းကို သေချာစွာ စူးစိုက်ကြည့်လိုက်၏။

ထို့နောက် တည်ကြည်လေးနက်သော လေသံဖြင့် စကားဆက်လိုက်သည်။

"စင်းကျန်းဟာ လင်ရှီနဲ့ အိမ်ထောင်ကျသွားပြီးတဲ့နောက်မှာ တစ်ခါပြန်ပြီး ခိုးဆိုးတိုက်ခိုက်ပြန်တယ်၊ အဲဒီအချိန်မှာပဲ လင်ရှီနဲ့ ငါနဲ့ တည်းခိုခန်းတစ်ခုမှာ တွေ့ခဲ့ကြတယ်၊ လင်ရှီမှာ အိမ်ထောင်ရှိတယ်ဆိုတာ ငါ မသိဘူး၊ ဒါနဲ့ ပြောရယင် ငါနဲ့ လင်ရှီနဲ့ ပေါင်းဖက်မိကြတယ်ဆိုပါတော့"

ဖန်ကျင်းသည် ရှန်းဝေ၏စကားကို စိတ်ဝင်စားလာလေသည်။

ထို့ကြောင့် ငြိမ်သက်စွာပင် နားစွင့်နေမိသည်။

ရှန်းဝေက စကားဆက်လိုက်သည်။

"နောက်ပိုင်း သူ့မှာ အိမ်ထောင်ရှိမှန်း ငါသိလိုက်ရတယ်၊

ဒါကြောင့် လင်ရှီနဲ့ ဝေးရာကို ငါရှောင်ထွက်သွားတယ်၊ ဒါကိုသိတော့ လင်ရှီဟာ ပက်စက်တဲ့ အကြံအစည်တစ်ခု ကြံစည်တယ်၊ တစ်နေ့မှာ သူဟာ စင်းကျန်းနဲ့ မာယွင်ကို အရက်တိုက်တယ်၊ အရက်ထဲမှာ အိပ်ဆေးခတ်ထားလိုက်တယ်၊ နှစ်ယောက်စလုံး အိပ်ပျော်သွားတဲ့အခါ မာယွင်ရဲ့လက်နက်နဲ့ စင်းကျန်းကို လုပ်ကြံလိုက်တော့တာပဲ၊ ဒီတော့ စင်းကျန်းရဲ့ညီမ ယုဝါးက မာယွင်ကို အထင်လွဲသွားရောပေါ့"

ဖန်ကျင်းမှာ ကြက်သီးများ ထမတတ် ထိတ်လန့်တုန်လှုပ်သွားရလေသည်။

ထို့ကြောင့် ဆရာဖြစ်သူက လင်ရှီကို ဂရုစိုက်ရန် သတိပေးခဲ့ခြင်း ဖြစ်ကြောင်း နားလည်လာသည်။

"အဲ ဇာတ်လမ်းက မပြီးသေးဘူးကွ၊ စင်းကျန်း မသေခင်က စင်းကျန်းရဲ့တပည့်မတစ်ဦးနဲ့ မေတ္တာသက်ဝင်ခဲ့ကြသေးတယ်၊ ကောင်မလေးနာမည်က ချိုချင်းတဲ့၊ သူကိုယ်ဝန် ရှိလာတော့ စင်းကျန်းကို ပြောမပြရဲဘူး၊ လင်ရှီ သိတော့ မေးတယ်၊ ချိုချင်းက ရွာသားတစ်ယောက်နဲ့ ရတာလို့ ပြောတယ်၊ ဒါပေမယ့် မွေးလာတဲ့ကလေးက စင်းကျန်းနဲ့ တထေရာတည်း ဖြစ်နေတယ်၊ ချိုချင်းလဲ လင်ရှီနဲ့ မနေရဲတော့ဘဲ ထွက်ပြေးလာခဲ့ရတယ်"

ရှန်းဝေက ဖန်ကျင်းကို တစ်ချက်ကြည့်ကာ စကားဆက်လိုက်လေသည်။

"ထွက်ပြေးလာတဲ့ ချိုချင်းဟာ ငါနဲ့ တွေ့တယ်၊ လင်ရှီက



စင်းကျန်းကို လုပ်ကြံပြီး မာယွင်အပေါ် အပြစ်ပုံချခဲ့တဲ့အကြောင်း ငါ့ကို အားလုံးပြောပြတယ်၊ ငါလဲ ချိုချင်းကို သနားပြီး ထင်းစန်းတောင်ကို ပို့ပေးလိုက်တယ်၊ ဒီအကြောင်း သိတော့ လင်ရှီဟာ ငါ့အပေါ် မကျေမချမ်း ဖြစ်ပြီး ကျွန်းကလေးမှာ ဒဏ်ခတ်ထားခဲ့တာပဲ၊ ငါလဲ ဒီကျွန်းကလေးမှာ ဆယ့်ရှစ်နှစ်လုံးလုံးနေယင်း သိုင်းပညာ လေ့ကျင့်လာခဲ့တာမို့ လင်ရှီရဲ့ဒဏ်ကို ကောင်းကောင်းခံနိုင်ရည် ရှိနေပါပြီကွာ"

ရှန်းဝေက တရှည်တလျား ပြောပြသည်။

သူ၏ပြောပြချက်ကြောင့် ဖန်ကျင်းသည် မိမိ၏မိခင်မှာ ချိုချင်း ဖြစ်ကြောင်း သိရှိခဲ့ရတော့၏။

♠ ♠ ♠

ဖန်ကျင်းသည် ဖခင်ဖြစ်သူ စင်းကျန်း၏အုတ်ဂူရှိရာသို့ ရောက်ခဲ့သည်။

ဖခင်၏အုတ်ဂူအား ဦးချကန်တော့ကာ လင်ရှီ နောက်သို့ ခြေရာခံလိုက်သည်။

လင်ရှီနှင့် သွေးဘွားဘွားတို့မှာ သွေးသောက်ညီအစ်မများ ဖြစ်ကြောင်း သိရသည့်အပြင် လင်ရှီကိုယ်တိုင် သွေးဘွားဘွားထံ ထွက်ခွာသွားသည်ဟု သတင်းကြားရသည်။

သူတို့နှစ်ယောက်ကား မကောက်းမှု ဒုစရိုက် အလုပ်များကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြသူများ ဖြစ်၍ ၎င်းတို့အား တိုက်ခိုက်နှိမ်နင်းရန် ဖန်ကျင်း ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် သွေးဘွားဘွားထံ ရောက်ရှိသွားကာ စိန်ခေါ် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်တွင် သမားတော်ကြီးတို့သားအဖ ရောက်လာသဖြင့် ဖန်ကျင်း ရှောင်ထွက်ခဲ့ရသည်။

သူသည် လောလောဆယ် အချိန်တွင် လုအော်နှင့် မတွေ့လိုသေးသဖြင့် မျက်နှာဖုံးစွပ်၍ တစ်ချိန်လုံး ရုပ်ဖျက်ထားခဲ့ခြင်း ဖြစ်လေသည်။

လင်ရှီမှာလည်း သူမ၏အကြံအစည်များ ပူးပေါင်းကူညီရန် သွေးဘွားဘွားက ငြင်းပယ်လိုက်သဖြင့် ဒေါသအကြီးအကျယ် ထွက်လျက် ရှိသည်။



သို့ဖြင့် သွေးဘွားဘွား၏ လိုဏ်ဂူကို ယမ်းမှုန့်ဖြင့် ဖောက်ခွဲလုပ်ကြံသည်။

သို့သော် သွေးဘွားဘွားက အချိန်မီ သိရှိသွားသဖြင့် လင်ရှီ၏အကြံအစည်မှာ မအောင်မြင်ခဲ့ချေ။

ထိုအခြေအနေတွင် လိုဏ်ဂူအပျက်ကြားမှ ရှေးဟောင်းဆေးမြစ်တစ်ခုကို ဖန်ကျင်း ရှာဖွေတွေ့ရှိပြီး လုအော်ကို တိတ်တဆိတ် ဝင်ရောက်ကုသပေးလိုက်လေသည်။

♠ ♠ ♠

## လျှို့ဝှက်ချက်

ဖန်ကျင်းသည် သူကြုံတွေ့ခဲ့ရသမျှကို အစမှအဆုံးတိုင် ပြောပြလိုက်သည်။

သမားတော်ကြီးတို့လူစုက စိတ်ဝင်စားစွာပင် နားထောင်နေခဲ့ကြ၏။

ဖန်ကျင်း၏စကားအဆုံးတွင် ကျောက်ဖေးက မေးလိုက်လေသည်။

"ကဲ ဒါဆို အခု မင်း မြွေနက်မလင်ရှီကို အယင်ရှာမလား၊ ဒါမှမဟုတ်ယင် မိုးတောင်သွားပြီး ကောင်းကင်ပန်းပင်ကို ရှာမလား"

ဖန်ကျင်းမှာ ဝေခွဲဆုံးဖြတ်ရခက်သွားသည်။



ဤတွင် ကျောက်ဖေးကပင် အကြံပြုလိုက်လေသည်။

"ကဲကွာ ဒီလိုလုပ်၊ သမားတော်ကြီးတို့သားအဖက မိုးတောင်ကိုသွားပြီး ကောင်းကင်ပန်းပင်ကိုရှာ၊ ငါရယ်၊ ထင်းလွှေရယ် နောက်ပြီး ယွဲ့ဟွားရယ်က ယွဲ့ဟွားရဲ့မိဘကို သတ်တဲ့ တရားခံကိုပါ ရှာမယ်၊ ဩော် ဒါနဲ့ စကားမစပ်ပြောရဦးမယ်၊ ငါ မင်းရဲ့ဆရာဆီကို ရောက်ခဲ့သေးတယ်၊ ဂူအောင်းပြီး အတွင်းအား လေ့ကျင့်နေတယ်လို့ စာရေးထားတယ်၊ ရော့ မင်းဖတ်ကြည့်လိုက်ဦး"

ပြောပြောဆိုဆိုဖြင့် စာကို ပေးလိုက်သည်။

သမားတော်ကြီးက လက်ဆင့်ကမ်းကာ ယူလိုက်သည်။

ဤတွင် ရေနွေးကြမ်းပန်းကန်ကို တိုက်မိကာ စာရွက်ရေစိုသွားသည်။

သမားတော်ကြီးက စာရွက်ကို ယူ၍ ရေကို သုတ်လိုက်လေသည်။

ရေစိုသောကြောင့် စာရွက်ပေါ်မှ စာများ ပျက်သွားပြီး လျှို့ဝှက်စာ ပေါ်လာသည်။

စာကို ဖတ်ယင်း သမားတော်ကြီး မျက်မှောင်ကြုတ်သွား၏။

ကမန်းကတန်း စာကို ဆွဲဆုတ်လိုက်သည်။

ကျောက်ဖေး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာစာတွေ ပေါ်လာလို့ ဆုတ်ပစ်လိုက်ရတာလဲဗျ"

“ခြော်် အခြား မဟုတ်ပါဘူး၊ ယုဝါး အန္တရာယ် တွေ့နေတယ်တဲ့၊ အဲဒါ ခင်ဗျား အကူအညီပေးနိုင်မလားလို့ မေးထားတဲ့စာပါ”

“အို ဘာလို့ မကူညီနိုင်ရမှာလဲ၊ ငါ့တပည့်လေးနဲ့ ငါသွားမယ်၊ ယုဝါးနဲ့ တွေ့တဲ့အခါ မာယွင်မှာ ဘာအပြစ်မှ မရှိတဲ့အကြောင်း ပြောပြလိုက်ဦးမယ်”

ကျောက်ဖေးက မဆိုင်းမတွ ပြန်ပြောလိုက်သည်။

ထိုစဉ် လေတစ်ချက် သုတ်ခနဲ တိုက်ခတ်သွား၏။

ဆုတ်ဖြဲထားသော စက္ကူများ တစ်စစီ လွင့်သွားသည်။

လွင့်သွားသော စက္ကူစများကို ကြည့်ယင်း သမားတော်ကြီး တွေဝေငေးမောလျက် ရှိနေ၏။

မည်သည့်အကြောင်းကို တွေးတောစဉ်းစားနေပါသနည်း။

သမားတော်ကြီးသာ သိနိုင်ပေလိမ့်မည်။

♠ ♠ ♠



ဖန်ကျင်းသည် လင်ရှီးယုတ်မာခဲ့ပုံများကို စာဖြင့် ရေးသား၍ ဆရာဖြစ်သူ မာယွင်ထံ ခိုဖြူဖြင့် ပေးပို့လိုက်သည်။

ပြီးနောက် စာတစ်စောင်ကိုမူ ကျောက်ဖေးနှင့်အတူ ဆရာမကြီးယုဝါးထံ ပို့ပေးလိုက်သည်။

ကျောက်ဖေးလည်း စာကို ယူကာ အားလုံးကို နှုတ်ဆက်၍ ထွက်သွားသည်။

ဤတွင် အရက်အိုးကြီးထင်းလွေက သမားတော်ကြီးကို လှမ်းမေးလိုက်လေသည်။

“စောစောက စာဟာ ယုဝါးက ကျောက်ဖေးကို တကယ်ပဲ အကူအညီ တောင်းတဲ့စာလား”

သမားတော်ကြီးက ပြုံးလိုက်သည်။

“စာက ရေစိုသွားတော့ လျှို့ဝှက်စာ ပေါ်လာတယ်၊ ကျောက်ဖေး အနေနဲ့ ကြီးမားတဲ့ အန္တရာယ် ကျရောက်လာတော့မယ်လို့ သတိပေးထားတဲ့စာပါဗျာ”

ထင်းလွေ မျက်မှောင်ကြုတ်လိုက်မိသည်။

“ဒါဆို ဘာဖြစ်လို့ သူ့ကို ယုဝါးဆီ သွားခိုင်းရတာလဲ”

“စာထဲကအတိုင်း သူ့ကို ပြောယင် သူယုံမှာ မဟုတ်ဘူး၊ ယုံသည့်တိုင်လဲ သူက ဂရုစိုက်မှာ မဟုတ်ဘူး၊ ဇွတ်တိုးပြီးနေမှာ၊ ဒါကြောင့် သူ့ကို လှည့်စားလိုက်ရတာ၊ ယုဝါးဆီ ရောက်သွားယင် သူ့အဖို့ အန္တရာယ်ကင်းတာပေါ့”

သမားတော်ကြီး ရှင်းပြမှ ထင်းလွေ သဘောပေါက်ကာ တဟားဟား ရယ်မောလိုက်သည်။

"ခင်ဗျားကြီး အကြံတော်တော်ကောင်းတယ်"

ထို့နောက်တွင် သမားတော်ကြီးတို့သားအဖက မိုးတောင်သို့ ထွက်ခွာသွားကြသည်။

ယွဲ့ဗွားနှင့် ထင်းလွေတို့က ယွဲ့ဗွား၏မိဘများကို လုပ်ကြံသွားသူ ကျန်းညီနောင်အား ရှာဖွေရန် ထွက်ခွာသွားသည်။

ဖန်ကျင်းမှာ လုအော်က အတင်းခေါ်သဖြင့် သမားတော်ကြီးတို့နှင့် ပါသွားလေသည်။

♠ ♠ ♠

မိုးတောင်သည် ဟိမဝန္တာတောင်နှင့် ဆက်နွယ်နေသည်။

ထို့အတူ တိဗက်တောင်တန်းများနှင့်လည်း ဆက်နွယ်လျက် ရှိနေ၏။

ဖန်ကျင်းနှင့် သမားတော်ကြီးတို့သားအဖသည် မြင်းသုံးကောင်ဖြင့် ယင်းတောင်တန်းများဆီသို့ ဦးတည်ထွက်ခွာလာခဲ့ကြသည်။

လမ်းခရီးတစ်နေရာတွင် စန်းကျင်းဆိုသူနှင့် တွေ့ဆုံမိကြသည်။



စန်းကျင်းမှာ အာမခံဌာနတစ်ခုမှ ဌာနမှူး ဖြစ်၏။

လွန်ခဲ့သော နှစ်နှစ်ဆယ်လောက်က ကွဲကွာသွားခဲ့သော သမားတော်ကြီး၏မိတ်ဆွေတစ်ဦး ဖြစ်သည်။

လမ်းခရီးမှာ တဖြည်းဖြည်း ဆိုးရွားကြမ်းတမ်းလာ၏။

သမားတော်ကြီးသည် သူ၏မိတ်ဆွေ စန်းကျင်းအတွက် အဖော်ရစေရန် အတူတကွပင် လိုက်ပါလာခဲ့သည်။

အတန်ကြာ ခရီးနှင်မိသော် လမ်းကျဉ်းတစ်ခုသို့ ရောက်ရှိလာသည်။

လမ်းကျဉ်းပေါ်တွင် ကြီးမားလှသော အုန်းမောင်းခေါက်သည့် တုံးကြီးတစ်တုံးက ကန့်လန့်ဖြတ် လမ်းပိတ်ဆို့လျက် ရှိသည်ကို တွေ့မြင်ကြရသည်။

စန်းကျင်း၏အာမခံအဖွဲ့သားတစ်ဦးက ပိတ်ဆို့နေသော သစ်တုံးကို ဖယ်ရှားသည်။

သို့သော် သစ်တုံးကြီးမှာ ကြီးမားလှသဖြင့် မည်သို့မျှ ဖယ်ရှားမရဘဲ ဖြစ်နေသည်။

ဤတွင် ဖန်ကျင်းသည် မနေသာတော့ဘဲ ဝင်ရောက်ကူညီလေသည်။

လမ်းပိတ်နေသော သစ်တုံးကို ကျာပွတ်ဖြင့် ရစ်ပတ်ပြီး မြင်းနှင့် ဆွဲလိုက်သည်။

ထိုအခါမှ လမ်းပွင့်သွားလေသည်။

ထိုစဉ် ပိန်ပိန်ပါးပါးအဘိုးအိုတစ်ဦးသည် ပုန်းကွယ်နေရာမှ ထွက်လာ၏။

စန်းကျင်းကို စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး

"စန်းကျင်း၊ မင်းသယ်လာခဲ့တဲ့ပစ္စည်း ငါ့ကို ပေးပြီး ထွက်သွားပါ။ မင်းတို့ အသက်ကို ငါချမ်းသာပေးလိုက်မယ်"

စန်းကျင်းသည် အဘိုးအိုကို မြင်သည်နှင့် အနည်းငယ် ထိတ်လန့်သွားသည်။

ဖန်ကျင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထိုစဉ် မိန်းကလေးတစ်ဦးသည် ကျောက်တုံးနောက်ကွယ်မှ ဘွားခနဲ ထွက်လာသည်။

မိန်းကလေးသည် စန်းကျင်းကို လှမ်းကြည့်ကာ...

"ကျွန်မအမေ ဆေးကုဖို့ ငွေတစ်ဆယ်သားလောက် ပေးမယ်ဆိုယင် ဒီအဘိုးကြီးရန်က ရှင်တို့ကို ကျွန်မကာကွယ်ပေးပါ့မယ်"

ဟုပြောလိုက်သည်။

ဖန်ကျင်းမှာ မိန်းကလေးကို အကဲခတ်ကြည့်ကာ တွေးတောလိုက်မိသည်။

"ဒီမိန်းကလေး ကြည့်ရတာ အဘိုးအိုကို နိုင်မယ့်ပုံ မပေါ်ဘူး၊ သူ့မှာ တကယ် အခက်အခဲ ရှိလို့ စွန့်စားတာ ထင်ပါရဲ့၊ ဒါဆို သူ့ကို ငါကူညီသင့်တယ်"



အဘိုးအိုက မျက်နှာရှုံ့မဲ့ကာ...

"အံမာ နို့နံ့တောင် မစင်သေးတဲ့ ကောင်မလေးက ငါ့ကို ယှဉ်မယ်ဆိုပါလား ရယ်စရာပဲ"

ပြီးလျှင် စိတ်မရှည်ဟန်ဖြင့် စန်းကျင်းကို လှမ်းကြည့်ကာ ပြောပြန်သည်။

"ဘယ်လိုလဲ စန်းကျင်း၊ မင်းပစ္စည်းတွေ ခုထိ အောက်မချသေးပါလား"

ယင်းသို့ ပြောဆိုနေခိုက် မိန်းကလေးသည် အဘိုးအိုအား ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်တော့သည်။

မိန်းကလေး၏တိုက်ကွက်ကို မြင်လိုက်ရသောအခါ သမားတော်ကြီး မျက်မှောင်ကြုတ်သွားသည်။

ကပျာကယာ လှမ်းအော်ဟန့်တားလိုက်သည်။

"ရပ်လိုက်"

နှစ်ယောက်စလုံး ကြောင်အမ်းအမ်းဖြင့် ရပ်သွားကြလေသည်။

"မိန်းကလေးချင်း ဒီဘက်ကိုလာ"

သမားတော်ကြီးက လှမ်းခေါ်လိုက်သည်။

မိန်းကလေးမှာ ကြောင်တက်တက် ဖြစ်သွားသည်။

မိမိအမျိုးအနွယ်အမည်ကို သမားတော်ကြီးကား သိနေသည့်အတွက် အံ့အားသင့်ကာ ကြောင်အမ်းအမ်း ဖြစ်ရခြင်းပင်။

"ကဲ ဖန်ကျင်း၊ ဒီအဘိုးအိုကို မင်းပဲ ဆုံးမလိုက်ပေတော့"

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

ဖန်ကျင်းက အဘိုးအိုထံ လက်တစ်ဘက် နောက်ပစ်ယင်း လျှောက်လာသည်။

လက်တစ်ဘက်တည်းဖြင့် တိုက်ခိုက်မည်ဟူသော သဘော ဖြစ်သည်။

"အောင်မာ၊ မင်းက ငါ့ကိုများ မလေးမခန့်နဲ့၊ ငါ့အကြောင်း သိစေရမယ်"

အဘိုးအိုက လက်ဝါးနှစ်ဘက်ကို ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

ဖန်ကျင်းက လက်တစ်ဘက်တည်းဖြင့် ပုတ်ထုတ်လိုက်လေသည်။

အဘိုးအို မျက်မှောင်ကြုတ်သွားသည်။

ဤလူငယ်အား တော်ရုံဖြင့် အနိုင်ရမည် မဟုတ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် တရကြမ်းပင် တိုက်ခိုက်လိုက်လေသည်။

အဘိုးအို၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်လှသည်။

သို့သော် ဖန်ကျင်းမှာ အလွယ်တကူ ရှောင်လိုက်နိုင်၏။

အဘိုးအို၏လက်ဝါးရိုက်ချက်မှာ ဖန်ကျင်းအား မထိဘဲ ကျောက်တုံးတစ်တုံးကိုသာ ရိုက်မိသွား၏။



"ဝုန်း"

ကျောက်တုံးကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ကြေမွသွားသည်။

ဖန်ကျင်းက ပြုံးလိုက်သည်။

"ကဲ ခင်ဗျားရဲ့ လက်ဝါးရိုက်ချက်ကို ကျုပ်ရှောင်လို့ပြီးပြီ၊ ခု ကျုပ်အလှည့်ပဲ၊ ခင်ဗျား သတိသာ ထားပေတော့ဗျ"

စကားသံဆုံးသည်နှင့် ဖန်ကျင်းသည် ကိုယ်ဖော့ပညာဖြင့် အဘိုးအိုထံ ခုန်ဝင်လိုက်သည်။

ဖန်ကျင်း၏ကိုယ်ခန္ဓာသည် မြွေတစ်ကောင်ပမာ လေထဲ၌ လူးလွန့်ယင်း အဘိုးအိုထံ ရောက်ရှိသွားသည်။

တဆက်တည်းမှာပင် တိမ်ပျံလက်သိုင်းကို ထုတ်သုံးလိုက်သည်။

ယင်းသိုင်းကွက်ကား လေလွင့်သိုင်းသမားကြီး ကျောက်ဖေး သင်ကြားပေးထားသည့် သိုင်းကွက် ဖြစ်သည်။

လက်နက်မဲ့ တိုက်ခိုက်နည်းတွင် ထိရောက်ပြင်းထန်သော တိုက်ကွက် ဖြစ်သည်။

ထို့ကြောင့် ဖန်ကျင်းသည် ဤသိုင်းကွက်ကို ထုတ်သုံးတိုက်ခိုက်လိုက်ခြင်း ဖြစ်လေ၏။

လူးလွန့်လှုပ်ရှားနေသော လက်ဝါးရိပ်များသည် အဘိုးအို၏တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

အဘိုးအိုမှာ မည်သို့ ခုခံရမှန်း မသိအောင် ကြောင်ငေးသွား၏။

ထိုစဉ်မှာပင်...

"ဖြောင်း"

တစ်စုံတစ်ခု ကျိုးသံ ထွက်ပေါ်လာ၏။

နံဘေးမှ ကြည့်နေသူများ တအံ့တဩ ကြည့်နေခိုက်မှာပင်

"အား"

အဘိုးအို၏ညာဘက်လက် တွဲလောင်းကြီး ကျလာသည်။

ညာဘက်လက် ကျိုးသွားခြင်းပင် ဖြစ်တော့သည်။

အဘိုးအိုသည် ကျိုးသွားသော ညာဘက်လက်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ယင်း ဖန်ကျင်းကို အခဲမကျေနိုင်ဟန်ဖြင့် လှမ်းကြည့်သည်။

"မင်း တစ်နေ့ ငါ့အကြောင်း ကောင်းကောင်းသိရစေမယ်"

အဘိုးအိုသည် ခံပြင်းသော လေသံဖြင့် ပြောဆိုရေရွတ်ယင်း ထိုနေရာမှ ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

♠ ♠ ♠



"မင်း စောစောက အသုံးပြုခဲ့တဲ့ တိုက်ကွက်တွေက လေလိုက်သိုင်းကွက်တွေပဲ၊ ဒီသိုင်းကွက်ကို တတ်တာ ဖုံးဟိုက်ပဲ ရှိတယ်၊ မင်းက ဖုန်းဟိုက်နဲ့ ဘာတော်သလဲ"

အဘိုးအို ထွက်ခွာသွားသောအခါ သမားတော်ကြီးက မိန်းကလေးချင်းကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

မိန်းကလေးချင်းက မဆိုင်းမတွပင် ပြန်ဖြေသည်။

"ဖုံးဟိုက်က ကျွန်မအဖေပါ၊ ဖေဖေ ဆုံးတာ ငါးနှစ်လောက် ရှိသွားပါပြီ၊ ဒါနဲ့ ဘာဘာကြီးက ဖေဖေ့ကို သိလို့လား"

သမားတော်ကြီးသည် စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်၏။

"အင်း သိုင်းလောက,က မိတ်ဆွေတွေလဲ တစ်ယောက်ပြီး တစ်ယောက် ဆုံးပါးကုန်ကြပါလား"

သမားတော်ကြီးက ခပ်ညည်းညည်းရေရွတ်လိုက်၏။

ထို့နောက် တစ်စုံတစ်ရာ သတိရလာဟန်ဖြင့်...

"ဒါနဲ့ မင်းအမေကို ဆေးကုဖို့ မင်း ငွေတစ်ဆယ်သား လိုတယ်ဆို မင်းအမေ ဘာဖြစ်နေတာလဲ"

"ဘာရောဂါမှန်း မသိပါဘူး ဘာဘရယ်၊ အိပ်ရာထဲ လဲနေတာ ကြာပါပြီ"

"ဒါဆို ငါလိုက်ကြည့်ပေးမယ်၊ ငါက သမားတော်တစ်ယောက်ပဲကွယ်"

"ဝမ်းသာလိုက်တာရှင်"

မိန်းကလေးချင်းမှာ ဝမ်းသာအားရ ဖြစ်သွားသည်။

သမားတော်ကြီး ခေါင်းညိတ်လိုက်၏။

"ကဲ မင်းအမေ ရောဂါ စစ်ဆေးရအောင် ရှေ့က လမ်းပြပေတော့"

ထို့နောက် သူတို့သည် မိန်းကလေးချင်းနောက်သို့ လိုက်သွားကြလေတော့သည်။

♠ ♠ ♠



## ကောင်းကင်ပန်းပင်

သမားတော်ရှုယင်တို့လူစုသည် ချင်းချင်း၏နေအိမ်သို့ လိုက်သွားကြသည်။

ထို့နောက်...

ချင်းချင်း၏မိခင်ကို ဆေးဝါးကုသပေးလိုက်ကြပြီး ခရီးဆက်လိုက်သည်။

ခရီးမဆက်မီ သမားတော်ရှုယင်က သူ၏သိုင်းပညာများကို လက်ရေးသားဖွယ် ရေးသားကာ ချင်းချင်းအား လေ့ကျင့်ရန် ပေးထားခဲ့၏။

ပြီးလျှင် မိုးတောင်သို့ ခရီးဆက်၏။

စန်းကျင်းတို့လည်း နယ်ခြားမြို့သို့ လမ်းခွဲ ခရီးထွက်သွားသည်။

သမားတော်ရှုယင်သားအဖနှင့် ဖန်ကျင်းတို့သုံးဦးသား မိုးတောင်သို့ ခရီးဆက်ခဲ့ကြသည်။

မိုးတောင်ခြေသို့ ရောက်သည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံး ဆီးနှင်းခဲများ ဖုံးအုပ်နေသည်ကိုသာ တွေ့ရ၏။

သစ်ပင်များပေါ်တွင်လည်း ဆီးနှင်းခဲ ဖြူဖြူကြီးများက ဖုံးအုပ်ထားသည်။

အကိုင်းအခက်အလက်ကိုပင် မမြင်ရချေ။

ဆီးနှင်းပင်ကြီးများကဲ့သို့ ဖြစ်နေသည်ကိုသာ တွေ့မြင်ရသည်။

ဆီးနှင်းပွင့်များက မိုးစက်သဖွယ် တဖွဲဖွဲ ကျဆင်းလျက်ရှိနေသည်။

မြေပြင်တစ်ခုလုံးကိုလည်း ဆီးနှင်းများက ဖုံးအုပ်ထားသည်။

ထို့ကြောင့်…

ဆီးနှင်းဖုံးနေသည့် တွင်းချိုင့်ထဲ ကျမသွားစေရန် တုတ်များဖြင့် ထိုးထောက်၍ ခရီးဆက်ကြသည်။

အေးစက်သော လေများက တဝီဝီ တိုက်ခတ်လျက် ရှိလေ၏။



အရိုးကွဲမတတ် အေးစိမ့်နေပေသည်။

သမားတော်ရှုယင်တို့လူစုသည် မိုးတောင်အနှံ့ လှည့်ပတ်သွားလာယင်း ကောင်းကင်ပန်းပင်ကို ရှာကြသည်။

ယင်းသို့ ရှာဖွေခဲ့ကြရာ တောင်ကမူ အစွန်းတစ်နေရာ၌ ကြာပန်းကဲ့သို့ အပွင့်တစ်ပွင့် ထူးထူးခြားခြား ပွင့်ဖူးနေသည်ကို တွေ့မြင်ရသည်။

အနားသို့ သွားရောက်ကြည့်ရှုသည့်အခါ ပန်းပွင့်သည် အခြားတောင်တစ်တောင်၏ အစွန်းထွက်နေသော တောင်စွယ်တစ်ခုပေါ်၌ ပေါက်ရောက်နေခြင်း ဖြစ်ကြောင်း တွေ့ရသည်။

"အဲ..အဲဒါပဲ ကောင်းကင်ပန်းပင်ဆိုတာ"

သမားတော်ရှုယင်က ဝမ်းသာအားရ ပြောဆိုသည်။

သို့သော်…

သူတို့ ရပ်နေသည့်နေရာနှင့် ကောင်းကင်ပန်းပင်မှာ အလှမ်းကွာနေသည်။

ကြား၌ ခြေချစရာမရှိ။

နက်ရှိုင်းသော ချောက်ကမ်းပါးကြီး ခြားနေသည်။

ဝါးတစ်ရိုက်နီးပါးမျှ ကွာ၏။

ကောင်းကင်ပန်းပင်ကို ဆွဲနုတ်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။

သူတို့သုံးယောက်စလုံး အကျပ်ရိုက်သွားကြ၏။

ကောင်းကင်ပန်းပင်ကို မည်သို့ နုတ်ယူရမှန်း မသိအောင်

ဖြစ်နေမိကြတော့သည်။

ကောင်းကင်ပန်းပင်ကို ငေးကြည့်နေခိုက် ဖန်ကျင်း အကြံတစ်ခု ရလာသည်။

ခါးတွင် ပတ်ယူလာသော ကျာပွတ်ကို ဆွဲထုတ်လိုက်လေ၏။

သို့သော်...

ကျာပွတ်ဖျားက ကောင်းကင်ပန်းပင်ဆီအထိ မရောက်ပါချေ။

တစ်တောင်ခန့် လိုနေ၏။

ဖန်ကျင်း မျက်မှောင်ကြုတ်ယင်း အကြံထုတ်ရပြန်သည်။

"ကျွန်တော်အကြံရပြီ၊ ဦးက ကျွန်တော့်ရဲ့ ခြေထောက်ကို မြဲမြဲကိုင်ထား၊ ကျွန်တော် ရှေ့ကို ဝမ်းလျားထိုးမှောက်ပြီး ပန်းပင်ကို ကျာပွတ်နဲ့ ဆွဲယူမယ်"

"ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ် ဦး"

လုအော်က စိုးရိမ်နေသည်။

စိတ်လည်း မချပေ။

မတော်တဆ ခြေချော်ကျပါက ချောက်ထဲ ထိုးကျသွားနိုင်သည်။

"အစ်ကို အန္တရာယ် များတယ်နော်"



ဖန်ကျင်းက ပြုံးပြလိုက်၏။

"မစိုးရိမ်ပါနဲ့ အဆင်ပြေသွားမှာပါ"

ပြောပြောဆိုဆိုဖြင့် ကျာပွတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်၏။

သမားတော်ရှုယင်က ဖန်ကျင်း၏ခြေကို မြဲမြဲစွာ ဖမ်းချုပ်ထားလိုက်သည်။

ဖန်ကျင်းသည် ရှေ့ဘက်သို့ ဝမ်းလျားထိုးချလိုက်လေ၏။

တဆက်တည်းမှာပင် ကျာပွတ်ဖြင့် ပန်းပင်ရှိရာသို့ ဝှေ့ယမ်းလိုက်သည်။

သူ၏ကိုယ်ခန္ဓာသည် ချောက်ကမ်းပါးထဲသို့ ကျသွားလေ၏။

သို့သော်...

သမားတော်ရှုယင်က သူ၏ခြေထောက်ကို ဖမ်းချုပ်ထားသဖြင့် ချောက်ထဲ ကျသွားခြင်း မရှိပေ။

ပန်းပင်မှာမူ ကျာပွတ်ဖျားနှင့် ငြိကာ လုအော်ရှေ့ ကျရောက်လာ၏။

သမားတော်ရှုယင်က ဖန်ကျင်းကို ပြန်လည်ဆွဲတင်လိုက်သည်။

ထို့နောက် ကောင်းကင်ပန်းပင်ကို လှမ်းယူ၍ သေချာစွာ စစ်ဆေးကြည့်ရှုလိုက်၏။

"ဒါကောင်းကင်ပန်းပင် မဟုတ်ဘူးကွ၊ သက်တမ်းနုတယ်"

ထိုစကားကြားလိုက်ရသောအခါ ဖန်ကျင်းမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားရတော့သည်။

♠ ♠ ♠

"အင်း တို့ ကြိုးစားခဲ့တာ အလကား ဖြစ်သွားပြီ၊ ဒါဟာ နှစ်တစ်ရာ သက်တမ်းပဲ ရှိသေးတယ်ကွယ့်"

သမားတော်ရှူယင်က မှတ်ချက်ချလိုက်သည်။

လုအော်မှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားပြီး မကျေမနပ်ဖြင့် ခြေဆောင့်လိုက်၏။

ထိုအခါ...

သူတို့ ရပ်နေသော ကမ်းပါးစွန်းမှ နှင်းမြေတုကြီး ပြိုကျသွား၏။

"ဟေ့..ဟေ့ သတိထား"

ဖန်ကျင်းက စိုးရိမ်တကြီး အော်ဟစ်သတိပေးလိုက်လေသည်။

အခြေအနေက ပိုမိုဆိုးသွားသည်။

ဖန်ကျင်း၏အော်သံသည် ပဲ့တင်ရိုက်ခတ်သွားကာ ရေခဲတုံးကြီးများ ပြိုဆင်းကျလာတော့သည်။

"အားလုံး အမြန်လျှောဆင်းကြ"



သမားတော်ရှူယင်က သတိပေးအော်ဟစ်ယင်း ဆင်ခြေလျှောရှိရာဘက်သို့ ပြေးလွှားသွားပြီး ရေခဲတုံးကြီးနောက်မှ လျှောဆင်းလိုက်၏။

ဖန်ကျင်း လုအော်တို့ကလည်း ဆင်ခြေလျှောမှပင် လျှောဆင်းလိုက်ကြသည်။

စောစောက သူတို့ ရပ်နေသော ကမ်းပါးစွန်းရောကား ပြိုကျသွားပြီ ဖြစ်လေသည်။

အောက်ဘက်သို့ ရောက်သောအခါ သမားတော်ရှူယင်တို့ လူစု လမ်းပျောက်သွား၏။

အရပ်မျက်နှာကိုပင် မှန်းဆနိုင်ခြင်း မရှိပါတော့ချေ။

သူတို့သည် သုံးရက်လုံးလုံး လမ်းပျောက်နေကြသည်။

ပါလာသော ရိက္ခာခြောက်များဖြင့် အသက်ဆက်နေရသည်။

ရေအတွက်မူ နှင်းဖုံးနေသော ရေခဲလွှာကို ထုခွဲတူးဆွခြင်းဖြင့် အောက်ဘက်မှ ထွက်ပေါ်လာသော ရေကို သောက်သုံးကြရသည်။

ယင်းသို့ဖြင့် သူတို့သည် ပျောက်နေသော လမ်းစကို ရှာဖွေကြသည်။

လုအော်က ရေဆာသည်နှင့် ရေခဲလွှာတစ်ခုကို ထုခွဲလိုက်၏။

ရေခဲလွှာအောက်၌ အနီရောင်ရဲရဲ ထွက်ပေါ်လာသည်ကို ထူးထူးခြားခြား မြင်တွေ့လိုက်ရသည်။

လုအော် စိတ်ဝင်စားသွားပြီး တွင်းပေါက်ပမာ ဖြစ်နေသော ရေခဲလွှာအောက်၌ လက်နှိုက်လိုက်၏။

ရေခဲများက အေးခဲမတတ် စိမ့်အေးနေသည်။

အပင်ငယ်လိုလို အရာကို စမ်းမိသောအခါ လုအော် လက်ပြန်ထုတ်လိုက်၏။

အနီရောင်ပန်းပွင့်နှင့်အတူ အပင်ငယ်တစ်ပင် ပါလာလေသည်။

"ဖေဖေ သည်မှာ ကြည့်စမ်း၊ ဒါဘာအပင်လဲ မသိဘူး"

သမားတော်ရှူယင် လှမ်းကြည့်လိုက်သည်။

ရုတ်ခြည်းပင် သမားတော်ရှူယင် မျက်လုံးများ ဝင်းလက်တောက်ပသွား၏။

ဝမ်းသာအားရဖြင့် လုအော်ထံမှ ပန်းပင်ကို လှမ်းယူလိုက်လေသည်။

"ဒါ..ဒါ ကောင်းကင်ပန်းပင်ကွယ့်"

ဝမ်းသာလွန်းသောကြောင့် သမားတော်ရှူယင်၏အသံများ တုန်ယင်နေပေသည်။

လုအော်နှင့် ဖန်ကျင်းတို့လည်း ဝမ်းသာအားရ ဖြစ်သွားကြ၏။



"တို့ တောင်ပေါ်တက်တုန်းက ရေခဲတုံး ပြိုကျယင်း ပါလာတာ ဖြစ်ရမယ်"

သူတို့သုံးယောက်သား ဝမ်းသာပျော်ရွှင်မဆုံး ဖြစ်ကုန်ကြတော့သည်။

♠ ♠ ♠

နှင်းဒဏ် လေဒဏ် လွတ်ကင်းရာ လိုဏ်ဂူတစ်ခုအတွင်း၌ ဖန်ကျင်းတို့လူစု ခေတ္တ ခိုအောင်းကြသည်။

သမားတော်ရှူယင်က ကောင်းကင်ပန်းပင်၏ အမြစ်ကို အနည်းငယ် ချိုးဖဲ့၍ ပန်းကန်တစ်ခုထဲတွင် လက်ညှိုးဖြင့် ထိုး၍ ချေ၏။

အတန်ကြာ ထိုးချေပြီးသည့်အခါ ဆေးမြစ်သည် ရေထဲ ပျော်ဝင်သွားသည်။

လွန်စွာ မွှေးကြိုင်သော အနံ့တစ်ခုက ထောင်းခနဲ သင်းပျံ့လာသည်။

ထို့နောက်...

သမားတော်ကြီးရှူယင်သည် သူ့တွင် ပါလာသော ဆေးမှုန့်ဖြင့် ဖန်ကျင်း၏မျက်နှာကို သုတ်လိမ်းပေးလိုက်လေတော့၏။

လုအော်မှာ စိုးရိမ်စိတ်ဖြင့် အနားမှ ရပ်ကြည့်နေလေသည်။

သမားတော်ရှုယင်က လှည့်ကြည့်လိုက်သည်။

"သမီး အနားမလာနဲ့နော်၊ သူ့စိတ်ပျံ့လွင့်နေယင် သူ့ရောဂါကို အကူးရခက်မယ်"

လုအော်က မယောင်မလည်ဖြင့် အနားမကပ်ရဲတော့ဘဲ ခပ်ဝေးဝေးသို့ ရှောင်ထွက်သွားသည်။

သမားတော်ရှုယင်သည် ဆေးအဝတ်ဖြင့် ဖန်ကျင်း မျက်နှာကို ကပ်လိုက်သည်။

"မင်း ပထမဆုံး ယားလာလိမ့်မယ်၊ ယားယင် မကုတ်နဲ့၊ နောက်စပ်ဖျဉ်းဖျဉ်း ဖြစ်လာမယ်၊ အဲဒါတွေ ပျောက်သွားတဲ့အခါ မင်းမျက်နှာပေါ်က အပွေးတွေ ကွာကျလာလိမ့်မယ်"

ထိုသို့ ပြောပြီးနောက် သမားတော်ရှုယင်သည် လုအော်ဘက် လှည့်လိုက်ပြန်သည်။

"သမီး ဖေဖေတို့ ဆေးကုနေတုန်း သမီးက လမ်းလေးဘာလေး သွားရှာပါလား"

လုအော် ထွက်ခွာသွားသည်။

သမားတော်ရှုယင်က ဖန်ကျင်းကို ဆက်၍ ဆေးကုသည်။

"မင်းစိတ်ကို တည်တည်ငြိမ်ငြိမ်ထားနော်၊ စိတ်ပျံ့လွင့်ယင် အသားအရေ တင်းမာပြီး အနာပွေးတွေ ပိုထလာနိုင်တယ်"

ဖန်ကျင်းသည် ဝင်သက်ထွက်သက်ကို လိုက်မှတ်ယင်း စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်၏။



အတန်ကြာသော် မျက်နှာတစ်ခုလုံး ယားယံလာလေသည်။ ယားယံရာမှ စပ်ဖျဉ်းဖျဉ်း ဖြစ်လာလေသည်။ မနေနိုင် မထိုင်နိုင်လောက်အောင်ပင် ခံစားလာရသည်။ လက်ဖြင့် မပွတ်သပ်မိအောင် မနည်းထိန်းချုပ်ထားရသည်။

အတန်ကြာမှ စပ်ဖျဉ်းဖျဉ်း ဝေဒနာ ပျောက်သွားလေ၏။ ထိုစဉ်မှာပင် လုအော် ပြန်ရောက်လာ၏။

"ဘယ်လိုလဲ သမီး၊ လမ်းတွေ့ခဲ့ရဲ့လား"

လုအော် ခေါင်းခါလိုက်၏။

"ဟင့်အင်း မတွေ့ဘူး"

"ဒါဆိုလဲ ကိစ္စမရှိပါဘူး၊ သည်မှာလည်း ဆေးကုလို့ ပြီးသလောက် ရှိနေပါပြီ"

လုအော်က ဖန်ကျင်းကို လှမ်းကြည့်လိုက်၏။

မျက်နှာအောက်ပိုင်းကို ဆေးစည်းထားဆဲ ဖြစ်၍ ထူးခြားမှု ရှိမရှိကို မသိရပေ။

ဖန်ကျင်းကား စိတ်ပျံ့လွင့်ခြင်း မရှိစေရန် ဝင်သက်ထွက်သက်ကိုသာ လိုက်မှတ်နေသည်။

"ဒါပေမယ့် ဖေဖေ"

လုအော်က တစ်စုံတစ်ခု သတိရဟန်ဖြင့် စကားစလိုက်၏။

သမားတော်ကြီးက ဖြတ်ခနဲ လှမ်းကြည့်လိုက်၏။

"ဘာလဲ သမီး"

"သည်ကနေ တောင်နှစ်တောင် အကျော်မှာ လူခြေရာ တွေ့ခဲ့တယ်"

"ဟေ ဟုတ်လား၊ ခြေရာ ဘယ်နှစ်ခုတောင် တွေ့ခဲ့သလဲ"

ဝမ်းသာအားရဖြင့် သမားတော်ရှုယင်က ပျာပျာသလဲ ပြန်မေးသည်။

လုအော် အနည်းငယ် စဉ်းစားလိုက်၏။

ပြီးမှ...

"ခြေရာကတော့ လူသုံးယောက်ရဲ့ ခြေရာပါပဲ၊ သည်လူသုံးယောက်စလုံးဟာ ကိုယ်ဖော့ပညာ အဆင့်မြင့်ပုံရတယ်၊ အတော်ဆုံးလူရဲ့ ခြေရာဟာ မနည်းအားစိုက်ကြည့်မှ ခြေရာမှန်းသိရပါတယ်၊ နောက်ပြီး မိန်းကလေးတစ်ယောက်လဲ ပါလိမ့်မယ်၊ အဲသည် မိန်းကလေးကိုလဲ အကဲခတ်ကြည့်ရတာ ကျွန်မထက် မညံ့ဘူးဆိုတာ သိရတယ်"

လုအော်၏စကားကို နားထောင်ရင်း သမားတော်ရှုယင် စဉ်းစားတွေးတောနေမိသည်။

မည်သို့သော လူ၏ ခြေရာ ဖြစ်မည်နည်း။

"သည်ခြေရာတွေဟာ ရန်သူတွေရဲ့ ခြေရာလား၊ မိတ်ဆွေတွေရဲ့ ခြေရာလားဆိုတာ ဖေဖေ ခွဲခြားနိုင်မလား"

လုအော်က လှမ်းမေးသည်။



သမားတော်ကြီးရှုယင်က မျက်မှောင်ကြုတ် စဉ်းစားနေယင်းမှ...

"သည်ခြေရာရှင်တွေဟာ မိုးတောင်မှာ ဇာတ်မြုပ်နေကြတဲ့ သိုင်းလောကသားများ ဖြစ်မလား မသိဘူး၊ နေဦး ငါသွားကြည့်မယ်"

ပြောပြောဆိုဆိုဖြင့် သမားတော်ရှုယင် ပြေးထွက်သွားသည်။

♠ ♠ ♠

သမားတော်ရှုယင်သည် လုအော် ညွှန်ပြသည့် နေရာသို့ ထွက်ခွာလာခဲ့သည်။

သို့သော်...

ခြေရာနှင့်တူသည့် အစအနကိုမျှပင် မမြင်တွေ့ရတော့ချေ။

လေအဝှေ့၌ နှင်းများ ပြန်လည်ဖုံးသွားသောကြောင့် ဖြစ်သည်။

သမားတော်ကြီးသည် စိတ်ထဲ သိပ်ကျေနပ်မှုမရှိချေ။

ထိုအနီးတစ်ဝိုက်၌ ခြေရာများ တွေ့လိုတွေ့ငြား ဆက်၍ ရှာဖွေလေသည်။

ထိုစဉ် ခပ်ဝေးဝေးဆီမှ လူသံလိုလို ကြားသဖြင့် လှမ်းကြည့်လိုက်သည်။

သစ်ခေါက်ရည်ဆိုးဝတ်စုံနှင့် မုတ်ဆိတ်ရှည်အဘိုးအိုတစ်ဦးကို မြင်တွေ့လိုက်သည်။

ယင်းမုတ်ဆိတ်ရှည်အဘိုးအိုက သူ့ထံ ဦးတည်လာနေသည်ကို တွေ့ရသည်။

သမားတော်ရှုယင်သည် မုတ်ဆိတ်ရှည်အဘိုးအိုကို အံ့ဩငေးကြောင်ကြည့်နေ၏။

"ခင်ဗျား ကျုပ်ကို မှတ်မိလား"

အသံကို ကြားလိုက်တော့မှ ထိုသူ မည်သူမည်ဝါ ဖြစ်ကြောင်း သိရှိလိုက်၏။

မုတ်ဆိတ်ရှည်အဘိုးအိုကား မိစ္ဆာလေးဖော်အနက် အကြီးဆုံးဖြစ်သူ ဂူပင်းပင် ဖြစ်လေသည်။

သမားတော်ရှုယင်သည် ချက်ချင်းပင် အသံရှည်တစ်ချက်ပြုလိုက်၏။

သမီးဖြစ်သူကို သတိပေးလိုက်ခြင်း ဖြစ်သည်။

ထိုအသံကြားလျှင် သမီးဖြစ်သူက ရန်သူနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း နားလည်နိုင်မည် ဖြစ်သည်။

"ခင်ဗျား ကျုပ်တို့အဖွဲ့က ရှမ်းရှမ်းကို ဘာရန်ငြိုးရှိလို့ သတ်ပစ်လိုက်ရတာလဲ၊ သည်ကိစ္စအတွက် ကျုပ် ခင်ဗျားကို ရှာနေတာ"

သမားတော်ရှုယင်မှာ သူ့သမီးနှင့် ဖန်ကျင်းတို့ လိုက်လာ



ကြမည်ကို မျှော်နေမိသည်။

ဂူပင်းကမူ သူ့အား တိုက်ခိုက်ရန် အလစ်ချောင်းနေပြီ ဖြစ်သည်။

သမားတော်ရှုယင်ကလည်း အငိုက်မခံရစေရန် အစွမ်းကုန်သတိထားလျက် ရှိသည်။

ထိုစဉ်...

ဂူပင်း အနီးသို့ လူနှစ်ယောက် ချဉ်းကပ်လာသည်။

ဂူပင်းက လှည့်ပင် မကြည့်ဘဲ လှမ်း၍ အမိန့်ပေးလိုက်လေသည်။

"နံပါတ်နှစ်နဲ့ သုံး၊ ကောင်လေးနဲ့ ကောင်မလေးကို သွားရှင်းလိုက်"

ဂူပင်း၏အမိန့်သံကြောင့် သူတို့နှစ်ယောက် ချက်ချင်း ထွက်ခွာသွားကြသည်။

ဤတွင် ဂူပင်းက သမားတော်ရှုယင်ကို ဝင်တိုက်ခိုက်သည်။

နှင်းမှုန် နှင်းခဲများ ဖွာခနဲ ဖွာခနဲ လွင့်စဉ်ကုန်သည်။

ပထမတိုက်ကွက်ငါးဆယ်တွင် သမားတော်ရှုယင်က အထက်စီးမှ ရနေသည်။

သို့သော်...

ရေရှည်တွင် မိမိသာ အရေးနိမ့်မည်ကို သမားတော်ရှုယင်

နားလည်ထားသည်။

ထို့ကြောင့် ပွဲအစပိုင်း၌ လက်ဦးမှု ရယူထားရန်လိုကြောင်း သမားတော်ကြီး တွက်ဆလိုက်သည်။

ဂူပင်းကလည်း အကင်းပါးသည်။

ပွဲအစပိုင်း၌ သမားတော်ရှုယင်ကို မောပန်းလာအောင် ဆွဲ၍ တိုက်ခိုက်သည်။

ထိုစဉ် တိုက်ပွဲအတွင်းသို့ မိစ္ဆာလက် ဝင်ရောက်လာသည်။

ဂူပင်း၏နံပါတ်သုံး ဂိုဏ်းတူညီ ဖြစ်သည်။

"ဖေဖေ"

မိစ္ဆာလက်နှင့် မရှေးမနှောင်းမှာပင် လုအော်၏အော်ခေါ်သံကို ကြားရသည်။

လုအော် နှုတ်မှ လှမ်းအော်အားပေးယင်း တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာပြန်သည်။

သားအဖနှစ်ယောက် ပူးပေါင်း၍ ရန်သူကို ရင်ဆိုင်လေသည်။

သို့သော်...

ဂူပင်းနှင့် မိစ္ဆာလက်တို့က ဝိတ်ဆို့တိုက်ခိုက်နေသဖြင့် ထိုးဖောက်ရန် မလွယ်ဘဲ ဖြစ်နေသည်။

♠ ♠ ♠



ဖခင်ဖြစ်သူထံမှ အချက်ပေးသံကို ကြားရခိုက်မှာပင် မိစ္ဆာလက်သည် လုအော်ထံ ရောက်လာလေသည်။

မိစ္ဆာလက်ကို တွေ့မြင်လိုက်ရသည်နှင့် လုအော် ထိတ်လန့်သွားသည်။

လိုဏ်ဂူထဲ၌ ဖန်ကျင်းကို ဆေးစည်းပေးထားသည်။

အကယ်၍ မိစ္ဆာလက်ကသာ ဝင်ရောက်နှောင့်ယှက်လျှင် ဖန်ကျင်းအဖို့ ပို၍ ဒုက္ခရောက်နိုင်ပေသည်။

ထို့ကြောင့်...

လုအော်သည် မိစ္ဆာလက်အား ဂူနားအကပ်မခံဘဲ တရကြမ်း တိုက်ထုတ်လိုက်လေတော့သည်။

မိစ္ဆာလက်က ပြန်လည်ခုခံယင်း မထီမဲ့မြင် ပြုံးပြသည်။

"မင်းအဖေဟာ ငါ့အစ်ကိုကြီးရဲ့ လက်ချက်နဲ့ အတွင်းဒဏ်ရာ ရသွားပြီ၊ မင်း အသာတကြည် အဖမ်းခံလိုက်ပါ"

မိစ္ဆာလက်၏စကားကို ကြားလိုက်ရသောအခါ လုအော်မျက်စိမျက်နှာပျက်သွားသည်။

ဖခင်အား သွားရောက်ကယ်ဆယ်လိုစိတ် ချက်ချင်းအုံကြွလာသည်။

ဖခင်အား ကယ်ဆယ်နိုင်ရန် ပို၍ အရေးကြီးသည်ဟု တွေးလိုက်မိသည်။

မိစ္ဆာလက်ကလည်း လုအော်ကို ရင်မဆိုင်ရဲသောကြောင့်

အစ်ကိုကြီးဂူပင်းဆီ မျှားခေါ်ခြင်း ဖြစ်သည်။

သူ၏ဒုတိယအစ်ကို အပြုံးမိစ္ဆာသည် လုအော်တို့၏ လက်ချက်ဖြင့် လက်တစ်ဘက် အဖြတ်ခံလိုက်ရသည်ကို သိရှိထားသဖြင့် လုအော်ကို ထိပ်တိုက်ရင်မဆိုင်ဝံ့ခြင်း ဖြစ်သည်။

လုအော်၏တိုက်ခိုက်မှုကို ဆုတ်ရှောင်ရှောင်ယင်း လုအော်အား စိတ်ဓာတ်ရေးရာအရ ခြောက်လှန့်လိုက်ခြင်းပင် ဖြစ်သည်။

"ကဲ မင်းလိုက်ချင်လိုက်၊ မလိုက်ချင်နေ၊ မင်းအဖေကတော့ တို့အစ်ကိုရဲ့ လက်ချက်နဲ့ သွေးတောင် အန်နေပြီလား မသိဘူး"

ယင်းသို့ ပြောဆိုယင်း မိစ္ဆာလက် ပြေးထွက်သွားလေသည်။

လုအော်လည်း တွေဝေငေးငိုင်ခြင်း မရှိဘဲ ဖခင်ဇောဖြင့် ပြေးလိုက်သွားလေတော့သည်။

ထိုအခါ...

အပြုံးမိစ္ဆာသည် ပုန်းကွယ်နေရာမှ ထွက်လာပြီး ဂူပေါက်ဆီသို့ လျှောက်သွားသည်။

ဂူပေါက်ဝတွင် ပိတ်ဆို့ထားသော ကျောက်တုံးကို ဖယ်ရှားသည်။

သို့သော် အနည်းငယ်မျှသာ ရွေ့လျားသွားသည်။

ကျောက်တုံးကား ဂူဝမှ လွင့်ဖယ်သွားခြင်း မရှိပေ။

အပြုံးမိစ္ဆာသည် ကျောက်တုံးကို အပင်ပန်းခံ၍ ဖယ်ရှားခြင်း



မရှိတော့ပေ။

အနည်းငယ် လွတ်ဟာနေရာမှ ကိုယ်ကို ကျုံ့၍ အထဲဝင်ရောက်နိုင်ရန် ကြိုးစားလေသည်။

ထိုစဉ် မိန်းကလေးတစ်ဦးသည် သူနှင့် ခပ်လှမ်းလှမ်းအကွာ၌ ပေါ်လာသည်။

"ဘယ့်နှယ် ယောကျ်ားကြီးတစ်ယောက် ဖြစ်လျက်နဲ့ သည်ကျောက်တုံးကိုတောင် တွန်းဖယ်မပစ်နိုင်ဘူးလား"

အပြုံးမိစ္ဆာသည် ဂူထဲဝင်ရန် ကြိုးစားနေရာမှ မိန်းကလေးကို လှည့်ကြည့်သည်။

မိန်းကလေးက အသံလွင်လွင်ဖြင့် ရယ်မောယင်း အပြုံးမိစ္ဆာကို နောက်ပြောင်သည်။

အပြုံးမိစ္ဆာသည် ဒေါသထွက်လာပြီး မိန်းကလေးကို အမိဖမ်းရန် ပြေးလိုက်တော့သည်။

မိန်းကလေးက ရှေ့မှ ပြေးသည်။

အပြုံးမိစ္ဆာက နောက်မှ လိုက်သည်။

မည်သို့ပင် လိုက်စေကာမူ မိန်းကလေးနှင့် ဝါးနှစ်ပြန်ခန့်ကွာဝေးနေ၏။

မိန်းကလေးမှာ ကိုယ်ဖော့ပညာကောင်းသူ ဖြစ်ကြောင်း အပြုံးမိစ္ဆာနားလည်လိုက်သည်။

ချိုင့်ဝှမ်းတစ်ခု အနီး ရောက်သည့်အခါ အပြုံးမိစ္ဆာမှာ ရှေ့

ဆက်မလိုက်ရဲတော့ဘဲ ရပ်တန့်လိုက်၏။

ထိုစဉ်မှာပင် ဝံဖြူနှစ်ကောင်သည် အပြုံးမိစ္ဆာ၏ ဘေးတစ်ဘက်တစ်ချက်မှ ထွက်ပေါ်လာလေသည်။

အပြုံးမိစ္ဆာအား ထွက်မပြေးနိုင်စေရန် နှစ်ဘက်ညှပ်ထားလိုက်ကြခြင်း ဖြစ်သည်။

ဝံဖြူနှစ်ကောင်ကို ကြည့်ယင်း အပြုံးမိစ္ဆာ ဓာရွေး ပြန်လာသည်။

ယင်းအခိုက် မိန်းကလေးက ဝံဖြူနှစ်ကောင်ကို လက်ဟန်ခြေဟန်ပြလိုက်ရာ ဝံဖြူနှစ်ကောင်သည် အပြုံးမိစ္ဆာအား ဝိုင်းရံထားရာမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠



ဖန်ကျင်းသည် ငြိမ်သက်စွာဖြင့် ဝင်သက်ထွက်သက်ကို လိုက်မှတ်နေ၏။

သူ့မျက်နှာမှ အနာဖေး ရှိသည့် နေရာတွင် ရွစိစိဖြင့် ပြန်လည်ယားယံလာသည်။

ပုရွက်ဆိတ် အကောင်ပေါင်း မြောက်များစွာ သူ့မျက်နှာပေါ် အုံတက်နေသလို ခံစားလာရသည်။

မျက်နှာကို ပွတ်သပ်ဆွဲကုတ်ချင်စိတ် ပေါက်လာသည်။

မနည်းပင် ချုပ်တည်းအောင့်အီးထားရသည်။

အတန်ကြာသော် တစစ်စစ်ဖြင့် နာကျင်လာသည်။

ဖန်ကျင်းမှာ မခံမရပ်နိုင်လောက်အောင် ဖြစ်လာ၏။

ဖြစ်ချင်ရာဖြစ်စေတော့ မျက်နှာကို ဆွဲကုတ်ချင်စိတ် ပေါ်ပေါက်လာသည်။

ထိုစဉ်...

ဂူထဲသို့ လူတစ်ယောက် ဝင်လာသည်။

လုအော် ဝင်ရောက်လာသည်ဟု ဖန်ကျင်း ထင်မိသည်။

သို့သော် ဖန်ကျင်း ထင်သလို လုအော် မဟုတ်ချေ။

ဖန်ကျင်း မသိသော အခြားမိန်းကလေးတစ်ဦး ဖြစ်နေသည်။

မိန်းကလေးက ဖန်ကျင်းကို လှမ်းပြောလိုက်၏။

"ရှင့်ရဲ့ဂူနားကို ရန်သူရောက်လာတယ်၊ ကျွန်မ သူ့ကို

အဝေးရောက်အောင် မျှားခေါ်သွားလိုက်မယ်”

ဖန်ကျင်းက မိန်းကလေးကို စိုက်ကြည့်လိုက်သည်။

စူးစမ်းအကဲခတ်ခြင်း ဖြစ်သည်။

မည်သူမည်ဝါ ဖြစ်ကြောင်း ဖန်ကျင်း မသိချေ။

“ကျွန်မနာမည် မေရှဲ့ပါ၊ မိဘနှစ်ပါး မရှိဘူး၊ သည်တောင်ပေါ်မှာ လူထူးလူဆန်းကြီးတစ်ယောက်ဆီက သိုင်းပညာကို သင်ယူနေတယ်၊ ရေခဲ ပြိုသံကြားလို့ ထွက်ကြည့်တဲ့အခါ ရှင်တို့ကို တွေ့ရတယ်၊ လူကောင်း ဖြစ်မှန်းသိလို့ ကျွန်မ ဆင်းမလာခဲ့ဘူး၊ အဲသည်အချိန်မှာ နောက်ထပ် လူတစ်စုကို တွေ့ရတယ်၊ သူတို့က ရှင်တို့ကို ရှာပြီး ဒုက္ခပေးမယ်ဆိုတာ သိရတာမို့ ကျွန်မ တောင်အောက်ဆင်းလာခဲ့တာပဲ”

မေရှဲ့အမည်ရှိ မိန်းကလေးက တစ်တန်တစ်လျှားပင် ရှင်းပြသည်။

ထို့နောက်…

ဖန်ကျင်း၏မျက်နှာပေါ်မှ အနာဖေးများကို စိုက်ကြည့်လိုက်၏။

“ရှင့်မျက်နှာကို ကောင်းကင်ပန်းပင်ဆေးမြစ် လိမ်းထားတယ် ထင်တယ်၊ အဲသည် ဆေးမြစ်မျိုး ကျွန်မဆီမှာ အများကြီး ရှိတယ်”

ပြောပြောဆိုဆိုဖြင့် မိန်းကလေးက လက်တစ်ဆစ်ခန့်



ရှိသော ဆေးမြစ်ကို ထုတ်ကာ ဖန်ကျင်းအား လှမ်းပေးလိုက်သည်။

“ရော့ သည်ဆေးမြစ်ကို စားလိုက်၊ အအေးဒဏ်ခံနိုင်တဲ့ အပြင် အဆိပ်လဲပြယ်တယ်”

ဖန်ကျင်းသည် မိန်းကလေး ပေးသည့် ဆေးမြစ်ကို ချက်ချင်းပင် ဝါးစားလိုက်သည်။

ပါးစပ်ထဲ ပူရှိန်းပူရှိန်း ဖြစ်သွားသည်။

တစ်ကိုယ်လုံး နွေးထွေးသွား၏။

ထိုစဉ်…

သူ၏မျက်နှာ အနာဖေးများသည် အလွှာလိုက် ကွာကျလာတော့၏။

ပူစပ်ခြင်း၊ ယားယံခြင်းနှင့် နာကျင်ခြင်းတို့လည်း မရှိတော့ပေ။

ဖန်ကျင်းသည် သူ၏မျက်နှာကို လက်ဖြင့် ပွတ်ကြည့်လိုက်၏။

အဖုအထစ်များ ရှိမနေတော့ဘဲ ပြောင်ချောနေသည်ကို စမ်းသပ်တွေ့မိလေသည်။

“ရှင့်ရဲ့အဖော်တွေကို ဟိုလူတွေ ဝိုင်းတိုက်နေကြတယ်၊ ရှင်သွားလိုက်အုံး”

မိန်းကလေးက သတိပေးလိုက်သည်။

ထိုအခါမှ ဖန်ကျင်းသည် သမားတော်ရှုယင်သားအဖကို

သတိရလာသည်။

"ဟော လိုဏ်ဂူရှေ့ကို ရန်သူ ရောက်လာပြီ၊ ကျွန်မမျှားခေါ်သွားမယ်၊ ရှင့်ဘာသာ ရှင့်အဖော်တွေဆီ သွားပြီး ကူညီပါ"

မိန်းကလေးက ပြောပြောဆိုဆိုဖြင့် ဂူဝသို့ ထွက်သွားသည်။

ဖန်ကျင်းလည်း သမားတော်ရှုယင်တို့သားအဖအတွက် စိုးရိမ်စိတ်များဝင်ကာ ပြေးထွက်သွားသည်။

ဖန်ကျင်း လွတ်လွတ်ကျွတ်ကျွတ် ထွက်ခွာသွားနိုင်စေရန် မိန်းကလေးက လိုဏ်ဂူဝမှ ရန်သူကို မျှားခေါ်သွားလေသည်။

♠ ♠ ♠



## ပန်းကိုးပွင့်ရှင်

လုအော်သည် ဖခင်ဖြစ်သူ သမားတော်ရှုယင်နှင့်အတူ ပူးပေါင်းတိုက်ခိုက်နေသော်လည်း အခြေအနေ သိပ်မကောင်းလှပေ။

ဂူပင်း၏သိုင်းပညာက အဆင့်မြင့်လှ၏။

ထို့ပြင် မိစ္ဆာလက်၏သိုင်းပညာကလည်း လုအော်နှင့် အဆင့်ချင်း တူနေသည်။

ထို့ကြောင့်...

သမားတော်ရှုယင်တို့သားအဖသည် တိုက်ယင်းခိုက်ယင်း တစ်စထက်တစ်စ အရေးနိမ့်စ ပြုလာသည်။

လုအော်မှာ လူငယ်ပီပီ မခံချင်စိတ်ဖြင့် ဖွတ်အတင်း တိုက်ခိုက်သည်။

"သမီး သိပ်မလောနဲ့လေ၊ ပြန်ပြီး တိုက်ခိုက်ဖို့ထက် သူတို့ရဲ့ တိုက်ကွက်တွေကို ချေဖျက်နိုင်ဖို့သာ အဓိကထားပါ"

သမားတော်ရှူယင်က သမီးဖြစ်သူကို လှမ်း၍ သတိပေးလိုက်ရသည်။

သို့ဖြင့် သမားတော်ရှူယင်နှင့် ဂူပင်းတို့ညီနောင် တိုက်ခိုက်လာရာ သိုင်းကွက်ပေါင်း တစ်ရာကျော်လာလေသည်။

ထိုအချိန်တွင် သမားတော်ရှူယင်တို့သားအဖ တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးသွားကြသည်။

လုအော်ကို မိစ္ဆာလက်က တိုက်ခိုက်သည်။

သမားတော်ရှူယင်ကို ဂူပင်းက တိုက်ခိုက်သည်။

လုအော်က ဆံထိုးလက်နက်ပုန်းဖြင့် တိုက်ခိုက်ရာ တစ်ချိန်တွင် လုအော်၏လက်နက်ပုန်းတစ်ခုသည် မိစ္ဆာလက်၏ပခုံးစွန်းကို ရှပ်၍ ထိသွားသည်။

မိစ္ဆာလက် အကြီးအကျယ် ဒေါသထွက်သွားသည်။

သူသည် နှင်းဖုံးနေသော ရေခဲပြင်ပေါ် ကျွမ်းတစ်ပတ်ထိုးပြီး ရက်စက်ကြမ်းကြုတ်သည့် တိုက်ကွက်ဖြင့် လုအော်ထံ တဟုန်ထိုး ခုန်ဝင်လိုက်သည်။

တဆက်တည်းမှာပင် ခါးမှ ဓားကို ဖြတ်ခနဲ ဆွဲထုတ်ကာ လုအော်၏ရင်ဝသို့ ထိုးစိုက်ချလိုက်သည်။

လုအော် ရှောင်တိမ်းနိုင်ခြင်း မရှိတော့။



မျက်လုံးပြာခနဲ ဖြစ်သွားလေသည်။

♠ ♠ ♠

"ထန်"

သံသံချင်း ပြင်းထန်စွာ ထိခိုက်မိသော အသံ ထွက်ပေါ်လာသည်။

လုအော်၏ရင်ဝကို တိုးဝင်လာသော မိစ္ဆာလက်၏ဓားကို တစ်စုံတစ်ယောက်က သံတုတ်ကောက်ဖြင့် ရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။

သံတုတ်ဖြင့် ဝင်ရောက်တိုက်ခိုက်သူမှာ အခြား မဟုတ်ချေ။ ဖန်ကျင်း ဖြစ်လေသည်။

မိစ္ဆာလက်၏ဓားမှာလည်း ဓားကောင်းတစ်လက် ဖြစ်၏။ ဖန်ကျင်း၏သံတုတ်ကောက် အက်ကွဲသွား၏။

သံတုတ်ကောက် အက်ကွဲသံကို ကြားရသည်နှင့် မိစ္ဆာလက်သည် ဝမ်းသာအားတက် ဖြစ်ကာ တရကြမ်း ဝင်တိုက်ခိုက်လိုက်၏။

"အား"

မထင်မှတ်သော အဖြစ်အပျက်တနစ်ခု ရုတ်တရက် ဖြစ်ပွားသွားသည်။

မိစ္ဆာလက်က ဖန်ကျင်းကို အတင်းတိုးဝင် တိုက်ခိုက်စဉ် သံ

တုတ်ကောက်အတွင်းမှ လျှို့ဝှက်ဓားသွားတစ်ခု ထွက်လာပြီး မိစ္ဆာလက်၏ ရင်ဝသို့ စူးနစ်စိုက်ဝင်သွားခြင်းပင် ဖြစ်သည်။

မိစ္ဆာလက်သည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ဖန်ကျင်းကို စူးစိုက်ကြည့်ယင်း မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေသည်။

ဖန်ကျင်းပင် အူကြောင်ကြောင် ဖြစ်သွားရ၏။

သူ၏တုတ်ကောက်မှ မည်သို့မည်ပုံ ဓားထွက်လာပြီး မိစ္ဆာလက်ကို ထိုးစိုက်သွားမှန်းပင် မသိလိုက်ရချေ။

မိစ္ဆာလက် လဲကျသွားသောအခါ လုအော်သည် ဖန်ကျင်းထံ ပြေးဝင်လာသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ အစ်ကိုသာ အချိန်မီ ရောက်မလာယင် ညီမတော့ ခုလောက်ဆို အသက်ပျောက်နေပြီ"

ယင်းသို့ ပြောယင်း ဖန်ကျင်း၏မျက်နှာကို မော့ကြည့်သည်။

"ဟင် အစ်ကို့မျက်နှာ ပြန်ကောင်းသွားပြီနော်"

အံ့ဩဝမ်းသာစွာဖြင့် လုအော်က ပြောသည်။

ထိုအချိန်၌ သမားတော်ရှုယင်နှင့် တိုက်ခိုက်နေသော ဂူပင်းသည် မိမိ၏ဂိုဏ်းတူညီလေး ကျဆုံးသွားသည်ကို တွေ့မြင်ရသဖြင့် စိတ်ဓာတ်ကျသွားလေသည်။

"မင်းတို့ သတိထားနေကြ၊ တစ်ချိန်ချိန် သွေးကြွေးပြန်ဆပ်



မယ်ဆိုတာ မှတ်ထားပါ"

ဂူပင်းသည် ယင်းသို့ ပြောဆိုပြီး လှစ်ခနဲ ခုန်ထွက်သွားသည်။

တစ်ဖွဲဖွဲ ကျနေသော နှင်းမှုန်ကြား၌ ဝေသီမှုန်ဝါးစွာ ပျောက်ကွယ်သွားသည်။

ရှုယင်နှင့် ဖန်ကျင်းတို့က ဂူပင်းနောက်သို့ မလိုက်ကြပေ။

နှင်းမှုန်များကြား ပျောက်ကွယ်သွားသည့် ဂူပင်းကိုသာ ငေးကြည့်နေမိကြသည်။

♠ ♠ ♠

သမားတော်ရှုယင်တို့သည် ကောင်းကင်ပန်းပင်ကို ရှာဖွေတွေ့ရှိခဲ့ပြီ ဖြစ်၍ ယွဲ့ဗှားတို့နှင့် ပြန်လည်ဆုံတွေ့နိုင်ရန် လမ်းစရှာကြရပြန်သည်။

သို့သော် မိမိတို့ လာခဲ့သော လမ်းကို ရှာမတွေ့နိုင်ဘဲ မျက်စိလည်နေသည်။ ယင်းသို့ မျက်စိလည်နေခိုက်မှာပင် သူတို့အနီးသို့ ဝံဖြူကြီးတစ်ကောင် ရောက်ရှိလာ၏။

ဝံဖြူကြီးကို မြင်တွေ့လိုက်ရသည်နှင့် လုအော် ထိတ်လန့်သွားကာ ဓားဆွဲထုတ်လိုက်၏။

ဝံဖြူကြီးကို တိုက်ခိုက်ရန် ဟန်ပြင်သည်။

ဖန်ကျင်းက လှမ်း၍ ဟန့်တားလိုက်ရသည်။

ဝံဖြူကြီးက ဖန်ကျင်းထံ လျှောက်လာပြီး လက်ထဲမှ ပိုးပဝါတစ်စကို လှမ်းပေး၏။ ဖန်ကျင်းသည် ပိုးထည်စ ဖြန့်ကြည့်လိုက်၏။

ပိုးထည်တွင် စာများ ရေးသားထားသည်ကို တွေ့ရသည်။

"တပည့်မလေးမေရှဲ့ ပြောပြလို့ အကျိုးအကြောင်း သိခဲ့ရပါတယ်၊ ကိုယ်တိုင် ရောက်မလာနိုင်တာ ခွင့်လွှတ်ပါ၊ ကျုပ်ရဲ့ တပည့်မလေးက ခင်ဗျားတို့ကို လမ်းပြပေးပါလိမ့်မယ်၊ ဘာမှ လက်ဆောင်ပေးစရာ မရှိတဲ့အတွက် ကောင်းကင်ပန်းမြစ်သုံးမြစ် ပေးလိုက်ပါတယ်၊ နောင်သုံးနှစ်ကြာတဲ့အခါ ကျုပ်တပည့်မလေး မြေပြန့်ဆင်းလာပါလိမ့်မယ်၊ စောင့်ရှောက်ပေးစေချင်ပါတယ်

ပန်းကိုးပွင့်ရှင်"



ဟူ၍ ဖြစ်သည်။

သမားတော်ရှုယင်က ကျေးဇူးတင်စာ ပြန်ရေးလိုက်သည်။

ထိုစဉ် မေရှဲ့ ရောက်လာပြီး သမားတော်ရှုယင်တို့လူစုကို ရှေ့မှ လမ်းပြခေါ်ဆောင်သွားသည်။

ဖန်ကျင်း၊ သမားတော်ရှုယင်နှင့်လုအော်တို့သည် မေရှဲ့ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြလေတော့သည်။

♠ ♠ ♠

## မြွေရှင်

အရက်အိုးကြီးထင်းလွှေနှင့် ယွဲ့ဗွားတို့သည် သမားတော်ရှ ယင်တို့ လူစုနှင့် လမ်းခွဲပြီးနောက် မြေလတ်ပိုင်းသို့ ရောက်ရှိသွားသည်။

မြေလတ်ပိုင်းရှိ နာမည်ကြီး စားသောက်ဆိုင်သို့ ဝင်ရောက်ကာ စားသောက်ဖွယ်ရာများ မှာယူစားသောက်နေကြသည်။

ထိုစဉ် ဆိုင်တွင်းသို့ လူတစ်ယောက် ဝင်ရောက်လာ၏။

ထိုသူ၏လက်ထဲတွင် စိမ်းဖန့်နေသော မြွေတစ်ကောင် ပါလာ၏။

မြွေစိမ်းသည် ထိုသူ၏လက်ထဲ၌ လူးလွန့်လူပ်ရှားလျက် ရှိသည်။



မြင်ရသူများအဖို့ အသည်းယားစရာပင် ဖြစ်သည်။

ဆိုင်အတွင်းမှ လူများသည် မြွေကို ထိတ်လန့်ကြောက်ရွံ့ကာ ဆိုင်ထဲမှ အလျှိုအလျှို ထွက်ခွာသွားကြ၏။

ထိုအခါ ဆိုင်လုလင်သည် မနေသာတော့ဘဲ မြွေပိုင်ရှင်လူကြီးထံ လျှောက်သွားသည်။

"ခင်ဗျား မြွေကို အပြင်မှာ ထားခဲ့ပါလားဗျာ၊ အခုတော့ မြွေကို မြင်ပြီး စားသောက်နေတဲ့ လူတွေ လန့်ဖျပ်ပြီး ပြေးကုန်ပြီ"

မြွေပိုင်ရှင်လူကြီးသည် မျက်မှောင်တစ်ချက်ကြုတ်ပြီး ဆိုင်လုလင်ကို စိုက်ကြည့်လိုက်၏။

"ဘာကွ မင်းတို့ဆိုင်ထဲဝင်ပြီး အလကားစားနေတာ မဟုတ်ဘူး၊ နောက်ပြီး ငါ့ရဲ့မြွေက အင်မတန် ရှားပါးပြီး ဆေးဖက်ဝင်တဲ့မြွေ၊ မင်းတို့ ဆိုင်ထဲက လူတွေအားလုံး သည်မြွေလောက် တန်ဖိုးရှိတာ မဟုတ်ဘူး"

ထိုသို့ ပြောပြီးနောက် မြွေရှင်သည် မြွေကို ပိုက်ကာ ဆိုင်ပြင် ထွက်သွားလေတော့သည်။

ဤတွင် ယွဲ့ဗွားသည် မြွေရှင်၏စကားကြောင့် ဒေါသအကြီးအကျယ် ထွက်သွားသည်။

စိန်ခေါ်တိုက်ခိုက်ရန် ဝုန်းခနဲ ထလိုက်၏။

သို့သော်...

အရက်အိုးကြီးထင်းလွှေက ဟန့်တားလိုက်သဖြင့် အသာ

အယာ ပြန်ထိုင်လိုက်ရလေသည်။

အရက်အိုးကြီးထင်းလွေက ဆိုင်လုလင်ကို ခေါ်၍ ငွေရှင်းလိုက်၏။

ထို့နောက် ဆိုင်ထဲမှ ထွက်ခွာခဲ့သည်။

ဆိုင်အပြင်ရောက်တော့ ယွဲ့ဇွားက မြွေရှင်ကို လိုက်ရှာကြည့်သေးသည်။

မတွေ့ရတော့ပေ။

သူတို့ ရှေ့ဆက်လာရာ တောင်ကုန်းပေါ် ရောက်သည့်အခါ ရှေ့ခပ်လှမ်းလှမ်း၌ ရေတံခွန်တစ်ခုကို တွေ့ရ၏။

ရေတံခွန်၏နောက်ဘက်၌ ကျောက်ဂူကြီးတစ်ခု ရှိနေ၏။

ကျောက်ဂူကြီးကို မြင်တွေ့လိုက်သည်နှင့် ယွဲ့ဇွား စိတ်ဝင်စားသွား၏။

"ကျွန်မ ဝင်ကြည့်လိုက်ဦးမယ်"

ယွဲ့ဇွားက စိတ်ဝင်တစားဖြင့် ကျောက်ဂူရှိရာသို့ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

အရက်အိုးကြီးထင်းလွေက ယွဲ့ဇွားအတွက် စိုးရိမ်သဖြင့် နောက်မှ လိုက်သွား၏။

ဂူဝနားသို့ သူတို့နှစ်ယောက် ရောက်သည့်အခါ ဂူနှင့် မလှမ်းမကမ်းနေရာမှ စကားပြောသံ ထွက်လာသည်။

အရက်အိုးကြီးထင်းလွေနှင့် ယွဲ့ဇွားတို့သည် ထွက်ပေါ်လာသော အသံကို ရပ်၍ နားစွင့်လိုက်ကြသည်။



"ကျန်းအစ်ကိုကြီးရဲ့ အမိန့်နဲ့ သည်ကို လာတာ သံသေအမြုတေ မြှုပ်ထားတဲ့ နေရာတွေ့ပြီ၊ တို့ရဲ့အစ်ကိုကြီးဆီ အမြန်ဆုံး အကြောင်းကြားလိုက်ပါ၊ တို့ညီနောင်ငါးယောက် ပစ္စည်းရှိရာသွားပြီး ဘူးဖော်ကြမယ်၊ နောက်ပြီး နှစ်ဘက်သွား မားလုပ်မယ်၊ ဒါမှ တောင်ဝါတောင်မှာ လုပ်မယ့် သိုင်းပြိုင်ပွဲမှာ အသာစီးကရမှာ၊ ဘာမှလဲ ပူစရာမလိုတော့ဘူး"

မြွေရှင်၏အသံ ဖြစ်သည်ကို ကြားလိုက်ရ၏။

ယွဲ့ဇွားက...

"ဦးရယ် သူ့ကို မှတ်လောက်အောင် ဆုံးမလိုက်စမ်းပါ"

"မင်း မပြောလဲ ငါ သူ့ကို ဆုံးမမှာပါ"

ထို့နောက် အရက်အိုးကြီးထင်းလွေသည် ယွဲ့ဇွားနား ကပ်၍ တီးတိုးပြောလိုက်၏။

သူတို့နှစ်ယောက် စည်းဝါးရိုက်ပြီးသည့်အခါ အရက်အိုးကြီးထင်းလွေသည် ကျောက်တုံးတစ်တုံးပေါ် တက်၍ ဆန့်ဆန့်ကြီး အိပ်လိုက်၏။

ယွဲ့ဇွားက ရှုခင်းရှုကွက် ကြည့်သလိုဖြင့် မယောင်မလည် ကိုယ်ယောင်ပြသည်။

တစ်ခဏအကြာတွင် မြွေရှင်သည် ယွဲ့ဇွားကို မြင်တွေ့သွားပုံရသည်။

ယွဲ့ဝှားထံ လျှောက်လာသည်။

ယွဲ့ဝှားက ဘာမျှ မသိသလိုဖြင့် ဟိုငေးသည်ငေး ငေးနေသည်။ မြွေရှင်ကလည်း ယွဲ့ဝှားထံ အကြံဖြင့် ချဉ်းကပ်လာခြင်း ဖြစ်သည်။

"မိန်းကလေး"

ဟုသာ ခေါ်လိုက်ရသည်။

"အား"

မြွေရှင်သည် စကားကို ဆက်မပြောနိုင်ဘဲ အော်ဟာစ်ညည်းတွားကာ နဖူးကို လက်ဝါးဖြင့် အုပ်လိုက်မိသည်။

အကြောင်းမှာ အရာဝတ္ထုတစ်ခုက သူ၏ဦးခေါင်းကို ပြင်းထန်စွာ လာရောက်ထိမှန်သောကြောင့် ဖြစ်သည်။

"ဟေ့ ဘယ်သူလဲ၊ ငါ့ကို နှောင့်ယှက်တာ"

မြွေရှင်လူကြီးက လှည့်ပတ်ရှာဖွေလိုက်သည်။

မိန်းကလေး၏အဖော်တစ်ယောက်သာ ကျောက်တုံးပေါ်၌ မလှုပ်မယှက် အိပ်နေသည်ကို တွေ့ရသည်။

အခြား မည်သူ့ကိုမျှ မတွေ့ရချေ။

မြွေရှင်သည် ယွဲ့ဝှားနား မကပ်ရဲတော့ဘဲ တစ်ချိုးတည်း လစ်ပြေးလေတော့သည်။

♠ ♠ ♠



အရက်အိုးကြီးထင်းလွေနှင့် ယွဲ့ဝှားတို့သည် သစ်တောထဲ လေးငါးရက်မျှ ခိုးအောင်းကာ ကျန်းညီနောင်များကို စောင့်နေကြသည်။

သံသေအမြုတေ တူးဖော်ရန် ကျန်းညီနောင်တို့လူစု သစ်တောထဲသို့ ပြန်လည်ရောက်ရှိလိမ့်မည်ဟု သူတို့ မျှော်လင့်ထားကြသည်။

မျှော်လင့်ထားသည့်အတိုင်း ပဉ္စမမြောက် ညပိုင်း ရောက်သည့်အခါ သစ်တောထဲသို့ အသက်လေးဆယ်ကျော်အရွယ် လူကြီးနှစ်ဦး ဝင်ရောက်လာသည်။

တစ်ယောက်မှာ ပုပုဝဝ ဖြစ်ပြီး ကျန်တစ်ယောက်မှာ ပိန်ပိန်ပါးပါး ဖြစ်၏။

အချိန်မှာ ညပိုင်း ရောက်နေပြီ ဖြစ်သော်လည်း လမင်းကြီးက သာနေသဖြင့် ထင်ထင်ရှားရှားပင် မြင်တွေ့ရသည်။

ဝဝပုပုနှင့်လူကြီးမှာ ကျန်းညီနောင်ထဲမှ ကျန်းစွေဆိုသူ ဖြစ်ပြီး ယွဲ့ဝှား၏မိခင်ကို လုပ်ကြံခဲ့သူ ဖြစ်၏။

ထိုသူနှစ်ယောက်သည် အတန်ကြာသွားမိသောအခါ ရပ်လိုက်ကြ၏။

ကျန်းစွေက ပိန်ပိန်ပါးပါးနှင့်လူကို လှမ်းမေးသည်။

"သည်နေရာပဲလား"

သူတို့ ရပ်နေသော နေရာနားတွင် ထင်းရှူးပင်နှစ်ပင်တည်း

သာ ထီးထီးရှိ၏။

ချုံနွယ် စုစုဝေးဝေး ဟိုတစ်ကွက် သည်တစ်ကွက် ရှိသည်မှလွဲ၍ ကြီးကြီးမားမား သစ်ပင်မရှိချေ။

ပိန်ပိန်ပါးပါးလူကြီးသည် ရင်ဘတ်ကြားမှ ပိုးပဝါစကို ဆွဲထုတ်လိုက်သည်။

ထို့နောက်...

အသံကျယ်ကျယ်ဖြင့် ဖတ်လိုက်သည်။

"လဆန်းရှစ်ရက်နေ့ ညဥ့်နှစ်နာရီတီးတွင် ထင်းရှူးပင် အရိပ်ကျရာ ထိပ်နေရာတွင် တူးဖော်ပါ၊ သိုင်းလောကဥ္စ မည်သည့်ဓားမျှ မယှဉ်နိုင်သော ဓားကောင်းကို ရမည်"

ညဥ့်အတော်နက်ပြီ ဖြစ်၍ သူ၏အသံကို အဝေးမှပင် ပီပြင်သဲကွဲစွာ ကြားနိုင်ပေသည်။

ထို့နောက် သူတို့သည် ညဥ့်နှစ်ချက်တီး ထင်းရှူးပင် အရိပ်ကျမည့် နေရာကို စောင့်ဆိုင်းယင်း တူးဖော်ရန် ပြင်ဆင်လိုက်သည်။

အကယ်၍ သူတို့သာ သံသေအမြုတေကို ရရှိပါက သိုင်းလောကရှိ မည်သည့်ဓားကိုမဆို မမှုတော့ပေ။

သံသေအမြုတေ ဓားကောင်းကိုသာရလျှင် သူတို့သည်တောင်ဝါတောင်၌ ယှဉ်ပြိုင်မည့် သိုင်းပြိုင်ပွဲတွင် မည်သည့်ကိုမျှအမှုထားရန် မလိုတော့ချေ။

ဓားဓားချင်း ထိတွေ့သည်နှင့် သံသေအမြုတေက တိခဲ



ဗိုင်းဖြတ်လိုက်မည်သာ ဖြစ်၏။

ထို့ကြောင့် ကျန်းညီနောင်တို့သည် သံသေအမြုတေ ရရှိရေးအတွက် အစွမ်းကုန် ကြိုးစားနေကြခြင်း ဖြစ်တော့သည်။

♠ ♠ ♠

ထင်းရှူးပင်ရိပ်နှစ်ခုသည် ရှည်လျားစွာ ထိုးကျလာ၏။

အချိန်မှာလည်း ညဥ့်နာရီပြန် နှစ်ချက် ရှိပြီ ဖြစ်သည်။

ကျန်းဇွေအမည်ရှိ ပုပုဝဝလူကြီးသည် သူ့လူတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

ထိုသူမှာ မြွေရှင် ဖြစ်သည်။

သူ့အမည်မှာ ချုံ ဖြစ်သည်။

"ကဲ မြွေရှင်ချုံရေ ကြိုးစားပြီးသာ တူးပေတော့"

မြွေရှင်ချုံသည် ထင်းရှူးပင်နှစ်ပင်အနက် ဘယ်ဘက်ခြမ်းရှိ အရိပ်ဖျားနေရာသို့ စတင်တူးဆွလေသည်။

သိပ်ကြာကြာ မတူးလိုက်ရပါ။

ထိုအခါ လက်ဝါးသာသာရှိ ငွေရောင်ဘူးကလေးတစ်ဘူးကို ရရှိလေ၏။

ကျန်းဇွေက ဖွင့်ကြည့်လိုက်၏။

မြေပုံတစ်ခုကို တွေ့ရ၏။

မြေပုံအောက်ခြေ၌...

"မရဏာရေကန်တွင် မြှုပ်ထားသည်"

ကျန်းစွေသည် ငွေရောင်ဘူးကို ပြန်ပိတ်လိုက်သည်။

ထို့နောက် သူ၏လူများကို အချက်ပေး၍ ပြန်လည်စုစည်းလိုက်၏။

စုစုပေါင်း ခုနစ်ယောက် ဖြစ်၏။

ခပ်လောလော ထွက်ခွာရသဖြင့် ဂေါ်ပြားကိုပင် သတိမရကြချေ။

ဂေါ်ပြားမှာ တူးထားသော တွင်းနံဘေး၌ ကျန်ရစ်ခဲ့လေသည်။

♠ ♠ ♠



ကျန်းစွေတို့လူစု ထွက်သွားသောအခါ အရက်အိုးကြီးထင်းလွေနှင့် ယဲ့ဝှားတို့သည် မြေတွင်းတူးဖော်နေရာသို့ ရောက်လာကြ၏။

ထို့နောက် ကျန်းစွေတို့ ကျန်ရစ်ခဲ့သော ဂေါ်ပြားကို ယူကာ ထင်းရှူးပင်ရိပ်နှစ်ရိပ်အနက် မတူးရသေးသည့် ဘယ်ဘက်အရိပ်ခြမ်းကို တူးဆွကြည့်ကြသည်။

အတန်ကြာ ဆွမိသော ကျန်းစွေတို့ကဲ့သို့ပင် ငွေဘူးတစ်ဘူးကို တူးဖော်ရရှိ၏။

အရက်အိုးကြီးထင်းလွေသည် ကပျာကယာပင် ငွေဘူးကို ဖွင့်ကြည့်လိုက်၏။

ထိုအခါ စာရေးထားသော ပိုးပဝါစတစ်စကို တွေ့မြင်ရသည်။

ပဝါပေါ်မှ စာကို စိတ်ဝင်တစား ဖတ်ကြည့်လိုက်၏။

"ကျွန်ုပ်လီလုံချန် အပါအဝင် ဂိုဏ်း၏ညီနောင်ငါးဦးသည် သံသံချင်းပင် ဖြတ်တောက်နိုင်သော ဓားငါးလက် ပြုလုပ်ခဲ့ကြ၏။ တစ်ယောက်တစ်လက် ကိုင်ဆောင်ကြသည်။ ထိုအခါ ကျွန်ုပ်တို့၏ဓားကို အလိုရှိသော လူဆိုးလူယုတ်များသည် တိုက်ခိုက်ရာ ကျွန်ုပ်လီလုံချန်သည် ထိုဓားများကို မရဏာရေကန်ထဲ ပစ်ချခဲ့သည်။ ထို့နောက် ငွေဘူးနှစ်ဘူး ဘူးခွဲ၍ တစ်ဘူးတွင် အကျိုးအကြောင်း စာတစ်စောင် ရေး၍ မြေမြှုပ်ထားခဲ့သည်။ ကျွန်ုပ်၏ညီနောင်လေးဖော်ကား လူဆိုးများ၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ကြရပေသည်။ ရေကန်၏

အောက်ခြေတွင် နဂါးရုပ်တစ်ခု ရှိသည်။ ရေကန်၏အနက်ကား ဝါး လေးပြန်ရှိ၏။ ကန်၏အောက်တွင် မိကျောင်းနှစ်ကောင် စောင့်ရှောက်လျက် ရှိသည်"

စာမှာ ဤမျှသာဟု အရက်အိုးကြီးထင်းလွေ ထင်မှတ်ခဲ့သည်။

သို့သော်...

နောက်မှ သတိရ၍ ထပ်မံဖြည့်စွက်ထားဟန်တူသော စာကို ကျောဘက်၌ တွေ့မြင်ရပြန်သည်။

အရက်အိုးကြီးထင်းလွေ စိတ်ဝင်စားစွာ ဖတ်ရှုလိုက်ပြန်၏။

"ရေကန်သည် ရေစီးသန်၏။ ရေဝဲလည်း ရှိသည်။ ဘဲငန်းတစ်အုပ် ဖြတ်သွားလျှင် ထိုဘဲငန်းအားလုံး ရေဝဲစုပ်ခြင်း ခံရနိုင်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ ထိုကန်ကို မိချောင်းနှစ်ကောင်က စောင့်ရှောက်နေခြင်း ဖြစ်၏။ မိချောင်းကို ရှင်းပစ်နိုင်မှ ကျွန်ုပ်တို့ လက်နက်ကဲ့သို့ ပြုလုပ်နိုင်သော သံသေအမြုတေကို ရရှိမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ညီနောင် စုပေါင်းပြုစုထားသည့် ဓားကျမ်းလည်း ရှိနေပါသည်။ ထိုဓားကျမ်းပါ သိုင်းကွက်များဖြင့် ကျွန်ုပ်တို့၏လက်နက်ကို ထိရောက်ထက်မြက်စွာ အသုံးချနိုင်ပါလိမ့်မည်။ သိုင်းလောကအကျိုး အများအကျိုးကို ကျွန်ုပ်တို့ လက်နက်မျိုးစုံဖြင့် ထမ်းရွက်ဆောင်ရွက်နိုင်ပါစေသော်။"

အရက်အိုးကြီးထင်းလွေသည် ထိုစာများကို ယွဲ့ဖွား သိနိုင်



စေရန် အသံထွက်၍ ရွတ်ဖတ်ပြလိုက်ခြင်း ဖြစ်သည်။

စာဖတ်၍ ဆုံးသောအခါ နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီ ချမိကြသည်။

သူတို့သည် လမ်းညွှန်စာကိုသာ ရရှိလိုက်လေသည်။

မရဏရေကန် ရှိရာ မြေပုံကိုမူ ကျန်းစွေတို့လူစုက ရရှိသွားသည်။

"အင်း ငါတို့ လက်ထဲ မြေပုံမရှိတော့ ကျန်းစွေတို့နောက်ကို ခြေရာခံလိုက်ရတော့မှာပဲ၊ သည်ကောင်တွေ လက်ထဲမှာ နှစ်ထောင်ကျော်လိပ်ကြီး ရှိနေတဲ့အပြင် လက်နက်ဆန်းပါ ထပ်ရသွားယင်တော့ သိုင်းလောကမှာ ထင်တိုင်းကျဲတော့မှာပဲ၊ မဖြစ်ဘူး..မဖြစ်ဘူး၊ လက်နက်ဆန်းတွေ သည်ကောင်တွေ လက်ထဲ မရောက်အောင် လုပ်ရမယ်"

အရက်အိုးကြီးထင်းလွေက စိုးရိမ်သည့် လေသံဖြင့် ရေရွတ်လိုက်၏။

ယွဲ့ဖွားမှာလည်း ရပ်ရွာအေးငြိမ်းရေးကို လိုလားသူ ဖြစ်သည်။

သူမသည် ကျန်းညီနောင်၏မတရားသော လုပ်ရပ်များကို ဖြစ်သည့်နည်းဖြင့် ဟန့်တားလိုသူ ဖြစ်သည်။

ထို့အပြင်...

ကျန်းညီနောင်တို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက်လည်း

ဥပဒေအရ အရေးယူနိုင်ရန် ကြိုးစားနေသူ ဖြစ်သည်။

ထို့ကြောင့် ကျန်းညီနောင်တို့နောက် လိုက်ရန် လွန်စွာ စိတ်အားထက်သန်လျက် ရှိသည်။

ဖန်ကျင်းတို့ကို သတိရလာ၏။

သူတို့သာ ရှိနေလျှင် မိမိတို့ဘက်၌ အင်အားပို၍ တောင့်တင်းလာနိုင်သည် မဟုတ်လား။

"အင်း ခုနေများ သမားတော်သားအဖ ရောက်လာယင် သိပ်ကောင်းမှာ ရေပတ်လည်ဝိုင်းနေတဲ့ ကျောက်ဂူထဲက ကျွန်းကလေးမှာ နေလာတာဆိုတော့ ရေအကြောင်း ပိုနားလည်မယ်"

အရက်အိုးကြီးထင်းလွှေက တမ်းတမ်းတတ ရေရွတ်လိုက်တော့သည်။

ထို့နောက် သူတို့သည် ကျန်းညီနောင်တို့ ထွက်ခွာရာ နောက်သို့ ခြေရာခံ လိုက်ပါသွားကြလေတော့သည်။

♠ ♠ ♠

## မရဏရေကန်

အရက်အိုးကြီးထင်းလွှေနှင့် ယွဲ့ဂွားတို့သည် ကျန်းစွေတို့ နောက်သို့ ခြေရာခံလိုက်ကြ၏။

တစ်နေရာ အရောက်တွင် သစ်ပင်တစ်ပင်ပေါ်မှ နေ၍ အဘိုးအိုတစ်ဦး ရုတ်တရက် ခုန်ချလာသည်။

ထိုအဘိုးအိုမှာ အသက်ငါးဆယ်ကျော်အရွယ် ရှိသည်။

အရက်အိုးကြီးထင်းလွှေ မျက်မှောင်ကြုတ်၍ အကဲခတ်လိုက်သည်။

အဘိုးအိုက လက်နှစ်ဘက်ဆုတ်၍ အရိုအသေပေး၏။

"ကျုပ်က လူသူ မနီးတဲ့ ကျွန်းကလေးပေါ်မှာ ဆယ့်ရှစ်နှစ်လုံးလုံး နေခဲ့ရတဲ့ ရှန်းဝေပါ"

ရှန်းဝေဟူသော အမည်ကို ကြားရသောအခါ ထင်းလွေ ဝမ်းသာသွားသည်။

ရှန်းဝေအဘိုးအို အကြောင်းကို ဖန်ကျင်း ပြောပြထားသဖြင့် သူတို့ သိရှိထားပြီ ဖြစ်လေသည်။

"ဩော် ခင်ဗျားက ရှန်းဝေကိုး၊ ခင်ဗျားအကြောင်းကို ဖန်ကျင်း ပြောပြလို့ သိရပြီးပါပြီ"

ရှန်းဝေက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်လဲ ကျွန်းကလေးပေါ်မှာ နေရတာ ငြီးငွေ့လို့ သိုင်းလောကထဲ ဝင်လာတာ၊ ရွှေချိုးအမြုတေကို ပိုင်ဆိုင်ဖို့အတွက် တောင်ဝါတောင်မှာ သိုင်းယှဉ်ပြိုင်ပွဲ လုပ်မယ်လို့ ကြားခဲ့ရတယ်၊ အဲဒါအပြင် ကျုပ်သဘောကတော့ သံသေအမြုတေကို ဖန်ကျင်းကို ရစေချင်တယ်"

ထိုစကားကြောင့် ထင်းလွေ ဝမ်းသာသွားရပြန်သည်။

"ဟာ အတော်ပဲ၊ ကျုပ်တို့က ကျန်းညီနောင်နောက်ကို ခြေရာခံလိုက်နေကြတာ၊ ခင်ဗျားက ဖန်ကျင်းတို့ကို လိုက်ရှာဗျာ၊ သူနဲ့ သမားတော်ရှူယင်တို့သားအဖ မိုးတောင်ကို သွားကြတယ်၊ ခုလောက်ဆို ပြည်မကြီးထဲ ပြန်ဆင်းလာလောက်ပြီ၊ ခင်ဗျားက ဖန်ကျင်းနောက် လိုက်ယင်း ကျန်းညီနောင်တို့နဲ့ ပတ်သက်တဲ့သတင်းကို လွှင့်ပေးစမ်းပါ"

"ဘယ်လိုလွှင့်ရမှာလဲ"



"ဒီလိုလေ သူတို့ညီနောင် သံသေအမြုတေနဲ့ ပတ်သက်တဲ့ မြေပုံရတဲ့အကြောင်း မရဏာရေကန်ကို သွားတဲ့အကြောင်း အဲဒါကို သတင်းလွှင့်ပေးပါ၊ သိုင်းပြိုင်ပွဲမှာ အနိုင်ရဖို့အတွက် သိုင်းသမားတွေဟာ သံသေအမြုတေကို အလိုရှိနေကြတာဆိုတော့ သူတို့ဟာ ကျန်းညီနောင်နောက်ကို သဲသဲမဲမဲလိုက်ကြလိမ့်မယ်၊ လူအားလုံးက သူတို့ကို အာရုံစိုက်နေတဲ့ အချိန်မှာ ကျုပ်တို့က ကြားဝင်လုပ်ရှားရမယ်"

ထင်းလွေက သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

ရှန်းဝေအဘိုးအိုလည်း သဘောကျစွာဖြင့် လက်ခံသဘောတူလိုက်သည်။

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ရာ၌ လွယ်ကူစေရန် စကားဝှက်များ သတ်မှတ်ပြီး လူချင်း ခွဲလိုက်ကြလေသည်။

♠ ♠ ♠

ကျန်းညီနောင်တို့သည် မြေပုံအရ ခရီးဆက်ခဲ့ကြရာ မရဏရေကန်သို့ ရောက်ရှိလာခဲ့ကြ၏။

သူတို့သည် မရဏရေကန်ကို မြင်တွေ့ရသောအခါ ဝမ်းသာအားတက် ဖြစ်သွားကြသည်။

သံသေအမြုတေကို ရရှိနိုင်ရန် လက်တစ်ကမ်းမျှသာ လိုတော့သည့် အနေအထားသို့ ရောက်ရှိခဲ့ပြီ မဟုတ်ပါလား။

သံသေအမြုတေသာရလျှင် သိုင်းယှဉ်ပြိုင်ပွဲ၌ မည်သူ့ကိုမဆို မှုစရာမလိုတော့ပေ။

သိုင်းလောကတစ်ခုလုံးကိုပင် ဗိုလ်ကျစိုးမိုးနိုင်တော့မည် ဖြစ်သည်။

သူတို့သည် ရေကန်ကို တစ်ချက်အကဲခတ် ကြည့်လိုက်ကြသည်။

ရေကန်၏အနက်ကို ခန့်မှန်း၍ မရချေ။

ရေစီးလွန်စွာ သန်၏။

ဤသို့ ဖြစ်ရသည်မှာ ကန်အတွင်း၌ ဝဲကတော့ သုံးလေးခုမျှ ရှိနေသောကြောင့် ဖြစ်၏။

ရေအောက်ပိုင်း အခြေအနေကို မမြင်ရချေ။

ကျန်းညီနောင်မှ အစ်ကိုကြီးကျန်းမင်းက သစ်ကိုင်းတစ်ခုချိုး၍ ကန်ထဲ ပစ်ကြည့်လိုက်၏။

သစ်ကိုင်းသည် ဝဲကတော့အတွင်း ချာချာလည်ကာ ရေ



အောက်သို့ စုပ်ယူသွားခြင်း ခံလိုက်ရသည်။

ရေကို လက်ဖြင့် ကိုင်ကြည့်ရာ အရိုးကွဲမတတ် အေးစိမ့်သွား၏။

တပည့်ငါးဦးအနက် ရေကူးကျွမ်းကျင်သော ဗိုင်လျှံကျောက်ကို ရေထဲဆင်းရန် ရွေးချယ်လိုက်သည်။

သို့သော် ကန်၏အခြေအနေကို ကြည့်ကာ ဗိုင်လျှံကျောက် ကန်ထဲ မဆင်းရဲဘဲ ဖြစ်သွား၏။

ထိုစဉ် ဒုတိယတပည့်က ဝင်၍ အကြံပေးသည်။

"ရေလုံအင်္ကျီနဲ့ ကြိုးတစ်ချောင်း ရှာဖို့ လိုမယ် ထင်ပါတယ်"

ကျန်းမင်းမှာ အချိန်ဖြုန်းလိုသူ မဟုတ်ချေ။

ကန်ကြီးကို တွေ့နေမှ သံသေအမြုတေကို ရှာဖွေရန် သိပ်မခဲယဉ်းတော့ဟု ယူဆထားသည်။

"မင်း ရေထဲ မဆင်းရဲဘူးလား၊ ကြောက်နေသလား"

ကျန်းမင်းက ဗိုင်လျှံကျောက်ကို လှမ်းမေးလိုက်သည်။

ထိုစဉ်...

"ဝုန်း"

ကျောက်ပြားတစ်ချပ် သူတို့ရှေ့သို့ ကျလာလေသည်။

ကျန်းမင်း ထိတ်လန့်တကြား လှမ်းကြည့်၏။

အနီးတစ်ဝိုက်၌ မည်သူ့ကိုမျှ မတွေ့ရချေ။

သူတို့အနီး၌ ကြီးမားသော ကျောက်တုံးကြီးတစ်တုံးသာ

ရှိသည်။ ကျောက်တုံးပေါ်လှမ်းကြည့်သည့်အခါ မည်သည့်အရာမျှ မမြင်ရချေ။

ကျန်းမင်သည် အတော်ပင် မကျေမနပ် ဖြစ်သွားရ၏။

"ဒါအကြောင်းမဲ့ မဟုတ်ဘူး၊ တစ်ယောက်ယောက်က လုပ်တာ"

ကျန်းမင်က အနားပတ်ပန်းကျင်တစ်ဝိုက် လှည့်ပတ်ကြည့်လေသည်။

တစ်စုံတစ်ယောက်၏ အရိပ်အရောင်မျှပင် မတွေ့ရပေ။

"ကဲ လာ တို့သွားကြမယ်"

ကျန်းမင်က သူ့လူများကို လက်ငွေယမ်းပြကာ ရေကန်အနီးမှ ထွက်ခွာသွား၏။

ဤသို့ ထွက်ခွာသွားသည်မှာ အဓိပ္ပါယ်မဲ့ ထွက်သွားခြင်း မဟုတ်ပေ။

ထိုအနီးတစ်ဝိုက်၌ တစ်စုံတစ်ယောက် ရှိနေရမည်ဟု ယူဆထားသောကြောင့် ဖြစ်၏။

သူ၏အကြံအစည်ကို လူမသိစေချင်သော အချက်လည်း ပါသည်။

အတန်ငယ် လှမ်းသည့် နေရာသို့ ရောက်သည့်အခါ ကျန်းမင်က ရပ်လိုက်၏။

ထို့နောက် သူဌေးကြီးချုံကို လှမ်းကြည့်လိုက်ပြီး...



"သူဌေးကြီးချုံ ရေကန်အနီး မင်းသွားကြည့်စမ်း"

ဟုပြောလိုက်သည်။

သူဌေးကြီးချုံသည် ခေါင်းတစ်ချက်ညိတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

♠ ♠ ♠

သူဌေးကြီးချုံ ထွက်သွားသည်မှာ အတော်ကြာပြီ ဖြစ်ပေသည်။

ကျန်းမင်တို့မှာ ငုတ်တုတ်ထိုင်စောင့်နေရသည်ကို စိတ်မရှည်နိုင်အောင် ဖြစ်လာကြသည်။

လာချိန်တန်ပါလျက် သူဌေးကြီးချုံ ပြန်ရောက်မလာသည့်အတွက် ကျန်းမင်တို့သည် လည်တဆန့်ဆန့် ဖြစ်လာကြသည်။

နောက်ဆုံးတွင် ကျန်းမင်တို့ သည်းမခံနိုင်တော့ဘဲ ရေကန်ရှိရာသို့ ပြန်လည်ထွက်ခွာခဲ့ကြပြန်သည်။

ရေကန်အနီးသို့ ရောက်လာသောအခါ ကျောက်တုံးတစ်ခုပေါ်၌ သူဌေးကြီးချုံကို မြင်တွေ့ကြရသည်။

သို့သော်...

အသက်ရှင်လျက်ကား မဟုတ်ပေ။

အသက်ပျောက်လျက် ရှိနေ၏။

သူဌေးကြီးချူ၏အလောင်းနားတွင် စာရေးထားသည်ကို တွေ့ရသည်။

"ဒီနေရာဟာ ဒုစရိုက်သမားတွေ ရှိနေသင့်တဲ့နေရာ မဟုတ်ဘူး"

ကျန်းမင်သည် ပစ္စည်းမရမီ တပည့်တစ်ယောက် ဆုံးရှုံးသွားရသည့်အတွက် အတော်ပင် ခံပြင်းသွားမိသည်။

"တောက်"

ကျန်းမင် မကျေမနပ်ဖြင့် တက်ခေါက်လိုက်သည်။

"ဒါ သက်သက်မဲ့ တို့ကို စော်ကားတာ"

"သူဌေးကြီးချူကို သတ်တဲ့ကောင်တော့လား၊ မင်းပေါ်လာတဲ့ တစ်နေ့ နုတ်နုတ်စင်းပစ်မယ်"

ကျန်းစွေကလည်း မကျေမနပ်ဖြင့် ရေရွတ်သည်။

ကျန်းမင်သည် တစ်စုံတစ်ရာ လေးလေးနက်နက် တွေးတောစဉ်းစားပြီးနောက်...

"ရေအောက်က ပစ္စည်းကို အမြန်ဆုံးရအောင် ယူမှ ဖြစ်မယ်၊ တို့ကိစ္စ လူတွေ သိကုန်ပြီထင်တယ်"

သူတို့ စကားများကို ထင်းလွေနှင့် ယွဲ့ဗှားတို့က ချောင်းမြောင်းနားထောင်လျက် ရှိသည်။

သူဌေးကြီးချူ သေသွားရခြင်းမှာလည်း ထင်းလွေ၏လက်ချက်ကြောင့် ဖြစ်သည်။



သူဌေးကြီးချူသည် ကျန်းမင်၏စေခိုင်းချက်အရ ရေကန်သို့ ပြန်လာစဉ် ယွဲ့ဗှားကို မြင်တွေ့သွားသည်။

ယွဲ့ဗှားကို အနိုင်ကျင့် စော်ကားရန် ကြံစည်စိုက် ထင်းလွေ နှိမ်နင်းလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ကျန်းမင်တို့လူစု ပြန်ရောက်ရှိလာမည်ကို သိသဖြင့် တိတ်တဆိတ် ပုန်းအောင်းစောင့်ဆိုင်းနေလိုက်ကြသည်။

တစ်ခဏအကြာတွင် ကျန်းမင်၏တပည့် ပိုင်လျှံကျောက်သည် ယူဆောင်လာသည့် ရိက္ခာများထဲမှ အရက်တစ်အိုးကို ထုတ်ကာ တစ်ကျိုက်ပြီးတစ်ကျိုက် သောက်လိုက်သည်။

ကျန်းမင်က သူ့ကို ကန်ထဲ ဆင်းခိုင်းနေပြီ မဟုတ်ပါလား။

ထို့ကြောင့် ရဲဆေးတင်သည့် အနေဖြင့် အရက်ကို ခပ်များများ သောက်လိုက်ခြင်း ဖြစ်သည်။

ပိုင်လျှံကျောက်သည် ကန်စပ်နားသွား၍ ကန်ရေကို တစ်ချက် ရှုးစိုက်ကြည့်လိုက်သည်။

ကန်ထဲ ဆင်းရမည်ကို စိတ်ထဲက စိုးရွံ့နေမိသည်။

သို့သော် ကျန်းမင်ကို ပို၍ကြောက်ရသဖြင့် မဆင်းဘဲ မနေရဲပြန်ချေ။

သို့ဖြင့် စိတ်ကို တင်းပြီး ကန်ထဲ ဖွတ်ဆင်းလိုက်လေတော့၏။

တစ်ကိုယ်လုံး အေးခဲမတတ် စိမ့်ခနဲ ဖြစ်သွားသည်။

သောက်ထားသော အရက်ရှိန်ကြောင့် ကန်ရေ၏အအေးဓာတ်ကို အနည်းငယ် ခံနိုင်ရည် ရှိသွားသည်။

ပိုင်လျှံကျော်သည် ကန်အောက်သို့ ငုပ်ဆင်းလိုက်လေ၏။

ဝဲကတော့၏ဆွဲငင်မှုကြောင့် တဖြည်းဖြည်း ရေဝဲရှိရာသို့ ပါသွားသည်။

ပိုင်လျှံကျော်သည် ရေဝဲနှင့် ဝေးရာဘက်သို့ တတ်နိုင်သမျှ ကူးခတ်သွားသည်။

တဆက်တည်းတွင် ကန်အောက်ခြေသို့ ရောက်စေရန် ရေငုပ်ဆင်းသည်။

ထိုစဉ် ကြီးမားသော သတ္တဝါတစ်ကောင်က သူ့အနီး ချဉ်းကပ်လာကြောင်း သိလိုက်ရသည်။

ပိုင်လျှံကျော် ထိတ်လန့်သွားပြီး ရေပေါ် ထိုးတက်လိုက်၏။

ရေထဲမှ အကောင်ကြီးက သူ့ကို အမြီးဖြင့် ရိုက်သည်။

ပိုင်လျှံကျော်၏ခါးတွင် ကြိုးချည်ထားသဖြင့် တော်တော်ဝေးဝေးသို့ လွင့်မသွားပေ။

ကြိုးစတစ်စကို ကန်ပေါ်မှ ကျန်းမင်က ဆွဲထားသည်။

ပိုင်လျှံကျော်သည် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

ရေထဲမှ သတ္တဝါကား သူ့ကို စတင်တိုက်ခိုက်လာပြီ ဖြစ်



သည်။ မိကျောင်းတစ်ကောင် ဖြစ်မှန်းလည်း သိလိုက်ရပြီ ဖြစ်သည်။

ပိုင်လျှံကျော်သည် ထိတ်လန့်တကြားဖြင့် ရေပေါ်သို့ အလုအယက် တိုးတက်လေသည်။

ရေပေါ် ခေါင်းပေါ်လာသောအခါ...

"အစ်ကိုကြီးကျန်း ကြိုးကို မြန်မြန်ဆွဲပါ"

ထိုသို့ အော်ပြီး ပိုင်လျှံကျော် ရေအောက်ထဲ ပြန်ပါသွားလေ၏။

ကန်ရေပြင်၌ တဝုန်းဝုန်းဖြင့် လှိုင်းဂယက်များ ထလာလေသည်။ ကျန်းမင်က ကြိုးကို ကပျာကယာ ဆွဲယူသည်။

သို့သော် တင်းနေသဖြင့် အလွယ်တကူ မပါချေ။

ထို့ကြောင့် တအားဆွဲယူလိုက်ရ၏။

ထိုအခါမှ ကြိုးနှင့်အတူ ပိုင်လျှံကျော် ပြန်ပါလာလေသည်။

ကျန်းမင်တို့လူစုသည် ပိုင်လျှံကျော်ကို ရေထဲမှ ဆယ်ယူလိုက်ကြ၏။

ထိုအခါ ပိုင်လျှံကျော်၏ ခြေနှစ်ဘက် ပြတ်တောက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

အားလုံးပင် တအံ့တသြဖြင့် မှင်တက်မိကာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြတော့သည်။

♠ ♠ ♠

ပိုင်လျှံကျောက်တွင် ခြေနှစ်ဘက် မရှိတော့ချေ။

မိကျောင်းကိုက်လိုက်သောကြောင့် ဖြစ်၏။

ကျန်းမင်သည် ပိုင်လျှံကျောက် ဘာဖြစ်ခဲ့သည်ကို သိပ်စိတ်မဝင်စားချေ။

ပိုင်လျှံကျောက်ကား တစ်ကိုယ်လုံး တုန်ယင်လျက် ရှိ၏။

ဤသည်ကိုလည်း ကျန်းမင် အရေးမစိုက်ချေ။

ရေအောက်၌ ပစ္စည်း တွေ့မတွေ့ကိုသာ စိတ်ဝင်စားနေ၏။

"ဘယ်လိုလဲ ရေအောက်မှာ တို့လိုချင်တာ ရှိလား"

"ဟုတ်...ဟုတ်ကဲ့၊ ရှိ...ရှိပါတယ်၊ ရေစီးသန်တယ်၊ နောက်ပြီး မိ...မိ..."

စကားဆုံးအောင် မပြောနိုင်ချေ။

ပိုင်လျှံကျောက်မှာ သွေးလွန်ပြီး သေဆုံးသွားလေတော့၏။

ကျန်းမင်သည် စိတ်ပျက်လက်ပျက်ဖြင့် ဦးခေါင်းကို အသာခါယမ်းလိုက်၏။

"အင်း အခုဆိုယင် တို့လူနှစ်ယောက် ဆုံးရှုံးခဲ့ရပြီ ဘာဆက်လုပ်ကြမလဲ"

ကျန်းဇွေမှာလည်း ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေသည်။

ထိုစဉ်...

တောင်ထိပ်ပေါ်၌ လူရိပ်နှစ်ခု ပေါ်လာသည်ကို လှမ်းမြင်



လိုက်ကြရသည်။

ထိုလူရိပ်နှစ်ရိပ်သည် တောင်ပေါ်မှ ဆင်းလာကာ သူတို့ထံ ဦးတည်လာနေကြသည်ကို တွေ့မြင်လိုက်ကြရသည်။

လူရိပ်နှစ်ရိပ်၏ ကိုယ်ဖော့ပညာကား လွန်စွာ အဆင့်မြင့်လှကြောင်း မြင်ရုံနှင့် သိသာနိုင်ပေသည်။

တခဏအတွင်းမှာပင် သူတို့အနီး ရောက်ရှိလာ၏။

လူလုံးလူဖန်ပင် မကွဲပြားချေ။

ကျန်းမင်သည် တပည့်သူဌေးကြီးချို အသတ်ခံရသည့် ကိစ္စနှင့် သူတို့အား ကျောက်ပြားဖြင့် ပစ်ချနှောင့်ယှက်သူမှာ ထိုလူနှစ်ယောက်ပင် ဖြစ်ရမည်ဟု ယူဆလိုက်သည်။

ထို့ကြောင့်...

ရောက်ရှိလာသူနှစ်ယောက်ကို စူးစမ်းမနေတော့ဘဲ လက်ဝါးဖြင့် တိုက်ခိုက်လိုက်လေတော့၏။

ဝင်ရောက်လာသော ရှေ့မှလူရိပ်က လက်ဝါးဖြင့် ပြန်လည်ခုခံလိုက်သည်။

ထိုအချိန်၌ ကျန်းဇွေသည် ဝင်ရောက်လာသူနှစ်ယောက်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိရှိလိုက်၏။

ထို့ကြောင့်...

ကျန်းမင်ဘက်မှ ဝင်ကူတိုက်ခိုက်သည်။

ယင်းအခိုက်တွင် နောက်မှ လိုက်လာသော လူရိပ်က...

"ကျန်းမင်"

နောက်မှ လူရိပ်က ခက်ထန်သော လေသံဖြင့် ခေါ်လိုက်၏။

"မင်းတို့ ငါ့ရဲ့လက်ဝါးအကြောင်း ကောင်းကောင်းသိရစေမယ်ကွ"

ကြည့်လိုက်သောအခါ ထိုသူမှာ မိစ္ဆာလေးဖော်အနက် အကြီးဆုံးဖြစ်သူ ဂူပင်း ဖြစ်ကြောင်း တွေ့ရသည်။

အခြားတစ်ယောက်မှာ အပြုံးမိစ္ဆာ ဖြစ်လေသည်။

မိစ္ဆာလေးဖော်အနက် အငယ်ဆုံးဖြစ်သူ မိစ္ဆာမယ်ရှမ်းရှမ်း သေဆုံးသွားပြီကို ကျန်းမင် သိခဲ့ပြီး ဖြစ်၏။

သို့သော် မိစ္ဆာလက် သေဆုံးသွားသည်ကို မသိရှိသေးပေ။

မိစ္ဆာလက်သည် မိုးတောင်တွင် ဖန်ကျင်း၏လက်ချက်ဖြင့် သေဆုံးခဲ့ပြီး ဖြစ်ပေသည်။

မိုးတောင်ကား သိုင်းလောကနှင့် အလှမ်းဝေးသဖြင့် ထိုသတင်းကို ကျန်းမင်တို့ မသိခဲ့ကြခြင်း ဖြစ်လေသည်။

ကျန်းမင်သည် မိစ္ဆာနှစ်ဖော်မှန်း သိလိုက်ရသဖြင့် ပြဿနာမဖြစ်လိုသောကြောင့်...

"သြော် ကျုပ်က တစ်ခြားလူတွေ မှတ်တယ်၊ စိတ်မရှိပါနဲ့ဗျာ၊ ဒါနဲ့ ခင်ဗျားတို့ရဲ့ နံပါတ်သုံးညီ မိစ္ဆာလက်တစ်ယောက်လဲ မတွေ့ပါလား"



ကျန်းမင်က မျက်နှာချိုသွေးယင်း ပြောသည်။

စင်စစ်မူ အကြံမအောင်မီ တတ်နိုင်သမျှ ရန်မီးမပွားလိုသောကြောင့် မျက်နှာချိုသွေးခြင်းသာ ဖြစ်၏။

မည်သို့ဆိုစေကာမူ ကျန်းညီနောင်သည် မာနကြီးပြီး မည်သူ့ကိုမျှ အောက်ကျို့ဆက်ဆံလေ့ မရှိသည်ကို ဂူပင်းတို့က သိရှိထားပြီး ဖြစ်၏။

ဤတွင် အပြုံးမိစ္ဆာက ပြုံးရယ်လိုက်ပြီး...

"စကားအပိုတွေ ပြောမနေစမ်းပါနဲ့ဗျာ၊ ရွှေချိုးအမြုတေကို ခင်ဗျားက ကံကောင်းပြီး ရထားခဲ့တာကို အပိုင်စီးချင်လို့ ကြိတ်ကြံနေတာ မဟုတ်လား၊ မြောင်နယ်ခြားက တိန့်ချောင်းက သိုင်းပြိုင်ပွဲလုပ်ပြီး ရွှေချိုးအမြုတေကို ဘယ်သူရသင့်တယ်ဆိုတာ ဆုံးဖြတ်ဖို့ ပြောထားခဲ့တော့ ခင်ဗျားတို့က အနိုင်ရအောင်ဆိုပြီး သံသေအမြုတေကို ကြိတ်ရှာနေတယ်ဆိုတာ ကျုပ်တို့ သိပြီးပါပြီ၊ သည်မှာ ခင်ဗျားတို့ နားလည်ထားဖို့က မရဏရေကန်အောက်မှာ ရှိတဲ့ ပစ္စည်းကို ခင်ဗျားတို့ အပိုင်စီးလို့ မရဘူးဆိုတာပဲ"

အပြုံးမိစ္ဆာ၏စကားကို ကြားရသောအခါ ကျန်းမင်မှာ မျက်စိမျက်နှာပျက်သွားသည်။

မိမိတို့ လျှို့ဝှက်ထားသည့်ကိစ္စ မည်ကဲ့သို့ ပေါက်ကြားသွားရပါသနည်း။

ကျန်းမင် နားမလည်နိုင်အောင် ဖြစ်သွားသည်။

တစ်နေရာမှ လှို့ဝှက်ချက်ကို ချောင်းမြောင်းနားထောင်နေသော အရက်အိုးကြီးထင်းလွေတို့မှာမူ ရှန်းဝေ၏သတင်းလွှင့်မှုကြောင့် ဖြစ်ကြောင်း နားလည်သိရှိလိုက်ကြပြီ ဖြစ်လေ၏။

ကျန်းမင်သည် သူ၏ရင်ဘတ်ကြားမှ တစ်စုံတစ်ရာ နှိုက်ထုတ်လိုက်၏။

ရွှေချိုးအမြူတေ ဖြစ်သည်။

ကျန်းမင်က ရွှေချိုးအမြူတေကို အပြုံးမိစ္ဆာတို့အား မြင်သာအောင် ပြလိုက်ယင်း...

"သည်ပစ္စည်းဟာ အစစ် မဟုတ်ပါဘူး၊ အခု သည်ရေကန်ထဲမှာရှိတဲ့ ပစ္စည်းကမှအစစ်ဗျ၊ အခုငလောလောဆယ်မှာ ကျုပ်တပည့်နှစ်ယောက်တော့ ဆုံးရှုံးခဲ့ရပြီ၊ ခင်ဗျားတို့ လိုချင်တယ်ဆိုယင်တော့ ကြိုးစားကြည့်ပေါ့၊ အဲ ဒါပေမယ့် ကန်အောက်မှာ ရေသတ္တဝါကြီးတစ်ကောင်တော့ ရှိတယ်နော်၊ သိပ်ကြောက်ဖို့ ကောင်းတာ"

ကျန်းမင်က ပြောလိုက်သည်။

ရေအောက်မှ ပစ္စည်းကို လွယ်လွယ်နှင့် ဆယ်ယူမရနိုင်ကြောင်း သိရှိသဖြင့် ကျန်းမင်က ယင်းသို့ ပြောလိုက်ခြင်း ဖြစ်သည်။

အကယ်၍ မိစ္ဆာညီနောင်တို့သာ ဆယ်ယူရရှိပါက ထိုပစ္စည်းကို တနည်းနည်းဖြင့် ရအောင် ယူမည်ဟု စိတ်ကူးဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထိုစဉ်...



အပြုံးမိစ္ဆာက ကျန်းမင်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဘာလဲ ခင်ဗျားက ရေသတ္တဝါ ရှိတယ်ဆိုပြီး ကျုပ်တို့ကို ခြိမ်းခြောက်တာလား"

ကျန်းမင်က ပခုံးတွန့်ပြလိုက်၏။

မယုံလည်း မတတ်နိုင်ဟူသော သဘောပင် ဖြစ်ပေသည်။

"ကဲ ပြောနေ ကြာတယ်၊ ငါဆင်းကြည့်မယ်"

ဂူပင်းက ကြားဖြတ်ပြောလိုက်ခြင်း ဖြစ်သည်။

တဆက်တည်းမှာပင် အပေါ်အင်္ကျီကို ချွတ်လိုက်လေသည်။

အတွင်း၌ ရေငုတ်ရာ၌ အသုံးပြုသော ဝတ်စုံကို အသင့်ဝတ်ထားကြောင်း တွေ့ရသည်။

သူတို့ကား အစစအရာရာ ကြိုတင်ပြင်ဆင်ပြီးမှ ရောက်လာခြင်း ဖြစ်ကြောင်း ကျန်းမင် နားလည်သိရှိလိုက်သည်။

ဂူပင်းသည် ခါးစည်းကြိုးပင် မလိုဘဲ ကန်ထဲ ခုန်ဆင်းလိုက်သည်။

ထို့နောက်...

ရေအောက်သို့ ငုတ်ဆင်းသွားလေသည်။

ဂူပင်း၏လှုပ်ရှားမှုကို မြင်ရသည်နှင့် ပိုင်လျှံကျောက်ထက်ရောက်၌ ပို၍ကျွမ်းကျင်ကြောင်း ကျန်းမင် သိရှိလိုက်သည်။

ကျန်းစွေကမူ ဂူပင်းနှင့် အပြုံးမိစ္ဆာအား သေသေကြေကြေ

တိုက်ခိုက်ချင်နေသည်။

ကျန်းမင်ကို မလွန်ဆန်နိုင်သောကြောင့်သာ အောင့်အည်းသည်းခံနေခဲ့ရသည်။

စိတ်ထဲကမူ ဆုတောင်းနေမိသည်။

"ဂူပင်းလဲ ပိုင်လျှံကျောက်လို မိကျောင်း အကိုက်ခံရပါစေ"

ထိုစဉ် ကန်ရေမျက်နှာပြင်ပေါ်၌ ပလုံစီများ ထလာ၏။

ရေများလည်း ပို၍ နောက်ကျိလာ၏။

ရေစီးကလည်း ဝဲကတော့အတွင်း တိုးဝင်နေ၏။

အတန်ကြာသော် ဂူပင်းသည် ရေပေါ်သို့ ဘွားခနဲ ပေါ်ထွက်လာလေ၏။

ဂူပင်း၏မျက်နှာကား ဒေါသကြောင့် ခက်ထန်နေ၏။

ထိုစဉ် သူ့နောက်ဘက်မှ မိကျောင်းကြီးတစ်ကောင် ပေါ်လာပြန်၏။

ဂူပင်းသည် ပါးစပ်ဖြဲ၍ ဝင်လာသော မိကျောင်းကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ထို့နောက် ကန်ဘောင်ပေါ် ကပျာကယာ ပြေးတက်လိုက်တော့သည်။

"နံပါတ်နှစ်ညီလေး၊ ငါတို့ ဓားသွားယူရလိမ့်မယ်၊ သည်မိကျောင်းကို တော်ရုံလက်နက်နဲ့ ရင်ဆိုင်ဖို့ မလွယ်ဘူး"

ကုန်းပေါ် ရောက်ရောက်ခြင်း ဂူပင်းက အပြုံးမိန်ဆွာကို လှမ်းပြောလိုက်ခြင်း ဖြစ်၏။



သို့သော်...

ကျန်းမင်တို့ကို တစ်ချက် လှမ်းကြည့်လိုက်၏။

"သည့်ကန်ထဲက ပစ္စည်းကို ခင်ဗျားတို့ မယူရဘူး၊ ယူယင် ကျုပ်တို့နဲ့ ကမ္ဘာရန်ပဲ"

ထိုသို့ ပြောဆိုပြီးနောက် ဂူပင်းသည် အပြုံးမိန်ဆွာကို လက်ဇွယမ်းပြပြီး ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

ကျန်းမင်တို့လူစုသည် ဂူပင်းတို့ညီနောင်နှစ်ယောက်ကို မည်သို့မည်ပုံ ရင်ဆိုင်ရမည်ကို တိုင်ပင်ဆွေးနွေးကြ၏။

သူတို့ တိုင်ပင်ဆွေးနွေးကြသည်ကို အရက်အိုးကြီးထင်းလွေနှင့် ယဲ့ဗှားတို့က ချောင်းမြောင်းနားထောင်သဖြင့် သိရှိလိုက်သည်။

သို့ဖြင့် တစ်ပတ်တိတိ ပြည့်သောနေ့တွင် ဂူပင်းနှင့် အပြုံးမိန်ဆွာတို့သည် ရေကန်ဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။

သူတို့နှစ်ယောက် ရေကန်အနီး ရောက်သည့်အခါ ဗုစ်ခနဲဟူသော အသံကို ကြားလိုက်ရသည်။

ဂူပင်းက ကိုယ်ကို တိမ်း၍ နောက်ဘက်လှည့်ပြီး သူတို့ထံဝင်လာသည့် အရာကို လက်ဖြင့် ဖမ်းယူလိုက်သည်။

သူတို့အား ပစ်ပေးလိုက်သည့် အရာဝတ္ထုများမှာ လက်နက်ပုန်း မဟုတ်ချေ။

စက္ကူဖြူလုံးကလေးသာ ဖြစ်သည်။

လုံးထွေးထားလေသည်။

အတွင်း၌ လေးလံသော အရာထည့်သွင်းထားခြင်း မရှိပေ။

ပေါ့ပါးသော စက္ကူလုံးကလေးကို အဝေးမှ လှမ်းပစ်နိုင်ခြင်းမှာ တော်ရုံအတွင်းအားနှင့် မဖြစ်နိုင်ကြောင်း ဂူပင်းတို့ ခန့်မှန်းမိလိုက်ကြသည်။

မိတ်ဆွေလား၊ ရန်သူလား ခွဲခြားသိနိုင်ရန် ဂူပင်းက အပြုံးမိစ္ဆာကို သွားကြည့်ခိုင်းသည်။

အပြုံးမိစ္ဆာက အနီးပတ်ဝန်းကျင်ကို လိုက်လံရှာဖွေသည်။

မည်သူ့ကိုမှ မတွေ့ရချေ။

ကျန်းညီနောင်လူစုကိုလည်း မမြင်တွေ့ရချေ။

ဂူပင်းက လုံးချေထားသော စက္ကူကို ဖြန့်ကြည့်လိုက်လေ၏။

"မိစ္ဆာညီနောင် သိစေရန်

ကျန်းညီနောင်သည် အဆိပ်များ ယူဆောင်လျက် သင်တို့အား ချောင်းမြောင်းလျက် ရှိသည်။ သင်တို့ညီနောင် ရေကန်တွင်းမှ ပစ္စည်းရသည်နှင့် သင်တို့အား ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်ထားသည်။ သတိထားပါ"



စာတွင် လက်မှတ်ရေးထိုးထားခြင်း မရှိပေ။

အပြုံးမိစ္ဆာ ပြန်ရောက်လာသောအခါ ဂူပင်းက စာကို ပြ၏။

"ကြည့်ရတာ သည်သတင်းက အတော်ပျံ့နေပြီ ထင်တယ်၊ တို့နဲ့ ကျန်းညီနောင်ကို ရန်တိုက်ပေးပြီး ကြားကနေ ပစ္စည်းကို ဖြတ်လုမလို့ ထင်တယ်"

ဂူပင်းက ထင်မြင်ချက်ပေးသည်။

အပြုံးမိစ္ဆာက...

"ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ၊ ကျွန်တော်တို့ အနေနဲ့ အစစအရာရာ သတိထားရလိမ့်မယ်"

သို့ဖြင့် သူတို့သည် ကမ်းစပ်သို့ လျှောက်လာကြ၏။

ထိုအခါ ကမ်းစပ်တွင် သူတို့အယင် လူနှစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရ၏။

သေချာစွာ ကြည့်လိုက်တော့ ကျန်းမင်နှင့် ကျန်းဇွေတို့ ဖြစ်နေသည်ကို တွေ့ရသည်။

ဂူပင်းနှင့် အပြုံးမိစ္ဆာတို့သည် ကျန်းညီနောင်တို့ကို သံသယစိတ်ဖြင့် ကြည့်လိုက်၏။

သူတို့၏လက်မောင်းတွင် ပစ္စည်းများ ထည့်ထားသည်ကို တွေ့ရသည်။

အဆိပ်လက်နက်များ ဖြစ်မည်ဟု ဂူပင်းတို့ ခန့်မှန်းလိုက်ကြ

သည်။ စာပစ်ပေးသူ၏သတင်းမှာ မှန်ကန်ကြောင်း သူတို့ မှတ်ယူလိုက်ကြလေသည်။

ကျန်းမင်က ဂူပင်းကို လှမ်းကြည့်လိုက်သည်။

"မိကျောင်းကို တိုက်ခိုက်ဖို့ ဘာလက်နက်ကောင်း ပါခဲ့သလဲဗျ"

ဂူပင်းက...

"လက်နက်ကောင်းတော့ ရှာမတွေ့ပါဘူးဗျာ၊ ခင်ဗျားတို့က လူအင်အားများတော့ ခင်ဗျားတို့ပဲ ရေကန်ထဲဆင်းပါ၊ ကျုပ်တို့ ကူညီပါ့မယ်"

ကျန်းမင် ပြုံးလိုက်သည်။

ဂူပင်းက တမင် ဟန်ဆောင်ကာ အလျှော့ပေးနေခြင်း ဖြစ်ကြောင်း နားလည်မိလေသည်။

သူက ရိပ်မိသော်လည်း မသိချင်ဟန်ဆောင်ကာ...

"ကောင်းပြီလေ၊ ခင်ဗျားတို့ လက်လျှော့လိုက်ပြီဆိုယင် ကျုပ်တို့ ကြိုးစားကြည့်ရတာပေါ့"

ထို့နောက် ကျန်းစွေကို မျက်ရိပ်ပြလိုက်သည်။

"ကဲ တို့တတွေ ရေကန်ထဲ ဆင်းကြမယ်"

"ကောင်းပြီ"

ကျန်းစွေက သဘောတူလိုက်သည်။

သူတို့ ရေကန်ထဲ ဆင်းရန် ဟန်ပြယင်း အဆိပ်များထုတ်



ကာ ဂူပင်းတို့အား တိုက်ခိုက်လိုက်ကြလေသည်။

ကြိုတင်သတင်းရထားသော ဂူပင်းတို့လည်း အန္တရာယ်မဖြစ်အောင် ရှောင်ရှားနိုင်ခဲ့ကြလေသည်။

ဂူပင်းက သံယပ်တောင်ဖြင့် အဆိပ်များကို ခါထုတ်ပစ်လိုက်ပြီး ကျန်းမင်အား တိုက်ခိုက်လိုက်လေသည်။

အပြုံးမိစ္ဆာက ကျန်းစွေအား တိုက်ခိုက်လိုက်လေသည်။

အပြုံးမိစ္ဆာက မိစ္ဆာမယ်ရှမ်းရှမ်းထံမှ လက်နက်ပုန်းကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

ကျန်းမင်၏တပည့်များကလည်း တိုက်ပွဲထဲ ခုန်ဝင်လာကြလေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာသည်ကို မြင်ရလျှင် တိတ်တဆိတ် ချောင်းကြည့်နေကြသော အရက်အိုးကြီးထင်းလွေနှင့် ယဲ့ဗှားတို့ ဝမ်းသာသွားကြလေတော့သည်။

♠ ♠ ♠

တိုက်ပွဲ ပြင်းထန်နေသည်။

ကျန်းမင်တို့လူစုနှင့် အပြုံးမိစ္ဆာတို့က တစ်ဘက်နှင့်တစ်ဘက် အပြင်းအထန် တိုက်ခိုက်နေကြလေသည်။

အရက်အိုးကြီးထင်းလွေက...

"သည်ကောင်တွေ လောဘဇောတက်ပြီး အချင်းချင်း တိုက်ခိုက်ယင်း ဒုက္ခရောက်ကုန်မှာ သေချာတယ်"

ယွဲ့ဝှား ပြုံးလိုက်သည်။

"ဒါဆို မကောင်းဘူးလားရှင်"

"သိပ်ကောင်းတာပေါ့"

နှစ်ယောက်သား ရယ်မောလိုက်ကြလေသည်။

ထိုအချိန်တွင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူရိပ်တစ်ခု ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကို တွေ့လိုက်ရသည်နှင့် ချက်ချင်း အနီးသို့ ရောက်လာခြင်း ဖြစ်လေသည်။

ယွဲ့ဝှားက...

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

ဟုချီးကျူးလိုက်လေသည်။

ထင်းလွေက...



"သည်လောက် ကိုယ်ဖော့ပညာကောင်းတဲ့လူ သိုင်းလောကမှာ များများစားစား မရှိဘူး၊ သိုင်းထိပ်ခေါင်မာယွင်၊ ဆေးဆရာ.."

သူ၏စကား မဆုံးမီ ပြေးလွှားလာသူက ရောက်ရှိလာပြီ ဖြစ်လေသည်။

ထိုလူမှာ တိန့်ချောင်း ဖြစ်နေသည်။

တိန့်ချောင်းက အော်ငေါက်လိုက်လေသည်။

"ဟိတ် ရပ်လိုက်ကြစမ်း"

သူ၏အသံက မိုးခြိမ်းသံအလား ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

တိုက်ခိုက်နေကြသော ကျန်းမင်နှင့် ဂူပင်းတို့လူစု ရပ်တန့်ကာ နောက်ဆုတ်လိုက်ကြလေသည်။

တိန့်ချောင်းက...

"မင်းတို့က အချင်းချင်း တိုက်ခိုက်နေကြမယ်ဆိုယင် သိုင်းပြိုင်ပွဲကို ဘယ်လိုသွားကြမလဲ"

ဂူပင်းက...

"ကျုပ်တို့က.."

"မင်းတို့က သိုင်းပြိုင်ပွဲမှာ အသုံးပြုဖို့ ဓားတစ်လက်လုပ်ဖို့ သံသေအမြုတေကိုရှာဖို့ သည်ရေကန်ကို လာခဲ့ကြတာမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဟာ မင်းတို့ အချင်းချင်း လောဘဇောတက်ပြီး စိတ်ဝမ်း

ကွဲအောင် တိုက်ခိုက်ကြရအောင် တမင်လုပ်ကြံ သတင်းလွှင့်ကြတာကို ယုံကြည်နေကြတာကိုး"

ဂူပင်းတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ကျန်းမင်က...

"သတင်းက လုပ်ကြံသတင်း မဟုတ်ပါဘူးဗျာ၊ သည်ရေကန်ထဲမှာ သံသေအမြုတေ ရှိနေတာ အမှန်ပဲဗျ"

ဂူပင်း ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်ဗျ"

တိန်ချောင်း ပြုံးလိုက်သည်။

"ကောင်းပြီ၊ မင်းတို့ တကယ်ပဲ သေချာတယ်ဆိုယင် ရေကန်ထဲ ဆင်းကြပါလား၊ ဘာလုပ်နေကြတာလဲ"

"ရေကန်ထဲမှာ မိကျောင်းတွေ ရှိတယ်ဗျ"

"နေဦး"

တိန်ချောင်း လက်ကာပြလိုက်သည်။

"ဂူပင်း၊ မင်းက ရေကူးကျွမ်းကျင်တော့ မင်းက အယင်ရေထဲဆင်းပြီး မိကျောင်းတွေကို မျှားခေါ်လိုက်၊ ရေပေါ် ရောက်လာယင် ငါကြည့်ရှင်းလိုက်မယ်"

"ကောင်းပါပြီဗျာ"

ဂူပင်းက သဘောတူပြီး ရေထဲ ဆင်းသွားတော့သည်။

အားလုံး အခြေအနေကို စောင့်ကြည့်နေကြလေသည်။



မကြာပါချေ။

"ဝုန်း...ဝုန်း"

ဂူပင်းက ရေထဲမှ အလန့်တကြား ပြန်ပြေးတက်လာလေတော့သည်။

မိကျောင်းကြီးနှစ်ကောင် ရုတ်တရက် ထွက်ပေါ်လာပြီး တဟုန်ထိုး လိုက်လာကြသည် မဟုတ်ပါလား။

တိန်ချောင်းက...

"ဂူပင်း၊ မင်း ဘာမှ မကြောက်နဲ့"

ဟုအော်ပြောကာ ယမ်းထုပ်တစ်ထုပ်ဖြင့် ပစ်ပေါက်လိုက်လေသည်။

ယမ်းထုပ်က ဂူပင်၏ဦးခေါင်းပေါ်မှ ကျော်ကာ နောက်က လိုက်လာသော မိကျောင်းနှစ်ကောင်ပေါ်သို့ ကျသွားလေတော့သည်။

"ဝုန်း"

ယမ်းထုပ်ပေါက်ကွဲသွားလျှင် မိကျောင်းနှစ်ကောင်လည်း အပိုင်းပိုင်းအစစ ဖြစ်သွားတော့သည်။

အရက်အိုးကြီးထင်းလွေက...

"အင်း သူရောက်လာမှပဲ မိကျောင်းတွေ ဒုက္ခရောက်တော့တာပဲ"

ဂူပင်း ဝမ်းသာသွားလေသည်။

"မိကျောင်းတွေ သေကုန်ပြီ"

တိန့်ချောင်းက...

"အေး သေကုန်ပြီ၊ မင်း ဘာလုပ်နေတာလဲ၊ သွားတော့လေ"

ဟုအော်ငေါက်လိုက်လေသည်။

ဂူပင်းလည်း ချာခနဲလှည့်ကာ ရေကန်ထဲ ပြေးဆင်းသွားတော့သည်။

မိကျောင်းများ မရှိတော့သဖြင့် သံသေအမြုတေကို ရရှိနိုင်တော့မည်လော။

အားလုံး စိတ်ဝင်စားစွာ စောင့်ကြည့်နေလိုက်ကြလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ရုတ်တရက်...

"ဗွမ်း"

ရေလှိုင်းဂယက်များ ဖြစ်ပေါ်လာကာ ဂူပင်းက ရေထဲမှ ထွက်ပေါ်လာလေတော့သည်။

♠ ♠ ♠



ဂူပင်းသည် ရေအောက်မှ ငွေရောင်ဘူးကလေးတစ်ခုကို ရယူကာ ပြန်ရောက်လာပြီ ဖြစ်လေသည်။

တိန့်ချောင်းတို့ ဝမ်းသာသွားကြလေသည်။

"ပေးစမ်း"

တိန့်ချောင်းက ငွေရောင်ဘူးကလေးကို ဆွဲယူပြီး ကျန်းမင်တို့အား ပြောလိုက်သည်။

"သည်ပစ္စည်းကို ငါယူသွားပြီး ဓားငါးချောင်း ရအောင် လုပ်မယ်၊ မင်းတို့ကို နှစ်ချောင်းပေးမယ်"

သူက ဂူပင်းကိုလည်း ပြောလိုက်သည်။

"မင်းတို့ကိုလည်း ဓားနှစ်လက် လုပ်ပေးမယ်၊ ကျေနပ်တယ်၊ မဟုတ်လား"

ကျန်းမင်နှင့် ဂူပင်းတို့ မကျေမနပ် ဖြစ်နေကြသော်လည်း ဘာမှ မပြောဝံ့ကြချေ။ တိန့်ချောင်းက...

"ငါ သည်ဘက်ကို လာတုန်းက ဆေးဆရာရှုယင်တို့လူစုကို တွေ့ခဲ့တယ်၊ အဲဒါ မင်းတို့ သတိထားဖို့ လိုလိမ့်မယ်၊ ကဲ ငါသွားမယ်၊ မင်းတို့လည်း သတိထားပြီး သွားကြပေတော့"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးလွှားသွားတော့သည်။ ကျန်းမင်နှင့် ဂူပင်းတို့လူစုလည်း ဘာမှမတတ်သာတော့ဘဲ အသီးသီး ထွက်သွားကြလေတော့သည်။

♠ ♠ ♠

## တာဝန်ကိုယ်စီ

တိန့်ချောင်း၊ ကျန်းမင်နှင့် ဂူပင်းတို့အားလုံး ထွက်သွားကြပြီ ဖြစ်လေသည်။

ယွဲ့ဝှား က တိန့်ချောင်း ဂရုမစိုက်ဘဲ လွှင့်ပစ်ထားသော မြေပုံကို ယူကာ ကြည့်လိုက်သည်။

ထိုစဉ်...

"သူတို့ လာနေကြပြီ"

အရက်အိုးကြီးထင်းလွေ၏စကားသံ ထွက်ပေါ်လာလေသည်။

ယွဲ့ဝှား ကြည့်လိုက်ရာ ဆေးဆရာသမားတော် ရှုယင်၊ သမီးဖြစ်သူ လုအော်၊ ဖန်ကျင်း၊ ရှန်းဝေအဘိုးအိုနှင့် ချင်းချင်းမိန်းကလေးတို့ ဖြစ်လေသည်။



ရှုယင်က လှမ်းပြီး နှုတ်ဆက်လိုက်သည်။

"ထင်းလွေ၊ ခင်ဗျား အဆင်ပြေရဲ့လားဗျ"

ထင်းလွေ ပခုန်းတွန့်လိုက်သည်။

"ပြောတောင် မပြောချင်ပါဘူးဗျာ၊ သံသေ့အမြုတေကို ရေအောက်ကနေ သူတို့ ရသွားပြီဗျ"

"ဘယ်သူလဲ"

ရှုယင်က အလောတကြီး မေးလိုက်သည်။

ထင်းလွေက...

"ဘယ်သူရှိမလဲ တိန့်ချောင်းပေါ့"

"ဒုက္ခပဲ"

ရှုယင် ညည်းတွားလိုက်လေသည်။

တဖန်...

"တိန့်ချောင်းနဲ့ မြွေနက်မက သိုင်းလောကကို ဖျက်ဆီးကြမှာ၊ သူတို့ကို တားဆီးနိုင်မှ ဖြစ်မယ်၊ ကျုပ်တို့ လိုက်သွားကြတာပေါ့"

ထင်းလွေ သဘောတူလေသည်။

ဖန်ကျင်းတို့လည်း သဘောတူလိုက်ကြသည်။

ရှုယင်က...

"သမီးလုအော်က အိမ်ပြန်သွားပါ၊ ရှန်းဝေနဲ့ မိန်းကလေး ချင်းချင်းလည်း လိုက်သွားပါ"

"ကောင်းပြီ"

ရှန်းဝေသည် အန္တရာယ်ရှိမှန်းသိ၍ သူတို့အား ရှောင်နိုင်းလိုက်ခြင်း ဖြစ်ကြောင်း နားလည်မိလေသည်။

ထင်းလွေက...

"မိန်းကလေးလည်း ဆရာသမားဆီကို ပြန်တာ အကောင်းဆုံးပဲကွဲ့"

ယဲ့ဗုား ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီရှင်"

ထင်းလွေနှင့် ရှုယင်တို့က ဖန်ကျင်းနှင့်အတူ တိန့်ချောင်းနောက်သို့ လိုက်သွားရန် စီစဉ်လိုက်ကြသည်။

ထို့နောက် လူချင်း ခွဲလိုက်ကြလေတော့သည်။

♠ ♠ ♠

တိန့်ချောင်း...

တိန့်ချောင်းက ကိုယ်ဖော့ပညာ အသုံးပြု၍ လျင်မြန်စွာ ပြေးလွှားလာခဲ့လေသည်။

အတန်ကြာ ပြေးသွားပြီးလျှင် မြေပေါ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်လေသည်။

"ဟူး"



တိန့်ချောင်းသည် သစ်ပင်တစ်ပင်ပေါ်သို့ ရောက်ရှိသွား၏။

သူက သစ်ကိုင်းတစ်ကိုင်း၌ ခြေတွဲလောင်းချကာ ထိုင်နေလိုက်လေသည်။

မကြာပါချေ။

"မြန်မြန်လာဟေ့"

စကားသံ၊ ခြေသံများနှင့်အတူ လူတစ်စု ပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။

ကျန်းမင်၊ ကျန်းစု၊ ညီအစ်ကိုနှင့် ဂူပင်းတို့ ဦးဆောင်သောလူစု ဖြစ်လေသည်။

တိန့်ချောင်း ပြုံးလိုက်သည်။

ကျန်းမင်တို့ ပြေးလွှာလာယင်း သစ်ပင်ကြီးအနီးသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်ကြလေသည်။

ဂူပင်းက...

"သည်နားမှာ ပျောက်သွားတာ"

ကျန်းမင်က...

"ဟုတ်တယ်၊ သည်လူကြီးက အင်မတန် ဉာဏ်များတာ သတိထားကြ"

ထို့နောက် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ပတ်ဝန်းကျင်၌ ရှာဖွေလိုက်ကြလေသည်။

တိန့်ချောင်းက...

"မင်းတို့က ငါ့ကို လိုက်ရှာနေကြတာလား"

ဟုမေးယင်း သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

"သတိထား"

ကျန်းမင်တို့ အချင်းချင်း သတိပေးယင်း တိန့်ချောင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

"ဟား...ဟား...ဟား"

တိန့်ချောင်း ရယ်မောလိုက်လေသည်။

ကျန်းမင်တို့အား ငေ့ကြည့်လိုက်သည်။

"မင်းတို့က ငါ့နောက်ကို လိုက်လာကြတယ် ဟုတ်လား၊ တော်တော်သတ္တိကောင်းကြတာပဲ"

ကျန်းမင်က...

"သံသေအမြုတေကို ခင်ဗျားလိုချင်သလို ကျုပ်တို့လည်း လိုချင်ကြတာပဲ၊ ပြီးတော့ ကျုပ်တို့ ရထားတာ ခင်ဗျားအပိုင်စီးသွားလို့ ဘယ်ဖြစ်မလဲ"

တိန့်ချောင်းက...

"ကျုပ်က အပိုင်စီးမယ် ဟုတ်လား၊ မင်းသေသေချာချာ စဉ်းစားပြီးမှပြောယင် ကောင်းမယ်၊ မင်းတို့ ဘာမှမတတ်နိုင်ဘဲ လက်လျှော့ထားရတဲ့ အချိန်မှာ ကျုပ်ရောက်လာလို့ သည်ပစ္စည်းကို ရခဲ့ကြတာပဲ မဟုတ်လား၊ ပြောစမ်းပါဦး"

ကျန်းမင် အံကြိတ်လိုက်သည်။



"ခင်ဗျား ရောက်မလာလဲ၊ ကျုပ်က ရအောင် ယူဖို့ နည်းလမ်းရှာမှာပဲ၊ ဘာကြောင့် မရနိုင်ရမှာလဲဗျ"

တိန့်ချောင်းက...

"သံသေအမြုတေကို ရမှ မင်းတို့က သည်စကားမျိုး ပြောနေကြတာပါ၊ ကဲ ကျုပ်ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ကျုပ်က မင်းတို့ကို မပေးဘူး၊ တစ်ယောက်ထဲ အပိုင်စီးလိုက်မယ်ဆိုယင်ကော၊ ကဲ ဘာပြောချင်ကြသေးသလဲ"

ဟုပြတ်သားစွာ ပြောလိုက်လေသည်။

ဂူပင်းက...

"ကျုပ်တို့က ဘာကြောင့် လက်ပိုက်ကြည့်နေရမှာလဲဗျ၊ သံသေအမြုတေကို ခင်ဗျားလက်ထဲက ပြန်ယူနိုင်အောင် ကြိုးစားသွားမှာပေါ့"

ကျန်းမင် ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ခင်ဗျား လုပ်ချင်တိုင်း လုပ်နေတာကို ကျုပ်တို့ ခေါင်းငုံ့ခံနေမှာ မဟုတ်ဘူးဗျ"

တိန့်ချောင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ ဘာတတ်နိုင်မှာမို့လဲ"

"စိတ်ချ၊ ခင်ဗျားကို ဆုံးမပြီး သံသေအမြုတေကို ပြန်ယူမယ်"

ကျန်းမင်သည် စကားဆုံးသည်နှင့် တိန့်ချောင်းထံ ခုန်ဝင်

တိုက်ခိုက်လိုက်လေသည်။

"ကျုပ်လည်း ရှိသေးတယ်ဗျ"

ဝူပင်းက အော်ပြောယင်း ကျန်းမင်နှင့် လက်တွဲကာ တိုက်ခိုက်လေသည်။

ဤတွင် ဝူပင်း၏လူများကလည်း ညာသံပေးကာ ဝင်ရောက်တိုက်ခိုက်ကြရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

♠ ♠ ♠

တိန့်ချောင်း ဒေါသထွက်သွားလေသည်။

"မင်းတို့ သေချင်ကြပြီ ထင်တယ်"

အော်ငေါက်ယင်း လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

"ဟူး…ဟူး"

တိန့်ချောင်း၏လက်ဝါးရိုက်ချက်ကြောင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

လက်ဝါးရိပ်များ ပလူပျံအောင် ထွက်ပေါ်လာကာ ဝူပင်း၏လူများထံသို့ တိုးဝင်သွားတော့သည်။

"ဝုန်း"

"အမယ်လေး"



"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

ဝူပင်း၏လူများသည် တိန့်ချောင်း၏လက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

"ဟား…ဟား…ဟား"

တိန့်ချောင်း လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကဲ မင်းတို့ ဘာတတ်နိုင်ကြသေးသလဲ၊ မသေချင်ယင် နောက်ဆုတ်လိုက်ကြစမ်း"

ဟုလည်း ငေါက်လိုက်လေသည်။

ဝူပင်း၏လူများ ထိတ်လန့်ကြောက်ရွံ့နေကြပြီ ဖြစ်သည်။

တိန့်ချောင်းက ရက်ရက်စက်စက် တိုက်ခိုက်နေသဖြင့် သူတို့၏အဖော်များ မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေကြပြီ မဟုတ်ပါလား။

တိန့်ချောင်းက ငေါက်လိုက်လျှင် ကြောက်လန့်တကြား ဖြစ်ကာ ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠

"ဟား...ဟား...ဟား"

တိန့်ချောင်း၏ရယ်သံက ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထား လိုက်လေသည်။

ကျန်းမင်၊ ကျန်းစွေနှင့် ဂူပင်းတို့သုံးယောက် ဒေါသတကြီး ဖြစ်နေကြလေသည်။

တိန့်ချောင်းက...

"မင်းတို့ကော မသွားသေးဘူးလား"

ဟုငေါက်လိုက်လေသည်။

ဂူပင်းက...

"သံသေအမြုတေကို မရသေးဘဲ ကျုပ်တို့ မသွားနိုင်ဘူး"

တိန့်ချောင်းက...

"ဂူပင်း၊ မင်းရဲ့အသက်ကို မနမျောဘူးဆိုယင် ကျုပ်ဆီက သံသေအမြုတေကို လာပြီး လုယူလိုက်ပေတော့"

"စိတ်ချ"

ဂူပင်းက တိန့်ချောင်းထံ ခုန်ဝင်သွားလေသည်။

တိန့်ချောင်းက လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်သည်။

"ယား"

ဂူပင်းက ညာသံပေးကာ တိန့်ချောင်း၏လက်ဝါးကို ရင်ဆိုင် လိုက်လေသည်။

"ဝုန်း"



ကျယ်လောင်သော အသံနှင့်အတူ ဂူပင်း အဝေးသို့ လွင့်စဉ် သွားတော့သည်။

ဂူပင်းသည် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သော် လည်း တိန့်ချောင်းကို မယှဉ်နိုင်ခဲ့ချေ။

ကျန်းမင်နှင့် ကျန်းစွေတို့ အချင်းချင်း ကြည့်လိုက်ကြလေ သည်။

ကျန်းစွေက...

"သူ့ဆီက သံသေအမြုတေကို ပြန်ရဖို့ မျှော်လင့်ချက် မရှိ တော့ဘူး ထင်တယ်"

ကျန်းမင် အံကြိတ်လိုက်လေသည်။

"ငါ့အသက် သေချင်သေသွားစမ်းပါစေ၊ သူ့ကို ရင်ဆိုင်ရမှာ ပဲ"

တိန့်ချောင်း နှာခေါင်းရှုံ့လိုက်သည်။

"ကျန်းမင်၊ မင်းက ငါ့ကို ယှဉ်နိုင်လို့လား၊ ဘာကြောင့် မိုက် မဲချင်ရတာလဲ"

"သံသေအမြုတေကိုရယင် လောကပေါ်မှာ အကောင်းဆုံး ဓားတစ်လက်ရလိမ့်မယ်၊ ကျုပ်က သိုင်းလောကကို လွှမ်းမိုးနိုင်မှာ ပဲ"

"ဪ မင်းက သိုင်းလောကကို လွှမ်းမိုးချင်သေးတာကိုး"

"ကျုပ် ဘာကြောင့် မလုပ်နိုင်ရမှာလဲ"

"ဟိတ် နေဦး၊ သံသေအမြုတေကို ငါရထားပြီဆိုတာ မမေ့နဲ့ဦး"

"စိတ်ချ၊ ခင်ဗျားဆီက ကျုပ်ရအောင် ယူပြမယ်"

ကျန်းမင်က အံတင်းတင်းကြိတ်ကာ တိန့်ချောင်းနှင့် ရင်ဆိုင်လိုက်လေသည်။

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

တိန့်ချောင်းက...

"ကျန်းမင်၊ မင်းသေချင်နေတာပဲ"

မှန်ပေသည်။ ကျန်းမင်သည် တိန့်ချောင်းအား မယှဉ်နိုင်ခဲ့ချေ။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ပြီး မကြာမီမှာပင် ကျန်းမင်အရေးနိမ့်သွားလေတော့သည်။

"သတိထား"

ကျန်းစွေက အော်ပြောလိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

တိန့်ချောင်း၏လက်ချက်ကြောင့် ကျန်းမင်၏ခန္ဓာကိုယ်အပေါ်မြောက်တက်ကာ ခပ်လှမ်းလှမ်းရှိ ချုံပုတ်များကြားသို့ ကျသွားတော့သည်။

"ဝုန်း"



"အား"

ကျန်းစွေသည် ကျန်းမင် ခံလိုက်ရသည်ကို မြင်လျှင်ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွားတော့သည်။

သို့သော် တိန့်ချောင်းက အလွတ်မပေးပါချေ။

"ခုချိန်မှ မင်းတို့ ထွက်သွားလို့ မရတော့ဘူး"

ဟုကြုံးဝါးကာ ရုတ်တရက် ခုန်ဝင်လာပြီး တိုက်ခိုက်လိုက်လေသည်။

ကျန်းစွေ ကြောက်လန့်တကြားဖြင့် ပြန်လည်ခုခံရင်ဆိုင်ဖို့ကြိုးစားပါသော်လည်း ဘာမှမတတ်နိုင်တော့ပေ။

"ဝုန်း"

"အမယ်လေး"

တိန့်ချောင်း၏လက်ဝါးက ကျန်းစွေ၏ရင်ဝကို ရိုက်ချမိလိုက်လေသည်။

တိန့်ချောင်း၏ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ကျန်းစွေမှာ သွေးများ အန်ထုတ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

တိန့်ချောင်းလည်း တဟားဟား ရယ်မောလိုက်လေသည်။

"ခုတော့ သံသေအမြုတေအပြင် ရွှေချိုးအမြုတေကိုပါ ရတော့မှာပါလား"

ထို့နောက် ကျန်းမင် လွင့်စဉ်သွားသည့် ချုံပုတ်များဘက်သို့

လှမ်းသွားလိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျန်းစွေနှင့် ဂူပင်းတို့လူစုကား မြေပေါ် လဲကျ သေဆုံးနေကြပြီ ဖြစ်လေသည်။

တိန့်ချောင်းက ချုံပုတ်များကြားသို့ တိုးဝင်ကာ ရှာဖွေကြည့်လိုက်လေသည်။

သို့သော်…

ကျန်းမင်၏အရိပ်အရောင်ကိုပင် မတွေ့ရတော့ချေ။

တိန့်ချောင်း အံ့ဩသွားလေသည်။

“ကျန်းမင် ဘယ်ရောက်သွားတာလဲ”

ကျန်းမင်ကား ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

တိန့်ချောင်း တက်တခေါက်ခေါက် ဖြစ်နေသည်။

ပတ်ဝန်းကျင်၌ အတန်ကြာအောင် လိုက်ရှာကြည့်ပါသော်လည်း ကျန်းမင်၏အရိပ်အရောင်ကိုပင် မတွေ့ရလေသောကြောင့် တိန့်ချောင်း စိတ်ပျက်လက်ပျက် ဖြစ်သွားရလေတော့သည်။

♠ ♠ ♠



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ကျန်းစွေ၊ ဂူပင်းတို့ သေဆုံးသွားကြသကဲ့သို့ တိန့်ချောင်းသည်လည်း ကျန်းမင်ကို မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက် ထွက်သွားပြီ ဖြစ်လေသည်။

ရုတ်တရက်…

ချုံပုတ်များ၏တစ်ဘက်ရှိ ကျောက်တုံးကြီးများကြားမှ လူတစ်ယောက် ထိုးထွက်လာလေသည်။

ကျန်းမင် ဖြစ်သည်။

ကျန်းမင်သည် ကံကောင်းထောက်မကာ တိန့်ချောင်း၏လက်ထဲမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်လေသည်။

ကျန်းမင်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

တိန့်ချောင်း၏အရိပ်အရောင်ကိုပင် မတွေ့ရတော့မှ စိတ်ထဲသက်သာရာရသွားလေသည်။

ဤနေရာမှ အမြန်ဆုံး ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

“ဝေါ့”

ပါးစပ်ထဲမှ သွေးများ အန်ထုတ်ယင်း လဲကျမသွားရလေအောင် အနီးရှိ ကျောက်တုံးကြီးတစ်တုံးကို ကျောမှီထားလိုက်ရလေသည်။

တိန့်ချောင်း၏လက်ချက်ဖြင့် ဒဏ်ရာပြင်းစွာ ရရှိခဲ့ပြီ မဟုတ်ပါလား။

သူ၏သိုင်းပညာ ထက်မြက်လှသော်လည်း တိန့်ချောင်းကို မယှဉ်နိုင်ခဲ့ပါ။

ကျန်းမင် သက်ပြင်းချလိုက်သည်။

"ငါ့ဆီမှာ ရွှေချိုးအမြုတေ ရှိနေတာ ကံကောင်းတာပဲ"

ရွှေချိုးအမြုတေက သူ၏ဝေဒနာကို သက်သာပျောက်ကင်းသွားစေလိမ့်မည်။ သူ၏အသက်ကို ကယ်တင်နိုင်လိမ့်မည် ဖြစ်သည်။

ရွှေချိုးအမြုတေ ရှိနေခြင်းကြောင့်လည်း ဒဏ်ရာရမည်ကို မမှုဘဲ တိန့်ချောင်းကို ရင်ဆိုင်ခဲ့ခြင်း ဖြစ်လေသည်။

ကျန်းမင်က သိမ်းဆည်းထားသော ရွှေချိုးအမြုတေကို ထုတ်ယူလိုက်လေသည်။

ထိုစဉ်...

"ဟူး"

လေပွေ တိုက်ခတ်သည့်အလား လူတစ်ယောက် လျင်မြန်စွာ ရောက်ရှိလာပြီး ရွှေချိုးအမြုတေကို လုယူသွားလေတော့သည်။

"ဟာ"

ကျန်းမင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လုယူသွားသူကို ကြည့်လိုက်လျှင် အရက်ချိုးကြီးထင်းလွေ ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။



ကျန်းမင် မကျေမနပ် ဖြစ်သွားလေသည်။

"ခင်ဗျားကိုး၊ ကျုပ်ရဲ့ ရွှေချိုးအမြုတေကို ပြန်ပေးယင်ကောင်းမယ်"

ထင်းလွေက...

"ခင်ဗျား စကားကြည့်ပြောယင် ကောင်းမယ်၊ ရွှေချိုးအမြုတေက ခင်ဗျားနဲ့ ထိုက်တန်လို့လား"

သူက လှမ်းလာယင်း အနီးသို့ ရောက်လာသည့် ယွဲ့ဟွားကို လှမ်းပြောလိုက်လေသည်။

"မင်းရဲ့မိဘတွေကို သတ်သွားတဲ့ ကျန်းမင်ဆိုတာ သူပေါ့"

ယွဲ့ဟွား စိတ်မထိန်းနိုင်တော့ပါ။

"သေဖို့ ပြင်ထား"

အော်ငေါက်ယင်း ကျန်းမင်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ကျန်းမင်မှာ ထိပ်တန်းသိုင်းပညာရှိသူ ဖြစ်သော်လည်း ယခုအချိန် အတွင်းဒဏ်ပြင်းစွာ ရထားပြီ ဖြစ်ရာ သိုင်းပညာကို ကောင်းစွာ အသုံးမပြုနိုင်တော့ပေ။

ယွဲ့ဟွားက တရကြမ်း တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အား"

ရူးရှစွာ အော်ဟစ်ယင်း မြေပေါ် လဲကျသွားတော့သည်။

ထိုအချိန်မှာပင်…

"ဟူး…ဟူး"

လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ရှန်းဝေနှင့် ချင်းချင်းတို့ ဖြစ်လေသည်။

ရှန်းဝေက မြေပေါ် လဲကျနေသော ကျန်းမင်ကို ငုံ့ကြည့်လိုက်သည်။

"သိုင်းလောကမှာ ထင်တိုင်းကျဲခဲ့ပေမယ့် နောက်ဆုံးတော့ မရှုမလှ သေပွဲဝင်ရတာ သင်ခန်းစာယူစရာပဲ"

ဟုရေရွတ်လိုက်လေသည်။

ထင်းလွေက…

"ကျုပ်တို့ လူချင်း ခွဲခဲ့ကြပေမယ့် ပြန်ပြီး ဆုံတွေ့နေရသေးတာပဲ"

ရှန်းဝေက…

"သမားတော်ရှုယင် ကျုပ်တို့ကို ထွက်သွားခိုင်းတာ အန္တရာယ် ဖြစ်မှာ စိုးလို့ဆိုတာ ကျုပ်သိပါတယ်ဗျာ"

သူ၏စကားအဆုံးတွင်…

"ဟုတ်ပါတယ်ဗျာ၊ တိန့်ချောင်းနောက်ကို လိုက်မယ်ဆိုယင် အန္တရာယ် ဖြစ်နိုင်လို့ပါ"

စကားသံနှင့်အတူ သမားတော်ရှုယင်နှင့် ဖန်ကျင်းတို့ ရောက်ရှိလာကြလေသည်။



ထင်းလွေက…

"ကျုပ်တို့က ကျန်းမင်ဆီက ရွှေချိုးအမြုတေကို ခုလို ပြန်ရမယ်၊ မမျှော်လင့်ခဲ့ဘူးဗျ၊ ရလိုက်တာ ကံကောင်းတာပဲ"

ဖန်ကျင်း သက်ပြင်းချလိုက်သည်။

"သံသေအမြုတေ နောက်ကို လိုက်ယင်း ရွှေချိုးအမြုတေကို ရလိုက်တာ ဝမ်းသာစရာပါပဲဗျာ၊ ဒါပေမယ့် တိန့်ချောင်းက လွတ်မြောက်သွားတော့ သိုင်းလောကအတွက် စိတ်မအေးရသေးပါဘူး"

သမားတော်ရှုယင်က…

"တိန့်ချောင်းကို ရုတ်တရက် ရှာဖွေဖို့ မလွယ်သေးဘူးဆိုတော့ ကျုပ်လည်း အိမ်ပြန်ပြီး အနားယူလိုက်ဦးမယ်"

ရှန်းဝေက…

"ကျုပ်ကတော့ မိန်းကလေးချင်းချင်းကို သူ့ရဲ့ဆွေမျိုးတွေဆီကို သွားပို့ပေးဖို့ တာဝန်ယူလိုက်ပါ့မယ်ဗျာ"

အရက်အိုးကြီးထင်းလွေက ဖန်ကျင်းကို လှမ်းပြောလိုက်သည်။

"ဖန်ကျင်း၊ လေလွင့်နေတဲ့ ကျောက်ဖေးက ခုချိန်လောက်ဆိုယင် မင်းဆရာနဲ့ မိုးစွေတောင်ကြား သခင်မတို့ ပြေလည်သွားအောင် ဆောင်ရွက်ထားပြီးလောက်ပါပြီ၊ သူတို့ကလည်း မင်းနဲ့ ယွဲ့ဗှားကို ပြန်တွေ့ချင်နေမှာပါ၊ ယွဲ့ဗှားမိဘတွေ ကိစ္စကိုလည်း ဖြေရှင်းပြီးပြီမို့ မင်းတို့ မိုးစွေတောင်ကြားကို ခဏ ပြန်ကြတာ ကောင်းမယ်၊

တိန့်ချောင်း ပြန်ပေါ်လာမယ်၊ သိုင်းပြိုင်ပွဲမှာ ဒုက္ခပေးမယ်ဆိုယင် ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့"

ဖန်ကျင်း သဘောတူလိုက်လေသည်။

"ကောင်းပါပြီဗျာ"

ထို့နောက် တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ပြီး အသီးသီး လမ်းခွဲလိုက်ကြလေသည်။

သူတို့သည် ပထမတစ်ကြိမ် လမ်းခွဲခဲ့ကြသော်လည်း တိန့်ချောင်းနှင့် ကျန်းမင်တို့လူစု၏ တိုက်ခိုက်သံများ ကြားရသဖြင့် ထွက်မသွားနိုင်သေးဘဲ လိုက်လာကြယင်း ပြန်လည်ဆုံတွေ့မိကြခြင်း ဖြစ်လေသည်။

ယခုတော့ အချင်းချင်း တိုင်ပင်ကာ လမ်းခွဲလိုက်ကြလေတော့သည်။

♠ ♠ ♠



## အေးချမ်းသော တောင်ကြား

ရာသီဥတု ကြည်လင်သာယာနေချိန်တွင် မိုးစွေတောင်ကြားမှာ ပိုပြီး သာယာလှပနေသည် ဆိုနိုင်ပေသည်။

ဖန်ကျင်းနှင့် ယဲ့ဗွားတို့သည် မိုးစွေတောင်ကြားသို့ ပြန်ရောက်လာခဲ့ကြလေသည်။

တောင်ကြားထိပ်သို့ အရောက်မှာပင် စကားသံများ ကြားလိုက်ရလေသည်။

ဖန်ကျင်းတို့ ကြည့်လိုက်ကြလျှင် လူနှစ်ယောက် စကားတပြောပြောဖြင့် လှမ်းလာနေသည်ကို တွေ့ရလေသည်။

ထိုလူနှစ်ယောက်မှာ မာယွင်နှင့် ယုဝါးတို့ ဖြစ်ကြပါတော့သည်။

"ဆရာ"

ယွဲ့ဝှားက ပြေးသွားလိုက်လေသည်။

ယုဝါးသည် ယွဲ့ဝှားကို တွေ့လျှင် ဝမ်းသာသွား၏။

"ယွဲ့ဝှား၊ မင်း ပြန်ရောက်လာပြီ ဟုတ်လား"

ယွဲ့ဝှားက ယုဝါး၏ရှေ့၌ ဒူးထောက်လိုက်လေသည်။

"ဆရာ ကျွန်မမိဘတွေကို သတ်ပစ်ခဲ့တဲ့ ကျန်းမင် သေဆုံးသွားပါပြီ ဆရာ"

ယုဝါး ပြုံးလိုက်လေသည်။

"ကျန်းမင်လို လူတစ်ယောက် မရှိတော့တာ သိုင်းလောက အတွက် စိတ်အေးစရာပဲ၊ ကဲ ဆရာမာယွင်ကို ဂါရဝပြုလိုက်ပါဦး"

"ဟုတ်ကဲ့"

ယွဲ့ဝှားက မာယွင် ဂါရဝပြုလိုက်လေသည်။

မာယွင်က...

"ညီမက တပည့်ကောင်းရထားတာကိုး၊ ကောင်းပါပေတယ်ကွယ်"

ယုဝါး ကျေနပ်သွားလေသည်။

ယွဲ့ဝှားက...

"ဆရာ အစ်ကိုဖန်ကျင်းလည်း ပါလာပါတယ်"

"ဩော်"

ယုဝါးနှင့် မာယွင်တို့ လှမ်းကြည့်လိုက်လျှင် ဖန်ကျင်းက ခပ်သွက်သွက် လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။



ဖန်ကျင်းက အနီးသို့ ရောက်လာပြီး ဦးညွှတ်လိုက်လေသည်။

"ဆရာနဲ့ ဆရာမကြီးကို ဂါရဝပြုပါတယ် ခင်ဗျာ"

မာယွင်က...

"ဖန်ကျင်း၊ မင်းလည်း တပည့်ကောင်းတစ်ယောက်ပါပဲ၊ ခုဆိုယင် သိုင်းလောက အတွေ့အကြုံလည်း အတော်ရခဲ့ပြီ ထင်တယ်"

ဖန်ကျင်းက...

"ဟုတ်ပါတယ် ဆရာ"

"မင်းက သိုင်းပြိုင်ပွဲကို ဝင်ပြိုင်မယ် မဟုတ်လား"

"ကျွန်တော်.."

ဖန်ကျင်း မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

မာယွင်က...

"ဖန်ကျင်း၊ မင်းကို မိုးစွေတောင်ကြားကို ဘာကြောင့် လွှတ်လိုက်တယ်ဆိုတာ မင်းနားလည် သဘောပေါက်ပြီ ထင်တယ်"

ဖန်ကျင်းက...

"ဟုတ်ပါတယ် ဆရာ"

မာယွင်က...

"မြွေနက်မလင်ရှိဟာ အတော့်ကို ကောက်ကျစ်ပါတယ်၊ သူက ရှန်းဝေကို အသုံးချပြီး စင်းကျန်းကို သတ်ပစ်လိုက်တယ်၊ ပြီး

တော့ ကျုပ်ကို အပြစ်ပုံချခဲ့တာ"

ယုဝါးက…

"ဒေါ်ဒေါ်ကလည်း အစ်ကိုကြီးစင်းကျန်းဟာ လူဆိုးတစ်ယောက် ဖြစ်ခဲ့ပေမယ့် နောက်ပိုင်းမှာ ပြုပြင်ပြောင်းလဲပြီး လူကောင်းဖြစ်အောင် ကြိုးစားခဲ့တယ်၊ မြွေနက်မလင်ရှီကသာ အကောက်မကြံခဲ့ဘူးဆိုယင်…"

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ဖန်ကျင်း စိတ်မကောင်း ဖြစ်နေ၏။

စင်းကျန်းမှာ သူ၏ဖခင် ဖြစ်သည် မဟုတ်ပါလား။

သူ၏မိခင်ကို ယခုထိ မတွေ့ရသေးပါ။

သေသည် ရှင်သည် မသိပါ။

သိုင်းလောက အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ပြီးလျှင် မိခင်ကြီးအား လိုက်လံရှာဖွေရန် ဆုံးဖြတ်ထားလေတော့သည်။

ယုဝါးက ဖန်ကျင်းကို ဖေးမလိုက်သည်။

"ဖန်ကျင်း၊ မင်း ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ တိန်ချောင်းနဲ့ မြွေနက်မလင်ရှီကို ဆုံးမနိုင်အောင် ဒေါ်ဒေါ်တို့ ကူညီသွားမှာပါ"

ဖန်ကျင်း အံ့သြသွား၏။

ယုဝါး၏စကားက သိုင်းပြိုင်ပွဲ၌ သူ့အား ဝင်ရောက်ယှဉ်



ပြိုင်နိုင်းမည့်သဘော ရှိနေသည် မဟုတ်ပါလား။

မာယွင်က…

"ဟုတ်တယ် ဖန်ကျင်း၊ မင်းအဖေဟာ လင်ရှီရဲ့ ပယောဂကြောင့် သေဆုံးခဲ့ရတာ၊ လင်ရှီကို မင်းဆုံးမရလိမ့်မယ်၊ သူ့ကို တိန်ချောင်းက ကူညီမှာဆိုတော့ သတိတော့ ထားရလိမ့်မယ်"

ဖန်ကျင်း ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ဆရာ၊ သူတို့ကို ကျွန်တော်ဆုံးမသွားမှာပါ"

မာယွင်က…

"အေး သူတို့ကို ဆုံးမမယ်ဆိုယင် မင်းရဲ့သိုင်းပညာကို ခုထက်ပိုပြီး တိုးတက်လာအောင် ကြိုးစားရလိမ့်မယ်"

ယုဝါးက…

"ဒေါ်ဒေါ်က မင်းကို အစွမ်းကုန် ကူညီသွားမှာပါ"

ဖန်ကျင်း ဝမ်းသာသွားလေတော့သည်။

♠ ♠ ♠

ယုဝါးသည် အစ်ကိုဖြစ်သူ စင်းကျန်း၏ကိစ္စနှင့် ပတ်သက်၍ မာယွင်ကို အထင်လွဲခဲ့လေသည်။

မာယွင်နှင့် လမ်းခွဲခဲ့သည်။

ယခုတော့ မြွေနက်မလင်ရှီ၏လက်ချက် ဖြစ်ကြောင်း သိရှိသွားပြီဖြစ်သည်။

စင်းကျန်းအား လုပ်ကြံရာတွင် ပါဝင်ခဲ့သလို ဖြစ်နေသော ရှန်းဝေက စင်းကျန်းနှင့် ပတ်သက်ခဲ့သော ချုံချင်းက အဖြစ်မှန်ကို ပြောပြသဖြင့် မြွေနက်မလင်ရှီ၏ အကောက်ကြံမှုကို သိခဲ့ရလေသည်။

ရှန်းဝေသည် စိတ်ဓာတ်ကျဆင်းကာ လူသူကင်းဝေးသော နေရာတစ်ခု၌ သွားရောက်ဓာတ်မြှုပ်ခဲ့လေသည်။

ရှန်းဝေသည် မြွေနက်မကြောင့် မာယွင်နှင့် ယုဝါးတို့ လမ်းခွဲခဲ့ရကြောင်း သိရလျှင် အဖြစ်မှန်ကို ထုတ်ဖော်ဝန်ခံလိုက်လေသည်။

လေလွင့်ကြီးကျောက်ဖေးက ယုဝါးထံသို့ ကိုယ်တိုင် သွားရောက်ကာ ရှင်းပြခဲ့လေသည်။

ထိုအခါမှ ယုဝါး ယုံကြည်လက်ခံသွားတော့သည်။

မာယွင်ကလည်း မိုးစွေတောင်ကြားသို့ လိုက်လာပြီး ရှင်းပြခြင်းဖြင့် ဇနီးမောင်နှံနှစ်ယောက် ပြန်လည်သင့်မြတ်သွားခဲ့ကြလေသည်။



သိုင်းလောကအား ဒုက္ခပေးရန် ကြိုးစားနေသော လင်ရှီနှင့် တိန်ချောင်းတို့မှာ စင်းကျန်းကို ဒုက္ခပေးခဲ့ကြသူများလည်း ဖြစ်ရကား သူတို့အား ဆုံးမရန် ဖန်ကျင်းကို တာဝန်ပေးဖို့ ဆုံးဖြတ်လိုက်ကြလေသည်။

မာယွင်နှင့် ယုဝါးတို့က ဖန်ကျင်းကို သိုင်းပညာများ ထပ်မံသင်ကြားပေးကြလေသည်။

ယဲ့ဗုားနှင့် ရှန်းဝေတို့ကလည်း ဘာဆိုဘာမှ လိုလေသေးမရှိအောင် ကူညီကြလေသည်။

ကျောက်ဖေးနှင့် သမားတော်ရှုယင်တို့လည်း မကြာခဏရောက်လာကြပြီး ဖန်ကျင်းအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြလေသည်။

ဖန်ကျင်းကလည်း ဖခင်ကြီး သေဆုံးရပြီး မိခင်ကြီး ဒုက္ခရောက်ခဲ့ရသည်မှာ မြွေနက်မလင်ရှီ၏ လက်ချက်ကြောင့် ဖြစ်ကြောင်း သိရပြီးနောက် ရင်ဆိုင်ဆုံးမနိုင်ရန် အပြင်းအထန် ကြိုးစားခဲ့လေတော့သည်။

ထိုအချိန်တွင်…

♠ ♠ ♠

## အကြံတူမိတ်ဆွေ

မြောင်နယ်ခြားဒေသသို့ သွားသည့် လမ်းပေါ်၌ လူတစ်ယောက် ခရီးပြင်းနှင်နေသည်။

တိန့်ချောင်း ဖြစ်သည်။

တိန့်ချောင်းသည် သံသေအမြုတေကို ရရှိပြီးနောက် ဓားထုလုပ်ရာ၌ အလွန်ကျွမ်းကျင်သည့် မိတ်ဆွေ ပန်းပဲဆရာ ရှိနေသော မြောင်နယ်ခြားသို့ ခရီးပြင်းနှင်ခဲ့လေသည်။

သံသေအမြုတေဖြင့် ဓားကောင်းတစ်လက် ပြုလုပ်ပြီးလျှင် သိုင်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကာ အနိုင်ယူရန် သိုင်းလောကကို လွှမ်းမိုးရန် ကြံစည်ထားလေသည်။



တိန့်ချောင်း ခရီးပြင်း နှင်လာယင်း တောလမ်းတစ်နေရာသို့ အရောက်တွင် လေချွန်သံကဲ့သို့ ထူးခြားသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဘာသံတွေပါလိမ့်"

တိန့်ချောင်း ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါ မြွေအကောင်ပေါင်း များစွာ ဟိုမှသည်မှ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

"ဟာ မြွေတွေပါလား"

တိန့်ချောင်း ရင်ထိတ်သွားလေသည်။

"ခစ်..ခစ်"

ရယ်မောသံများနှင့်အတူ မြွေနက်မလင်ရှီက သစ်ပင်တစ်ပင် နောက်ကွယ်မှ ထွက်လာလေသည်။

တိန့်ချောင်း မျက်မှောင်ကုပ်သွားသည်။

"မင်းကိုး"

လင်ရှီက...

"ရှင်က မြောင်နယ်ခြားက ပန်းပဲဆရာဆီကို သွားမလို့လား ရှင့်"

"ဩော် မင်းသိနေတာကိုး"

"ရှင် အားထားနေတဲ့ ပန်းပဲဆရာက လွန်ခဲ့တဲ့ တစ်လ

လောက်ကပဲ သေသွားပြီရှင့်"

လင်ရှီ ပြုံး၍ ပြောလေသည်။

တိန့်ချောင်း မျက်နှာပျက်သွားသည်။

လင်ရှီက...

"ဒါပေမယ့် မပူပါနဲ့ရှင်၊ ကျွန်မရဲ့ အသိမိတ်ဆွေ ပန်းပဲဆရာတစ်ယောက် ရှိပါတယ်"

"မင်း..."

"သံသေအမြုတေကို ဓားကောင်းတစ်လက် ထုလုပ်ပြီးတဲ့အချိန်ကျယင် ရှင်ပဲ ရစေမယ်ဆိုတာ ကျွန်မအာမခံပါတယ်"

တိန့်ချောင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ဘာကြောင့် သည်လောက်တောင် သဘောကောင်းနေတာလဲ"

လင်ရှီက...

"ကျွန်မက သိုင်းပြိုင်ပွဲမှာ ပထမဆု လိုချင်တာ မဟုတ်ပါဘူးလေ"

"ဒါဖြင့် မင်း ဘာလိုချင်တာလဲ"

လင်ရှီက အေးတိအေးစက် ပြောလိုက်သည်။

"မာယွင်နဲ့ ယုဝါးတို့ရဲ့ အသက်ကို လိုချင်တာပါပဲ"

တိန့်ချောင်း သက်ပြင်းချလိုက်သည်။

"မင်းက ခုချိန်အထိ သူတို့ကို မကျေနပ်နိုင်သေးဘဲကိုး"



"အင်း သူတို့နှစ်ယောက်စလုံး သေဆုံးသွားကြတာကို မတွေ့ရမချင်း ကျွန်မကျေနပ်နိုင်မှာ မဟုတ်ပါဘူးလေ"

တိန့်ချောင်းက...

"ကျုပ်က မင်းကို ကူညီစေချင်တယ် ဟုတ်လား"

လင်ရှီ ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပါပဲ၊ မာယွင်တို့ ဇနီးမောင်နှံကို ဆုံးမပြီးယင် ကျွန်မတို့နှစ်ယောက် လက်တွဲပြီး သိုင်းလောကကို လွှမ်းမိုးကြတာပေါ့ရှင်"

"ဟား...ဟား...ဟား"

တိန့်ချောင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

လင်ရှီက...

"ကျွန်မတို့နှစ်ယောက် လက်တွဲလိုက်ယင် မဖြစ်နိုင်ဘူးလို့ ရှင်ယူဆနေတာလား"

တိန့်ချောင်းက...

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့ အကြံအစည်က သိပ်ကောင်းနေတာကြောင့် ကျုပ်က ဘာပြောရမှန်း မသိအောင် ဖြစ်နေရတာပါ"

လင်ရှီ ရယ်မောလိုက်လေတော့သည်။

♠ ♠ ♠

လင်ရှီသည် နာမည်ဆိုးဖြင့် သတင်းကြီးနေသူ ဖြစ်သော်လည်း ဉာဏ်ကောင်းပြီး အသုံးဝင်သည့် မိတ်ဆွေများ ရှိနေသူ ဖြစ်လေသည်။

သူမ ပြောသည့်တိုင်း မြောင်နယ်ခြားမှ ပန်းပဲဆရာကြီးထက် ပိုပြီးအစွမ်းထက်သည့် ပန်းပဲဆရာတစ်ယောက်ထံသို့ တိန့်ချောင်းကို ခေါ်ဆောင်သွားနိုင်ခဲ့လေသည်။

ပန်းပဲဆရာက သံသေအမြုတေကို မြင်လျှင် အံ့ဩမဆုံးဖြစ်နေ၏။

"ကျုပ် တစ်သက်တာမှာ သည်လောက်ကောင်းတဲ့ သံရိုင်းမျိုး မတွေ့ဖူးသေးဘူး၊ စိတ်ချ၊ သည်သံရိုင်းကို အသုံးပြုပြီး ဓားကောင်းတစ်လက် လုပ်ပေးပါ့မယ်ဗျာ"

ဟုရဲရဲကြီး အာမခံလိုက်လေသည်။

တိန့်ချောင်းက...

"သံကောင်းရလို့ ဓားကောင်းရတာ မဆန်းပါဘူး၊ မြန်မြန်ဆန်ဆန် လုပ်ပေးနိုင်ဖို့သာ အရေးကြီးတာဗျ"

"စိတ်ချစမ်းပါဗျာ၊ ကျုပ်က အမြန်ဆုံး ထုလုပ်ပေးမှာပါ"

ပန်းပဲဆရာက ပြောသည့်အတိုင်း ဖြစ်အောင် လုပ်ခဲ့သည်။

တပည့်ငါးယောက်နှင့်အတူ သံသေအမြုတေကို ရက်ပိုင်းအတွင်း ဓားကောင်းတစ်လက် ဖြစ်အောင် နေ့မအား ညမအား ထုလုပ်လေတော့သည်။



တိန့်ချောင်းနှင့် လင်ရှီတို့က ဘယ်မှမသွားကြတော့ဘဲ ပန်းပဲဆရာကြီး၏အိမ်၌ နေထိုင်ကာ ဓားထုလုပ်ပြီးစီးသည်အထိ အနီးကပ် စောင့်ကြည့်နေလိုက်ကြလေသည်။

သို့ဖြင့်...

အံ့ဩစရာကောင်းအောင်ပင် အချိန်တိုအတွင်းမှာပင် ဓားတစ်လက် ထုလုပ်ပြီးစီးသွားလေသည်။

လောကပေါ်၌ အကောင်းဆုံးဆိုသော ဓားတစ်လက်ကို ရရှိလိုက်ခြင်း ဖြစ်သည်။

တိန့်ချောင်းနှင့် လင်ရှီတို့က ထိုဓားအား 'သံသေဓား'ဟု ကင်ပွန်းတပ်လိုက်ကြလေသည်။

တိန့်ချောင်းသည် သံသေဓားကို ရရှိလိုက်သဖြင့် ဝမ်းသာမဆုံး ဖြစ်နေသည်။

"ကျုပ်လက်ထဲမှာ ဓားကောင်းတစ်လက် ရပြီဆိုတော့ သိုင်းပြိုင်ပွဲမှာ ပထမရဖို့ သေချာသွားပြီပေါ့"

လင်ရှီက...

"ဟုတ်ပါတယ်ရှင်၊ ပထမဘွဲ့ ဆွတ်ခူးနိုင်လိုက်တာနဲ့ သိုင်းလောကသားတွေဟာ ရှင့်ကို ကြောက်ရွံ့ရိုသေလေးစားလာကြမှာပဲ၊ ရှင့်ရဲ့ ဩဇာတိက္ကမ ကြီးမားလာမယ်၊ နောက်ဆုံး သိုင်းလောကတစ်ခုလုံး ရှင့်ရဲ့ ခြေဖဝါးအောက် ရောက်လာရတော့မှာပေါ့"

"ဟား...ဟား...ဟား"

တိန့်ချောင်းက ရယ်မောလိုက်လေသည်။

လင်ရှီက...

"ဒါပေမယ့် ရှင့်ကို နှောင့်ယှက်မယ့် လူတွေက ရှိနေဦးမှာပဲ၊ သူတို့နဲ့ ရှင် ရင်ဆိုင်သွားရဦးမှာပဲရှင့်"

တိန့်ချောင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က အားလုံးကို ရင်ဆိုင်သွားမယ်၊ ဒါမှ သိုင်းလောကကို လွှမ်းမိုးမယ်ဆိုတာ အဓိပ္ပါယ် ရှိတော့မှာပေါ့"

လင်ရှီက...

"ရှင့်ကို အနှောင့်အယှက်ပေးမယ့် လူတွေကို ဆုံးမမယ်ဆိုယင် အယင်ဆုံး ရှင်းပစ်ရမယ့် လူတွေကို ရှင်သိမှာပေါ့"

"သိတာပေါ့"

တိန့်ချောင်းက ပန်းပဲဆရာနှင့် တပည့်ငါးယောက်ကို ခေါ်လိုက်လေသည်။

"ခင်ဗျားတို့ ထုလုပ်ပေးထားတဲ့ ဓားဟာ တကယ့် ဓားကောင်းတစ်လက် ဟုတ်မဟုတ်ဆိုတာ သိရအောင် လက်တွေ့စမ်းသပ်ကြည့်ဖို့ ကျုပ်ဆုံးဖြတ်ထားတယ်"

ပန်းပဲဆရာက...

"စိတ်ကြိုက်သာ စမ်းသပ်ပါဗျာ၊ ပြိုင်ဘက်ကင်းတဲ့ ဓားကောင်းတစ်လက်ဆိုတာ ကျုပ် အာမခံပါတယ်"

"ကောင်းပြီ၊ ကျုပ် လက်တွေ့စမ်းသပ်လိုက်မယ်"



ထို့နောက် တိန့်ချောင်းက သံသေဓားကို အသုံးပြုကာ ပန်းပဲဆရာနှင့် တပည့်ငါးယောက်အား သတ်ပစ်လိုက်လေတော့သည်။

♠ ♠ ♠

တိန့်ချောင်းသည် သိုင်းလောက ထိပ်သီး လူထူးဆန်းဆယ်ယောက်တွင် ပါဝင်သူ ဖြစ်လေသည်။

နဂိုကပင် သူ၏သိုင်းပညာ ထက်မြက်နေသကဲ့သို့ သံသေအမြုတေဖြင့် ပြုလုပ်ထားသော ဓားကောင်းတစ်လက်ကို ရရှိလိုက်သောအခါ ကျားကို အတောင်တပ်ပေးလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

လင်ရှီက...

"ရှင်က ပြိုင်ပွဲ မဝင်ခင် ရှင့်ရဲ့ အစွမ်းအစကို သိုင်းလောကသားတွေ သိသွားအောင် ထုတ်ဖော်ဖို့တော့ လိုလိမ့်မယ်"

တိန့်ချောင်းက...

"ခင်ဗျားက ဘယ်လို လုပ်စေချင်လို့လဲ ပြောပါဦး"

လင်ရှီက...

"ရှင့်ကို မကျေနပ်တဲ့ လူတွေနဲ့ ကိုယ့်ကိုကိုယ် အထင်ကြီးနေတဲ့ လူတွေကို အယင်ဆုံး စိန်ခေါ်ပြီး ဆုံးမရမှာပေါ့ရှင့်"

တိန့်ချောင်းက...

"ဒါတော့ ခင်ဗျား မပြောလည်း ကျုပ်က သည်အတိုင်း လုပ်သွားမှာပါဗျာ"

လင်ရှီ လက်ကာပြလိုက်သည်။

"ကျွန်မ စကားမဆုံးသေးဘူးရှင့်"

တိန့်ချောင်းက...

"ဒါဖြင့် ပြောစမ်းပါဦး"

လင်ရှီက...

"သိုင်းလောကကို လွှမ်းမိုးဖို့ဆိုတာ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်ရှင့်၊ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားခဲ့ကြသူတွေ ရှိခဲ့ကြတာ ရှင်သိပါတယ်"

"ဟုတ်တယ်လေ"

"ဒါပေမယ့် ဘယ်သူကမျှ အောင်မြင်ခဲ့ဖူးကြလို့လဲရှင့်"

တိန့်ချောင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

လင်ရှီက...

"ရှင့်အလှည့်မှာတော့ အောင်မြင်အောင် ကြိုးစားရမှာပေါ့"

တိန့်ချောင်း မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချ၊ ကျုပ်ကြိုးစားသွားမှာပါ"

လင်ရှီက...

"ရှင် ဘယ်လို ကြိုးစားသွားမှာလဲ ပြောစမ်းပါဦးရှင့်"



"ကျုပ်က.."

တိန့်ချောင်း မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

လင်ရှီ ပြုံးလိုက်သည်။

"ရှင် မပြောတတ်ယင် ကျွန်မပြောပြမယ်"

တိန့်ချောင်းက လင်ရှီကို စိုက်ကြည့်လိုက်လေသည်။

လင်ရှီက...

"ကျွန်မတို့ကို အမှောင်လောကသားတွေလို့ အားလုံးက သတ်မှတ်ထားကြတယ် မဟုတ်လားရှင့်"

"ဟုတ်တယ်လေ၊ ကျုပ်တို့ကလည်း အမှောင်လောကသား လို့ သတ်မှတ်ခံရအောင် ပြုမူကျင့်ကြံ နေထိုင်ခဲ့ကြတာပဲ မဟုတ်လား"

တိန့်ချောင်းက ဝန်ခံလိုက်သည်။

လင်ရှီက...

"ရှင့်အနေနဲ့ အဖြူရောင်သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းတာနဲ့ အမှောင်လောကသားတွေကို စည်းရုံးသိမ်းသွင်းတာ ဘယ်ဟာက ပိုပြီး လွယ်ကူမယ် ထင်သလဲ"

"ဒါပြောစရာ မလိုပါဘူးလေ၊ အမှောင်လောကသားတွေကို စည်းရုံးသိမ်းသွင်းရတာက ပိုလွယ်ကူတာပေါ့"

"မှန်ပါတယ်ရှင်၊ အမှောင်လောကသားတွေဟာ ဘယ်လို စည်းကမ်းကိုမှ မစောင့်ထိန်းဘဲ ကိုယ်ကျိုးကိုပဲ ကြည့်ကြတယ်၊ ထင်

ရာစိုင်းကြတယ်၊ သူတို့ အကျိုးရှိမယ်ဆိုယင် ဘာမဆို လုပ်ဝံ့ကြတယ်၊ ဒါကြောင့် သူတို့ကို စည်းရုံးသိမ်းသွင်းမယ်ဆိုယင် လွယ်လွယ်နဲ့ရမယ်၊ သူတို့ကလည်း အကျိုးကို မျှော်ကိုးပြီး ရှင်နဲ့ ပေါင်းမှာပဲ"

လင်ရှီက တိန့်ချောင်းကို အကဲခတ်လိုက်သည်။

"ကျွန်မက ဘာကြောင့် စည်းရုံးသိမ်းသွင်းသင့်တယ် ပြောရသလဲဆိုယင် သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားတဲ့အခါ ရှင့်ကို ထောက်ခံပြီး ရှင့်ဘက်က ရပ်တည်မယ့် အင်အားစုရှိမှ အောင်မြင်နိုင်မှာမို့ပဲ"

တိန့်ချောင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ ကျုပ် ဘာဆက်လုပ်ရမယ်ဆိုတာ မင်းပဲ ပြောပါဦး"

လင်ရှီက...

"ရှင့်ကို အားလုံး လက်ခံလာအောင် ပထမဆုံး နာမည်ရှိတဲ့ အဖြူရောင်သိုင်းသမားတစ်ယောက်ကို ဆုံးမပြရလိမ့်မယ်၊ ပြီးယင် ရှင့်ကို လက်မခံတဲ့ အမှောင်လောကက လူတွေကို ဆုံးမရမယ်၊ ရှင်က သည်လို လုပ်ပြလိုက်မယ်ဆိုယင်.."

"ကောင်းပြီ၊ ကျုပ်က ဘယ်သူ့ကို အယင်ဆုံး ဆုံးမရမယ်ဆိုတာ ပြောပါဦး"

တိန့်ချောင်း မေးလိုက်ပြန်သည်။

လင်ရှီက အနည်းငယ် စဉ်းစားလိုက်ပြီး...



"ရှင်က တံပိုင်နတ်မိမယ်ကို ရွေးတာ အကောင်းဆုံးပဲ"

ထိုစကားကြားလျှင် တိန့်ချောင်း မျက်နှာပျက်သွား၏။

"တံပိုင်နတ်မိမယ် ဟုတ်လား၊ သူက ခေတာ မဟုတ်ဘူး"

လင်ရှီ ပြုံးလိုက်သည်။

"သူ့ကို ဆုံးမနိုင်မှ ရှင့်ကို လူတွေက ပိုပြီး သတိထားလာကြမှာပေါ့ရှင်၊ ပြီးတော့ ရှင်က သူ့ကို မယှဉ်နိုင်ဘူးဆိုယင် သိုင်းလောကကို လွှမ်းမိုးဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်တော့မှာလဲ"

တိန့်ချောင်း၏မျက်နှာ ခက်ထန်သွားလေသည်။

"ကောင်းပြီ၊ ကျုပ်က တံပိုင်နတ်သမီးကို ရင်ဆိုင်မယ်"

ဟုပြောလိုက်လေသည်။

လင်ရှီလည်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

♠ ♠ ♠

## သူရဲကောင်း

မိုးစွေတောင်ကြား...

သိုင်းဆရာမာယွင်နှင့် ဖနီးသည်ယုဝါးတို့က ဖန်ကျင်းအား သူတို့ တတ်မြောက်ထားသော သိုင်းပညာများကို အိတ်သွန်ဖာမှောက် သင်ကြားပေးကြလေသည်။

ဖန်ကျင်းကလည်း အစွမ်းကုန် ကြိုးစားခဲ့လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်နှင့်အမျှ ဖန်ကျင်း၏ သိုင်းပညာ တိုးတက်လာသကဲ့သို့ သိုင်းပြိုင်ပွဲလည်း တစ်စထက်တစ်စ နီးကပ်လာလေသည်။

ထိုအချိန်တွင် လေလွင့်ကြီးကျောက်ဖေးနှင့် ဆေးဆရာရှုယင်တို့ မိုးစွေတောင်ကြားသို့ အလောတကြီး ရောက်ရှိလာကြလေတော့သည်။



ယုဝါးသည် စင်းကျန်း သေဆုံးခဲ့ရသည့် ကိစ္စနှင့် ပတ်သက်ပြီး အဖြစ်မှန်ကို သိရှိသွားပြီ ဖြစ်ရာ သူမအား ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြသည့် ရှုယင်နှင့် ကျောက်ဖေးတို့အား ကျေးဇူးတင်ကာ ရင်းရင်းနှီးနှီး ဆက်ဆံနေပြီ ဖြစ်လေသည်။

"သမားတော်ကြီးနဲ့ အစ်ကိုကြီးကျောက်တို့ ရောက်လာကြတာ အကြောင်းထူးရှိပြီ ထင်တယ်"

ကျောက်ဖေးက...

"မှန်လိုက်လေဗျာ၊ တိန့်ချောင်းနဲ့ မြွေနက်မက သိုင်းလောကကို ကောင်းကောင်းကြီး ဒုက္ခပေးနေကြပြီ"

မာယွင် စိတ်ဝင်စားသွားသည်။

"သူတို့ ဘယ်လို ဒုက္ခပေးနေကြတာလဲ ပြောစမ်းပါဦးဗျာ"

ကျောက်ဖေးက...

"တိန့်ချောင်းက သံသေအမြုတေကို ဓားတစ်လက် ထုလုပ်နိုင်လိုက်ပြီလေ၊ သံသေဓားလို့ အမည်ပေးထားတယ်၊ သူ့ရဲ့ သံသေဓားက ဘယ်လောက်စွမ်းတယ်ဆိုတာ တုံဟိုင်နတ်သမီးကို သတ်ပစ်လိုက်ပြီ၊ အားလုံး သိအောင် ကြေညာလိုက်တာပဲ"

မာယွင်နှင့် ယုဝါးတို့ ထိတ်လန့်သွားကြလေသည်။

ကျောက်ဖေးက...

"ဒါတင်မကသေးဘူး၊ အမှောင်လောကကိုလည်း ဖြောင်းဆန်အောင် မွှေနှောက်လိုက်ကြသေးတယ်"

သမားတော်ရှုယင်က…

"တိန့်ချောင်းက သိုင်းလောကကို လွှမ်းမိုးချင်နေတယ်၊ သူ့အတွက် ကျောထောက်နောက်ခံ အင်အားရအောင် အမှောင်လောကသားတွေကို စည်းရုံးသိမ်းသွင်းခဲ့တာ၊ သူ့ကို လက်မခံတဲ့ လူတွေ ဒုက္ခရောက်ကြရတာပေါ့"

ယုဝါး သက်ပြင်းချလိုက်သည်။

"အမှောင်လောကသားတွေက တော်ရုံလူကို ဂရုစိုက်ကြတာ မဟုတ်ဘူး၊ သူတို့က တိန့်ချောင်းကို လက်ခံချင်ကြမှာ မဟုတ်ဘူးလေ"

မာယွင် ခေါင်းညိတ်လိုက်သည်။

"တိန့်ချောင်းက နဂါးမှန်း သိအောင် အမောက်ထောင်ပြလိုက်တာပေါ့"

ကျောက်ဖေးက…

"အမှောင်လောကမှာ နာမည်ရှိတဲ့ လူအတော်များများ ခံလိုက်ရပြီးတဲ့နောက် ကျန်တဲ့လူတွေက တိန့်ချောင်းကို လက်ခံလိုက်ရတယ်၊ တိန့်ချောင်းက အမှောင်လောကသားတွေရဲ့ ထောက်ခံမှုကို ရပြီဆိုတာနဲ့ သိုင်းလောကကို လွှမ်းမိုးနိုင်အောင် နောက်တစ်ဆင့်တက်ဖို့ ကြိုးစားတော့မှာ"

သမားတော်ရှုယင် ဝင်ပြောလိုက်သည်။

"သူက သည်လောက်တောင် လွန်ကဲလာပြီဆိုတော့ သူ့ကို



ဆုံးမမှ ဖြစ်တော့မယ်"

ယုဝါး ထောက်ခံလိုက်လေသည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်မတို့…"

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။

"ဟား…ဟား…ဟား"

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာကာ လူရိပ်နှစ်ခု ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

"ဟူး...ဟူး"

လူနှစ်ယောက်သည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးလွှားရောက်ရှိလာကြလေသည်။

လင်ရှီနှင့် တိန့်ချောင်းတို့ ဖြစ်သည်။ လင်ရှီက...

"မာယွင်နဲ့ ယုဝါးက ခေတာ မဟုတ်ဘူး၊ ဒါကြောင့် မိုးစွေတောင်ကြားထဲ ရောက်တာနဲ့ သူတို့ကို အငိုက်ဖမ်းပြီး တိုက်ခိုက်ရမယ်"

ဟုမှာကြားထားရာ တိန့်ချောင်းသည် ပြေးလွှားရောက်ရှိလာသည်နှင့် မာယွင်၊ ယုဝါးတို့အား တိုက်ခိုက်လိုက်လေတော့သည်။

"သူတို့ ရောက်လာပြီ သတိထား"

မာယွင်က အားလုံးကို သတိပေးပြီး တိန့်ချောင်းနှင့် ရင်ဆိုင်လိုက်လေသည်။

မြွေနက်မလင်ရှီက ယုဝါးအား တိုက်ခိုက်လိုက်သည်။

သူတို့ ခေါ်လာသော အမှောင်လောကသားများက ဖန်ကျင်း၊ ရှုယင်၊ ကျောက်ဖေး၊ ယွဲ့ဟွားနှင့် ရှန်းဝေတို့အား ဝင်ရောက်တိုက်ခိုက်ကြလေသည်။

အေးချမ်းသာယာနေသော မိုးစွေတောင်ကြားအတွင်း၌ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။

♠ ♠ ♠



"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

ရူးရှသော အော်ဟစ်သံများက တောင်ကြားတစ်ခုလုံး ဖုံးလွှမ်းထားလိုက်လေသည်။

မြွေနက်မလင်ရှီနှင့် တိန့်ချောင်းတို့မှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည့်အပြင် သံသေဓားကို ရရှိထားပြီ ဖြစ်ရာ မာယွင်နှင့် ယုဝါးတို့ များမကြာမီ အရေးနိမ့်သွားကြလေတော့သည်။

ကျောက်ဖေးက...

"ဖန်ကျင်း၊ မင်းဆရာနဲ့ ဆရာကတော်ကို သွားကူလိုက်ဦး"

ဟုအော်ပြောလိုက်လျှင်...

"ကောင်းပါပြီ ခင်ဗျာ"

ဖန်ကျင်းက တိန့်ချောင်းတို့ထံ ခုန်ဝင်ကာ ရင်ဆိုင်လိုက်လေသည်။

"ခွေးကောင်လေး သေလိုက်စမ်း"

တိန့်ချောင်းက ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

ဖန်ကျင်း၏သိုင်းပညာမှာ ယခင်ကထက် များစွာ တိုးတက်နေပြီ ဖြစ်၍ တိန့်ချောင်းကို ကောင်းစွာ ရင်ဆိုင်နိုင်ခဲ့လေသည်။

တိန့်ချောင်း မကျေမနပ် ဖြစ်သွားလေသည်။

"သိကြသေးတာပေ့ါ"

သံသေဓားကို အသုံးပြုကာ ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ထိုအချိန်တွင်...

"ဟိတ်"

"ယား"

ယုဝါးနှင့် မာယွင်တို့သည် သူတို့အား ဒုက္ခအမျိုးမျိုး ပေးခဲ့သည့် မြွေနက်မလင်ရှီအား တိုက်ခိုက်လိုက်ကြလေတော့သည်။

တိန့်ချောင်းသည် သူ့အား လက်ရည်တူ ယှဉ်ပြိုင်နေသည့် ဖန်ကျင်းကို သုတ်သင်ပစ်ရန် သံသေဓား အားကိုးဖြင့် ဘာကိုမှ အမှုမထားဘဲ ရှေ့တိုးကာ ထိုးသွင်းတိုက်ခိုက်လိုက်လေသည်။

ပြင်းထန်စွာ တိုက်ခိုက်နေချိန် ဖြစ်ရကား ဖန်ကျင်းမှာ တိန့်ချောင်း၏ ဓားချက်ကို မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။

"ဒုတ်"

တိန့်ချောင်း၏ သံသေဓားက ဖန်ကျင်းအား ထိုးချမိလိုက်လေသည်။

သို့သော် ဖန်ကျင်းက ရွှေပိုးမျှင်အင်္ကျီကို ဝတ်ဆင်ထားရကား ကံကောင်းသွားလေသည်။

အစွမ်းထက်လှသော သံသေဓားက ဖန်ကျင်း၏ရင်ဝကို ထိုးသွင်းမိပြီး ရွှေပိုးမျှင်အင်္ကျီကို စုတ်ပြဲသွားစေခဲ့သော်လည်း ထိခိုက်ဒဏ်ရာ မဖြစ်စေနိုင်ခဲ့ပါ။



"ယား"

ဖန်ကျင်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်ရာ လူချင်း နီးကပ်နေသဖြင့် တိန့်ချောင်း မရှောင်နိုင်တော့ချေ။

"ဝုန်း"

"အား"

ဖန်ကျင်း၏တိုက်ခိုက်မှုကြောင့် တိန့်ချောင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ထိုအချိန်တွင်...

"အမယ်လေး"

မာယွင်နှင့် ယုဝါးတို့၏ တိုက်ခိုက်မှုကြောင့် လင်ရှီ စူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

♠ ♠ ♠

တိန့်ချောင်းနှင့် လင်ရှီတို့ အမိုက်ဇာတ်သိမ်းသွားကြပြီ ဖြစ်ရာ သိုင်းလောကလည်း ပြန်လည် အေးချမ်းသာယာသွားလေသည်။

သိုင်းပြိုင်ပွဲ ကျင်းပစရာ မလိုတော့ဘဲ အားလုံးက ဖန်ကျင်းအား သူရဲကောင်းဘွဲ့ ပေးအပ်လိုက်ကြလေသည်။

မာယွင်နှင့် ယုဝါးတို့ ပြန်လည်သင့်မြတ်သွားကြလေသည်။

သူတို့၏ဘဝသည်လည်း အေးချမ်းသွားပြီ ဖြစ်လေသည်။

ဖန်ကျင်းက သိုင်းလောကအရေးကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ဝမ်းသာပျော်ရွှင်နေပြီး မိခင်ကြီးနှင့် တွေ့ဆုံနိုင်ရန် မိခင်ကြီးအကြောင်းကို သိထားသော ရှန်းဝေထံသို့ ဦးတည်သွားခဲ့လေတော့သည်။

ပြီးပါပြီ။